The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 16
တနင်္လာနေ့တိုင်းထုတ်ဝေသည်
May 9 , 2016



## Toyota မှ အသစ်ထုတ်လုပ်လိုက်သည့် Fortuner အမျိုးအစားကားသစ်အား အမေရိကန်ဒေါ်လာ ခြောက်သောင်းကျော်ဖြင့် ရောင်းချပေးမည်

|စာမျက်နှာ ၁၆|

## မှုဆယ်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေး စခန်းများတွင် တရားဝင်တင်သွင်းရန် ကျန်ရှိနေသည့် လုပ်ငန်းသုံးယာဉ်များအား ကွန်ပျူတာမှတ်တမ်းများအရ စိစစ်၍ ခွင့်ပြုပေးလျက်ရှိ

|စာမျက်နှာ ၂၀|

# ယဉ်ကျေးမှု ကုန်စည်ဖြင့် ကုန်သွယ်မှုကို မြှင့်ကြစို့



ကုန်ပစ္စည်းများကို ထုတ်လုပ်ပြီး ရောင်းဝယ်နေခြင်းများမှာ မဆန်းကျယ်ပါ။ တစ်မြို့နှင့်တစ်မြို့ တစ်နိုင်ငံနိုင်ငံ ကုန်ကူးသန်း ရောင်းဝယ်ကြသည်မှာ မထူးဆန်းပါ။ သို့ရာတွင် ယဉ်ကျေးမှုကုန်စည် Cultural Products ဆိုသည်မှာ မည်သည့်အရာနည်းဟု တွေးကြည့်ခဲ့ပါသည်။ ယဉ်ကျေးမှုဆိုသည်မှာ မိမိနိုင်ငံလူမျိုး၏ ဓလေ့ထုံးစံများပေါ်တွင် အခြေခံထားသည့် လွန်လေပြီးသောနှစ်ပေါင်းများစွာက စတင်ခဲ့သည့် ဘာသာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စများသာ ဖြစ်တတ်ပါသည်။ ကုန်ပစ္စည်းဆိုသည်မှာလည်း စားဝတ်နေရေးအတွက် အခြေခံသော ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ဖြစ်ကြပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုကုန်စည်ဟုဆိုရာတွင် ရှေးရိုးစဉ်လာမပျက် စားသောက်လာသည့် အစားအသောက်များ၊ ဝတ်စားဆင်ယင်သည့် အဝတ်အထည်များ၊ အသုံးအဆောင်များ၊ အဆောင်

|စာမျက်နှာ ၁၂|

## ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် ပို့ကုန်သွင်းကုန် ကွန်တိန်နာများ အချိန်မီ ထုတ်ယူနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိ

ပြီးခဲ့သည့် ဧပြီ ၂၃ရက်နှင့် ၂၄ ရက်တို့တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပြည်တွင်းပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စားစက်မှု လုပ်ငန်းရှင်များနှင့် UMFCCI တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မိမိတာဝန်ယူမည့် ငါးနှစ်အတွင်း ပို့ကုန်ကဏ္ဍတွင် သုံးဆအထိတိုး တက်လာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်း၏ အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက ပြည်ထောင်စုဝန်ကြီး၏ ပို့ကုန် သုံးဆ တိုးတက်အောင် လုပ်ဆောင်ရေးနှင့်ပတ်သက်သည့် မိန့်မှာချက် နှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြရာတွင် ပြည်ပသို့တင်ပို့မည်ပို့ကုန် ပစ္စည်းများအတွက် ဆိပ်ကမ်းများသို့ကုန်သေတ္တာများ ဝင်ရောက်

|စာမျက်နှာ ၂၀|

pifu myElf rS
ကျင့်သုံးနေတဲ့
oGfukfvllpif
vkfxkH;vkfenf;rsm;

|စာမျက်နှာ ၈|

## ယာဉ်ယန္တရားတင်သွင်းမှုများအား လိုင်စင်တစ်စောင်လျှင် ၁၀ စီးသာ တင်သွင်းခွင့်ပြုမည် လုပ်ငန်းလိုအပ်ချက်အရ တစ်နှစ်လျှင် အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ယာဉ်တင်သွင်းမှုများကို ကန့်သတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကန့်သတ်ချက်များအရ ယာဉ်ယန္တရားကြီးများတင်သွင်းမှုတွင် တစ်နှစ်လျှင် လိုင်စင်တစ်စောင်ကို ၁၀ စီးသာ တင်သွင်းခွင့်ပြုရန် ယာယီသတ်မှတ်ခဲ့ကြောင်း သိရသည်။

သို့သော် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်အရ အခက်အခဲများ ဖြစ်ပေါ်နိုင်ခြင်း၊ နိုင်ငံတော်အတွက်

|စာမျက်နှာ ၂၀|


Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure
THE FIRST-EVER BMW EXPO.
12-15 May 2016 | Myanmar Event Park | Yangon
THE NEXT 100 YEARS
The new BMW M3 Sedan
BMW Jump and Trial Show
The all-new BMW X6
BMW xDrive Experience
BMW Kids Course
BMW i8 Remote Control Track
ကြိုတင်လက်မှတ်များကို BMW Showroom နှင့် City Mart ဆိုင်ခွဲများတွင် ဝယ်ယူနိုင်ပါသည်။
Hotline: 01- 230 6133
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၁၆) အစည်းအဝေးသို့ တက်ရောက်



မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၁၆) အစည်းအဝေးကို မေ ၃ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ် ဧပြီ ၂၅ ရက်နေ့စွဲပါ စာအမှတ် (၉/၂၀၁၆) ဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းခွင့်ပြုခဲ့ပါကြောင်း၊ ကော်မတီ၏အဓိကလုပ်ငန်းတာဝန်များဖြစ်သော ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်သည့် မူဝါဒများချမှတ်ပြီး အမျိုးသားအကျိုးစီးပွားမထိခိုက်ရေး၊ ပြည်သူလူထုက သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ရှင်းလင်းလွယ်ကူတိကျသော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရေးစသည်များ ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ သုံးစွဲသူပြည်သူများအနေဖြင့် ဈေးနှုန်းချိုသာပြီး မှန်ကန်သောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်သလို တင်သွင်းဖြန့်ဖြူးရောင်းချတဲ့ လုပ်ငန်းရှင်များက ချမှတ်ထားတဲ့ စည်းကမ်းများ

စာမျက်နှာ ၂၁ သို့ ➲

# ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် National Trade Portal and Trade Repository တွင် Beta Version စတင်ထုတ်လွှင့်မှုကို ရှင်းလင်းသည့်အစည်းအဝေးသို့ တက်ရောက်



ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်ရာ ကုန်သွယ်ရေး နှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အထူးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၂၁ သို့ ➲

# ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ ပြည်ထောင်စုဝန်ကြီးနှင့် လုပ်ငန်းကဏ္ဍလိုက်၊ ကုန်သည်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့သီရိခေတ္တရာရတနာမြို့တော်ခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်နှင့်လုပ်ငန်းကဏ္ဍ အလိုက် ကုန်သည်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို မေ ၁ ရက်က ကျင်းပခဲ့ပါတယ်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထိုင်ထိုင်က နှုတ်ခွန်းဆက်စကားပြောကြားကာ တက်ရောက်လာသူ ကုန်သည်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကကုန်သည်လုပ်ငန်းရှင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ ခဲ့ပါတယ်။ ထိုကဲ့သို့ ဆွေးနွေးတင်ပြရာမှာ ဆန်စပါးကုန်သည်များအသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၊ စက်မှုဇုန်မှ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်များ၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း စသည်ဖြင့် ကဏ္ဍအလိုက် ကိုယ်စားပြု လုပ်ငန်းရှင်၊ ကုန်သည်များက ဆွေးနွေးတင်ပြကြသလို ပုဂ္ဂလိကလုပ်ငန်းရှင်အချို့ကလည်း ဆွေးနွေးတင်ပြမှုများ အသီးသီး ပြုလုပ်ခဲ့ကြပါတယ်။

တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေး လုပ်ငန်းရှင်များ စုစုပေါင်း ၉၈ ဦး တက်ရောက်ခဲ့ကြပါတယ်။

ခင်ဆွေဝင်း-ပြည်


**Commerce JOURNAL**

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူ

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွှန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဒိုင်အဝင်ပုံမှန်ရှိနေတာကြောင့် နွေဆန် အရောင်းအဝယ်အေး



ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ မေ ၆ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၅၅၀၀ကျပ်၊ အလတ်စ ဆန်တစ်အိတ် ၃၄၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ထိပ်စဆန်မှာ ဈေးငြိမ်နေပြီး၊ လတ်စဆန်တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးမြင့်လာပါတယ်။ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၅၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စတစ်အိတ် ၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၁၀၀၀ ကျပ်ခန့် ဈေးပိုတက်လာတာ တွေ့ရပါတယ်။ နယ်စုံမှပေါ်ဆန်းဆန်များကတော့ ထိပ်စတစ်အိတ် ၃၃၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၂၅၀၀ ကျပ်နဲ့ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်အသစ် ဈေးနှုန်းကလည်း တစ်အိတ်ကို ၄၁၅၀၀ ကျပ်မှ ၄၃၅၀၀ကျပ်နဲ့ ဈေးငြိမ်နေကြောင်း ဝါးတန်းကုန်စည်ဒိုင် ဈေးနှုန်းများအရ တွေ့ရှိရပါတယ်။ ပေါ်ဆန်းဆန်ချောများ ကုန်စည်ဒိုင်သို့ ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ် ခပ်အေးအေးသာရှိကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စဆန် တစ်အိတ် ၂၂၀၀၀ ကျပ်၊ မနောသုခရှယ် ဆန်တစ်အိတ် ၂၃၅၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်နဲ့ ဈေးနှုန်းမပြောင်းဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ နွေသီးထပ်(ရှယ်)ဆန် တစ်အိတ် ၁၈၀၀၀ ကျပ်မှ ၁၉၈၀၀ ကျပ်ဖြစ်လို့ တစ်အိတ် ၅၀၀ ကျပ်-၇၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ နွေဆန်ရက် ၉၀ ဆန်ဈေးနှုန်း တစ်အိတ် ၂၀၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်များ ကုန်စည်ဒိုင်သို့အဝင်ပုံမှန်ရှိနေပြီး အရောင်းအဝယ်မှာ အေးနေကြောင်း ရှေ့အလားအလာအနေနဲ့ အနည်းငယ်ကျရိပ်ရှိနိုင်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ ဧပြီ ၆ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်၊ မော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၄၈-၁၅၁ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၄၅-၁၄၇ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၂-၁၄၄ ယွမ်၊ အသီးသီးဖြစ်ပြီး ဧည့်မထ ၅ မှတ်၊ မော်ဘီနဲ့ စူပါ၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါ ဆန်များ ဒီတစ်ပတ်မှာတစ်ယွမ်ခန့်စီဈေးအနည်းငယ်တက်လာကြောင်း သိရပါတယ်။ တရုတ်လိုင်းမူဆယ်ရဲ့ ဆန်ဈေးကွက်အခြေအနေမှာ ဒီတစ်ရက်၊ နှစ်ရက်အတွင်း အရောင်းအဝယ်အနည်းငယ်ပြန်ဖြစ်လာကြောင်း၊ တရုတ်ဘက်မှ ဝယ်လိုအား ပုံမှန်ရှိပေမယ့် သယ်ယူပို့ဆောင်မှုအခြေအနေက ယခင်လိုပဲ အခက်အခဲများ ရှိနေသေးကြောင်း၊ တစ်ရက်ကို ပျမ်းမျှအိတ်ရေ ၃၀၀၀ -၄၀၀၀ ရှိနေပြီး မေ ၆ ရက်မှာတော့ အိတ်ရေ ၁၅၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ မေ ၆ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၇ ဒသမ ၇၈ ကျပ်ဖြစ်ကြောင်း ၊ ပြည်တွင်း နယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၂၀၉ တန်ခန့် ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၆၀၄၃ တန်ခန့် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဧပြီ ၂၉ ရက်အထိ တန်ချိန် ၂၆၃၉၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၉ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ပါ တယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁၉၀၃၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၇ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၅၉၃၉၆ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ တန်ချိန် ၇၃၆၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၂၄၃၅၄ ကျော်တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၇ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MIRT- YGN**

| ၂-၅-၂၀၁၆ မှ ၆-၅-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 126 | 6,049,913.400 |
| 2 | Form D | 32 | 2,141,875.530 |
| 3 | Form E | 67 | 1,156,965.010 |
| 4 | Korea GSP | 3 | 106,447.000 |
| 5 | Form AK | 36 | 1,494,899.266 |
| 6 | Form AJ | 8 | 340,009.070 |
| 7 | Form AI | 30 | 827,168.080 |
| 8 | Form AANZ | 1 | 680 .000 |
| 9 | Form DFTP | - | - |
| **Grand Total** | | **303** | **12,117,957.356** |

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၅-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၀ | ၄၀၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | - | - | - | ၃၆၅ | ၃၆၅ | □ | ၃၆၅ | ၃၇၅ | △ | ၃၆၅ | ၃၇၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၈၀ | △ | ၃၅၅ | ၃၅၅ | □ | ၃၃၅ | ၃၅၀ | △ | ၃၂၂ | ၃၃၀ | △ |
| ပေါင်းဆန် | ၃၉၀ | ၄၀၅ | △ | - | - | - | ၃၄၀ | ၃၅၀ | △ | - | - | - |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၅-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၃၅ | ၄၃၅ | □ | ၄၂၅ | ၄၂၅ | □ | ၄၁၅ | ၄၁၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၀ | ၄၅၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၆-၅-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၃၃၀ | ▽ | ၂၁၀၀၀ | ▽ | ၈၄၆၀ | △ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၃၆၀ | □ | ၃၂၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | △ | ၂၀၀၀၀ | □ | ၇၀၀၀ | □ | ၂၉၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၃၀၀၀၀ | □ | ၁၁၇၀၀ | □ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၄၀၀ | △ | ၂၃၀၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | △ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | ▽ | ၂၂၀၀၀ | □ | - | - | ၃၂၅၀၀ | □ |
| မန္တလေး | ၇၄၀၀ | △ | ၂၆၅၀၀ | △ | - | - | ၃၄၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၆၀၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၅၀ | □ | ၂၂၀၀၀ | □ | ၇၃၀၀ | □ | ၂၇၅၀၀ | □ |
| လှိုင်ကော် | ၆၃၀၀ | □ | ၂၆၀၀၀ | △ | - | - | ၄၃၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၆၀၀၀ | △ |
| ဘားအံ | ၅၉၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၇၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | ▽ | - | - | ၃၇၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ဆန်နဲ့ ဆန်ကွဲပိုမိုတင်ပို့

ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၄ ဒသမ ၀၀၈သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၀၉၆၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၆၈၆၅ တန်ကျော်နဲ့ ဧည့်မထဆန် တန် ၅၀၀၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၂၉၅ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၀၄ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၃၉၃၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဆန်ကွဲကိုလည်း အဆိုပါစခန်းများမှပင် တန် ၂၅၈၀ တင်ပို့ခဲ့ပါတယ်။တန်ဖိုးမှာ ကန်ဒေါ်လာ သုည ဒသမ ၈၄၃ သန်းဖြစ်ပြီး မူဆယ်မှ တန် ၂၄၅၀၊ လွယ်ဂျယ်မှ တန် ၂၀၊ ချင်းရွှေဟော်မှ တန် ၁၁၀ တင်ပို့ခဲ့ပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ကန်ဒေါ်လာ သုည ဒသမ ၃၂၉ သန်း တန်ဖိုးရှိ ဆန် ၇၉၃ တန် တင်ပို့ခဲ့ပါတယ်။စင်ကာပူနိုင်ငံသို့ ဇီယာဆန် ၁၂၄ တန်၊ ပေါ်ဆန်း ၂၄ တန်၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် တန် ၂၂၀၊ ပေါင်းဆန်တန် ၂၅၀ ၊ပေါ်ဆန်းဆန် တန်၁၀၀နဲ့ ငစိန်ဆန် ၇၅ တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်တင်ပို့မှုထက် ၆၆၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဆန်နဲ့အတူ ကန်ဒေါ်လာ သုည ဒသမ ၆၉၇ သန်းတန်ဖိုးရှိ ဆန်ကွဲ တန် ၂၅၅၀ ကို တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံသို့ တန် ၅၀ နဲ့ အီးယူနိုင်ငံများသို့ တန် ၂၅၀၀ တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာလည်း ယခင်တစ်ပတ်ထက် တန် ၂၃၅၀ ပိုမိုခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၆-၅-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၉/၄ | ၆/၅ | ပြောင်းလဲမှု | ၂၉/၄ | ၆/၅ | ပြောင်းလဲမှု | ၂၉/၄ | ၆/၅ | ပြောင်းလဲမှု | ၂၉/၄ | ၆/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၇၇၈ | ၂၈၂၅ | ▲ | - | ၂၆၆၇ | - | ၂၆၇၅ | ၂၆၇၅ | ■ | ၂၇၀၀ | ၂၆၆၅ | ▼ |
| ၂ | ပဲစင်းငုံ | - | ၂၅၁၅ | - | - | - | - | ၂၄၆၀ | ၂၄၄၀ | ▼ | ၂၄၅၀ | ၂၄၂၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၅၁၅ | ၁၄၆၅ | ▼ | - | - | - | - | ၁၇၈၉ | - | ၁၅၈၀ | ၁၆၃၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၄၀၀ | ၂၆၅၀ | ▲ | - | - | - | - | - | - | ၁၉၈၅ | ၂၀၀၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၉၆၅ | ၉၅၅ | ▼ | - | - | - | - | - | - | ၁၀၅၀ | ၁၀၅၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၆၀ | ၆၉၅ | ▲ | - | ၈၈၉ | - | ၆၃၂ | - | - | ၆၀၅ | ၅၈၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၆-၅-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၈/၄ | ၅/၅ | ပြောင်းလဲမှု | ၂၈/၄ | ၅/၅ | ပြောင်းလဲမှု | ၂၈/၄ | ၅/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၈၀ | ၁၄၉၀ | ▲ | ၁၆၈၇ | ၁၆၉၉ | ▲ | ၁၆၅၇ | ၁၆၅၄ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၃၀ | ၁၃၂၀ | ▼ | ၁၃၂၅ | ၁၃၀၈ | ▼ | ၁၃၇၀ | ၁၃၂၃ | ▼ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၉၆၄ | ၉၄၇ | ▼ | ၁၀၃၉ | ၉၉၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၈၀၀ | ▲ | ၈၅၈ | ၈၅၃ | ▼ | ၈၅၅ | ၈၂၃ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၆) မှ |
| | (၂၃.၄.၁၆)ထိ | (၃၀.၄.၁၆)ထိ | (၃၀.၄.၁၆) ထိ |
| မတ်ပဲ | ၈၂၂၇ | ၃၀၆၃၀ | ၁၃၆၆၂၇ |
| ပဲတီစိမ်း | ၁၄၁၇ | ၆၃၉၀ | ၈၀၈၅၁ |
| ပဲစင်းငုံ | ၈၉၈ | ၆၀၈၃ | ၁၀၉၀၉၁ |
| ကုလားပဲ | ၁ | ၁၄၁၉ | ၁၀၄၂၀ |
| ပဲလွန်းဖြူ | ၄၁၃ | ၈၆၄ | ၈၃၁၆ |
| မြေထောက်ပဲ | ၃ | ၁၆၈ | ၂၇၃၂ |

## စစ်ကိုင်းပဲစင်းငုံ ပုံမှန်ဈေးဖြင့် အရောင်းအဝယ်ကောင်း

မုံရွာကုန်စည်ဒိုင်သို့ နယ်စုံမှ ပဲစင်းငုံသီးနှံများ ဝင်ရောက်လျက်ရှိရာ တစ်တင်း ကျပ်ငါးသောင်းဝန်းကျင် ဈေးပေါက်ပြီး ရန်ကုန် Export ဝယ်လက်ရှိ၍လှော်လက်များကလည်း ထုတ်ရောင်းကြလို့ မုံရွာကုန်စည်ဒိုင်၌ အရောင်း အဝယ်ကောင်းဆုံးသီးနှံမှာ ပဲစင်းငုံသီးနှံဖြစ်ကြောင်း ကုန်သည်တစ်ဦးက ပြောပါတယ်။ မေလ ပထမပတ်အတွင်း မုံရွာကုန်စည်ဒိုင်၌ ပဲစင်းငုံတစ်တင်း ပေါက်ဈေး အနိမ့်ဈေး ကျပ် ၄၈၅၀၀ကျပ်၊ အမြင့်ဈေး ကျပ် ၄၈၈၀၀ကျပ်ဖြင့် တစ်ရက်လျှင် အိတ် ၁၅၀၀မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သကြံန်ပြီး ပဲတီစိမ်းသစ်များ ထွက်ပေါ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၀၁၅ -၂၀၁၆ခုနှစ် ဆောင်းသီးနှံ ပဲတီစိမ်း လျာထားစိုက်ဧက ကိုးသောင်းကျော် အနက် ဧကတစ်သိန်းတစ်သောင်း ကျော် စိုက်နိုင်ခဲ့လို့ ရာခိုင်နှုန်းအားဖြင့် ၁၁၂ ရာခိုင်နှုန်း စိုက်နိုင်ခဲ့ပါတယ်။ သကြံန်ကာလအပြီး အရည်အသွေးကောင်းတဲ့ ပဲတီစိမ်းကြီးအသစ် ထွက်ပေါ်လာလို့ မုံရွာကုန်စည်ဒိုင်သို့ ရေဦးမြို့နယ်မှ အများဆုံးဝင်ရောက်လျက်ရှိရာ တစ်တင်းကို ကျပ်၃၃၀၀၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ကြောင်း သိရပါတယ်။

မေ ပထမပတ်တွင် မုံရွာကုန်စည်ဒိုင်သို့ ပဲတီစိမ်းကြီးအသစ် တင်း ၃၀၀မှ ၅၀၀ကြား ဝင်ရောက်လျက်ရှိပြီး တစ်တင်းပေါက်ဈေး ကျပ် ၃၃၅၀၀ကျပ် မှ ကျပ် ၃၄၀၀၀ ကျပ်ကြားဈေးဖြင့် မန္တလေးဝယ်လက်နဲ့ရန်ကုန် ဝယ်လက်ရှိ၍ ဝင် ရောက်သမျှ အားလုံး အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ၂၀၁၆ ခုနှစ် မေလ ပထမပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့ မြေပဲများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)၏ နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ ပွဲစားများ၊ လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်ရာ ၂၀၁၆ ခုနှစ် မေလ ပထမပတ်အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ဈေးနှုန်းနဲ့ ဧပြီ နောက်ဆုံးပတ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

| သီးနှံအမည် | ၄-၄-၂၀၁၆ | | ၄-၅-၂၀၁၆ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းရွှေဝါ | ၁၇၄၂ | ၁၈၀၄ | - | ၁၈၃၁ |
| ပဲကြီး | ၁၁၉၅ | ၁၃၅၇ | ၁၁၇၆ | ၁၅၅၇ |
| ပဲနီပြား | ၁၀၈၆ | ၁၂၆၇ | - | ၁၁၇၆ |
| ပဲပုပ် (ရှမ်း) | - | - | ၉၇၇ | ၁၀၃၃ |
| ပဲပုပ် (ဗမာ) | - | ၉၉၅ | ၁၀၁၄ | ၁၀၃၃ |
| ပဲယင်း | ၇၀၀ | ၇၀၈ | - | ၇၅၀ |
| ထောပတ်ပဲ | ၉၇၈ | ၁၀၁၃ | ၈၈၉ | ၉၄၂ |
| ကုလားပဲဖြူလုံးကြီး | ၁၆၉၄ | ၁၆၇၇ | - | ၁၉၂၀ |
| မတ်ပဲ | - | ၂၄၆၇ | ၂၇၁၇ | ၂၇၅၀ |
| ပြောင်းဖူးစေ့ (ရှမ်း) | - | ၄၃၅ | ၄၄၀ | ၄၂၆ |
| ပြောင်းဖူးစေ့ (ဗမာ) | - | - | ၄၁၇ | ၄၂၀ |
| ပြောင်းဖူးစေ့ (CP) | ၄၃၅ | ၄၄၀ | ၄၂၆ | ၄၃၀ |
| ထွက်တိုးပြောင်း | ၅၃၈ | ၅၄၇ | ၄၉၀ | ၅၃၈ |
| ဆန်ပြောင်း | ၅၂၃ | ၅၄၀ | ၅၂၃ | ၅၄၀ |
| နှမ်းဖြူ | ၂၁၁၁ | ၂၁၇၈ | ၂၂၂၂ | ၂၂၈၉ |
| နှမ်းညို | ၁၅၅၆ | ၁၇၃၃ | ၁၇၇၈ | ၁၈၂၂ |
| နှမ်းနက် | ၂၆၆၇ | ၂၇၃၃ | ၁၆၆၇ | ၁၈၈၉ |
| နှမ်းနက် (စမုံ) | ၄၀၀၀ | ၄၂၂၂ | ၄၀၀၀ | ၄၂၆၇ |
| ပန်းနှမ်း | ၁၈၆၇ | ၁၈၈၉ | ၂၁၇၈ | ၂၂၂၂ |
| မြေပဲဆံ (S1 လုံးဆံ) | ၂၄၅၀ | ၂၇၅၀ | ၂၅၀၀ | ၂၆၅၀ |

ယခုတစ်ပတ်မှာ ပဲအများစုက ယခင်တစ်ပတ်ဈေးနှုန်းရဲ့အထက်မှာ ဈေးမာပြီး အရောင်းအဝယ် ဖြစ်ပေမယ့် တရုတ်ဝယ်လက်က ဝယ်ယူမှုနည်းပါးတဲ့အတွက် အရောင်းအဝယ်အေးပါတယ်။ ပြည်ပ (အိန္ဒိယ)ဝယ်လက်နဲ့ ရန်ကုန် ဝယ်လက်ဝယ်ယူမှုအားကောင်းတဲ့ ကုလားပဲနဲ့ မတ်ပဲများမှာ ဈေးကောင်းသလို အရောင်းအဝယ်လည်း သွက်လက်ပါတယ်။

ပြောင်းဖူးစေ့များကို ပြည်ပ (တရုတ်)သို့ တင်ပို့မှု နည်းပေမယ့် ပြည်တွင်းအစာစပ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများမှ ဝယ်ယူမှုရှိလာတာကြောင့် ဈေး နှုန်းကွာဟမှုကျဉ်းမြောင်းစွာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ နှမ်းရောင်စုံများနဲ့ မြေပဲများကို ပုံမှန်အရောင်းအဝယ်ရှိနေပေမယ့် ယခင်ကလောက် အရောင်းအဝယ်မသွက်ကြောင်း၊ မူဆယ်အတက် ကုန်စည်ပို့ဆောင်ခ အနည်းငယ်မြင့်သလို ယာဉ်ကြောပိတ်ဆို့မှုကြောင့် အချိန်နှောင့်နှေးကြန့်ကြာမှုလည်း ဖြစ်ပေါ်ကြောင်း၊ ယခုနှစ်အိန္ဒိယ၌ မိုးလေဝသဖောက်ပြန်မှု ကြောင့် သီးနှံများအထွက်လျော့နည်းနိုင်ပြီး၊ ပဲတင်သွင်းမှုပိုမိုနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ ရေရှားပါးခြင်းကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများ ရှိနိုင်သဖြင့် လယ်ယာထွက်ကုန်သီးနှံများ ဈေးနှုန်းမြင့်တက် ဖွယ်ရှိကြောင်း ကုန်သည်ပွဲစားတစ်ဦး၏ပြောကြားချက်အရသိရှိရပါသည်။

**စိုးအောင်-မန္တလေး**

## ကသာခရိုင်ဆောင်းမြေပဲအထွက်နှုန်းကောင်းပြီး ဈေးကောင်းရ

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကသာခရိုင်၊ ကသာ၊ ထီးချိုင့်မြို့နယ်များကို ဖြတ်သန်းစီးဆင်းတဲ့ ဧရာဝတီမြစ်ရိုးတစ်လျှောက် နုန်းတင်လယ်ယာမြေ များမှာ မြေပဲအများအပြား စိုက်ပျိုးထွက်ရှိတဲ့အပြင် ကျန်မြို့နယ်များဖြစ်တဲ့ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူးမြို့နယ်များမှာလည်း မဲဇာ၊ လေးတန်၊ ဒေါင်းယူးချောင်းများ နံဘေးနုန်းတင်လယ်ယာမြေပေါ် မြေပဲသီးနှံ အများအပြား စိုက်ပျိုးကြောင်း သိရပါတယ်။

ကသာခရိုင်မှာ ဆောင်းမြေပဲ စိုက်ဧက ၄၅၃၂၈ ရှိပြီး တစ်ဧကအထွက်နှုန်း အတောင့်တင်း ၁၀၀ ကျော်နဲ့ ယနေ့ပေါက်ဈေးအတောင့် တင်းတစ်ရာ ကျပ်ဆယ့်နှစ်သိန်းရှိလို့ အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်းရတယ်လို့ မြေပဲဈေးကွက်က သိရပါတယ်။

ဧပြီလအတွင်း ဧရာဝတီမြစ်ရေတိုးလာပြီး ကသာမြို့နယ်နဲ့ ထီးချိုင့်မြို့နယ်တို့မှာ မြေပဲခင်း ၂၅၀၀ ဧကကျော် ထိခိုက်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် ယခင်နှစ်အထွက်နှုန်းထက် ပိုမိုထွက်ရှိလို့ ကသာခရိုင်အတွင်း မြေပဲသီးနှံ ထွက်ရှိမှု လျော့ကျမသွားဘူးလို့ သုံးသပ်ပါတယ်။ ကသာခရိုင်ထွက် မြေပဲဆန်က အလုံးအဆန်လှပြီး ဆီထွက်ကောင်းလို့ ဆီစက်လုပ်ငန်းရှင်များ အကြိုက်တွေ့တဲ့အပြင် မြေပဲဆားလှော်လုပ်ငန်း၊ မြေပဲယိုလုပ်ငန်းများမှာပါ အသုံးများတယ်။ တစ်ခရိုင်လုံးအတွက် တင်းသိန်းငါးဆယ်ကျော် ရရှိနိုင်ပါတယ်။ ခရိုင်အတွင်းအသုံးပြုမှုက ၂၅ ရာခိုင်နှုန်းသာ ရှိနိုင်ပါတယ်။ ယနေ့မြေပဲဆီတစ်ပိဿာငါးထောင်ကျပ်ရှိလို့ ဆီစက်လုပ်ငန်းရှင်လှောင်ကုန်သည်များ လက်ရှောင်နေပေမယ့် မန္တလေးပွဲရုံများကတော့ အလုံးအရင်းနဲ့ အဆွဲများနေတယ်လို့ ဆီစက်လုပ်ငန်းရှင်များအသင်းထံမှ သိရပါတယ်။

ဆောင်းမြေပဲ စတင်စိုက်ပျိုးချိန် မျိုးမြေပဲဈေးကြီးမြင့်မှုနဲ့ ရေသွင်းစိုက်ပျိုးမှုများရှိခဲ့လို့ တစ်ဧကကုန်ကျစရိတ် ကျပ်လေးသိန်းနီးပါး ရှိခဲ့ပါတယ်။ တစ်ဧကအထွက်အတောင့်တင်း ၁၀၀ ကျော်ထွက်ပြီး ယနေ့ပေါက်ဈေး တစ်တင်း ကျပ် ၁၂၀၀၀ ဈေးနဲ့ရောင်းရတဲ့အတွက် ရှစ်သိန်းကျော် အကျိုးအမြတ်ရရှိပါတယ်။ ဒီနှစ်မြေပဲအထွက်နှုန်းနဲ့ဈေးက တောင်သူအကြိုက်ဖြစ်ပါတယ်လို့ မြေပဲတောင်သူများထံမှ သိရပါတယ်။

**ကြည်နိုင်ဦး/အင်းတော်**

Vol: 16, No.16 Monday May 9 2016

# ပြည်ပဲမျိုးစုံဈေးကွက်မှာ နှစ်စဉ် ဧပြီလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲမျိုးစုံဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ ယခုမေလဆန်းတွင် ပြည်ပဝယ်လက်ပဲအချို့ ဈေးလျော့နည်းခဲ့ပြီး၊ ပြည်တွင်း ဝယ်လက်ပဲအချို့နဲ့ လက်လီအရောင်းအဝယ်ဖြစ်တဲ့ ပဲအချို့ ဈေးမြင့်လာခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံ ပြည်ပဝယ်လက် အဓိကထားဝယ်ယူနေတဲ့ ၎င်းပဲများမှာ ဧပြီလကုန် ဈေးထက် လျော့နည်းကျဆင်းသွားခဲ့ကြောင်း သိရပါတယ်။ ဧပြီလအတွင်း နှစ်စဉ်ရောင်းဝယ်မှုဖြစ်ခဲ့တဲ့ ဈေးနှုန်းများကို သုံးနှစ်စာ နှိုင်းယှဉ်ကြည့်ရာတွင် မတ်ပဲနှင့် ပဲစင်းငုံဈေးများက ယခင်နှစ်ကထက် ဈေးကောင်းရရှိနေသလို ကုလားပဲသီးနှံကလည်း ဈေးကောင်းရပြီး၊ ပဲကြီးသီးနှံနှင့် အခြားပဲများ ကတော့ ဈေးအတက်အကျ သိပ်ကွာခြားမှုမရှိလှတာကို အောက်ဖော်ပြပါအတိုင်း တွေ့ရပါတယ်-

| ပဲအမျိုးအစား | ၂၀၁၄ ဧပြီ | | ၂၀၁၅ ဧပြီ | | ၂၀၁၆ ဧပြီ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၀၁၀၀ | ၂၁၃၀၀ | ၃၀၅၀၀ | ၃၇၅၀၀ | ၅၄၀၀၀ | ၅၅၀၀၀ |
| ပဲစင်းငုံ | ၁၉၅၀၀ | ၂၀၅၀၀ | ၃၁၀၀၀ | ၃၄၀၀၀ | ၄၇၂၀၀ | ၄၉၀၀၀ |
| ကုလားပဲ | ၁၅၁၀၀ | ၁၅၄၀၀ | ၁၇၆၀၀ | ၂၂၅၀၀ | ၃၈၅၀၀ | ၄၅၀၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၂၅၅၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၂၆၅၀၀ | ၂၈၅၀၀ |
| ပဲကြီး (ကမ်းနား) | ၂၄၀၀၀ | ၂၅၅၀၀ | ၂၀၀၀၀ | ၂၂၅၀၀ | ၂၄၅၀၀ | ၂၆၀၀၀ |
| ပဲပုပ် | ၁၉၀၀၀ | ၁၉၅၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၁၀၀၀ |

မတ်ပဲသီးနှံမှာ ပဲသစ်ပေါ်ချိန်မှစ၍ တစ်တင်း ၂၈၀၀၀ ကျပ်ခန့်ရရှိကာ ပဲအထွက်လှိုင်ချိန်မှာ ဈေးလျော့ပြီး မတ်လကုန်မှစ၍ တစ်တင်း ၃၁၀၀၀ ကျပ်ခန့်အထိ တဖြည်းဖြည်းမြင့်တက်လာပြီး၊ သင်္ကြန်မတိုင်ခင်ကာလမှာလည်း ကျပ်သုံးသောင်းစွန်းစွန်း ရရှိလာခဲ့ပါတယ်။ သင်္ကြန်ပြီးကာလမှာတော့ မတ်ပဲသီးနှံဈေးဟာ တစ်တင်း ၃၇၅၀၀ ကျပ်အထိ ဈေးမြင့်တက်လာခဲ့ကြောင်း သိရှိ ရပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလမှာတော့ တစ်တင်းကျပ်ငါးသောင်းအထက်ရရှိကာ ပိဿာ ၂၀ တစ်တင်းလျှင် ၅၅၅၀၀ ကျပ်အထိ ရရှိခဲ့ပါတယ်။ ဧပြီလအတွင်း မတ်ပဲဈေးမှာ ဈေးတရိပ်ရိပ်တက်လာခဲ့ပြီး၊ လကုန်ပတ်မှာတော့ တစ်တင်း ၅၄၀၀၀ ကျပ်ခန့်ဖြင့် ဈေးလျှော့အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မတ်ပဲဈေးဟာ ပဲသစ်ပေါ်ချိန်မှစ၍ တစ်တင်း ၅၉၀၀၀ ကျပ်ဖြင့် ဈေးကောင်းရရှိခဲ့အတွက် ဈေးကွက်မှာလည်း မတ်ပဲသီးနှံဟာ မျက်နှာပန်းလှလှနဲ့ အရောင်းအဝယ်သွက်တဲ့ပဲဖြစ်ခဲ့ ပါတယ်။ ပဲစင်းငုံသီးနှံဟာလည်း မတ်ပဲသီးနှံကဲ့သို့ပင် တစ်နှစ်ထက် တစ်နှစ်ဈေးမြင့်တက်လာခဲ့လို့ ယခုနှစ်မှာ မတ်ပဲဈေးနှုန်း နီးပါးဈေးမြင့်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ တစ်တင်း ၅၀၅၀၀ ကျပ်ခန့်ရရှိခဲ့ကာ ဖေဖော်ဝါရီ၊ မတ်လတွင် ဈေးပြန်လျော့နည်းသွားပြီး၊ ဧပြီမှာ ကျပ်ငါးသောင်းနီးပါး ပြန်လည်ရရှိလာလို့ သင်္ကြန်ပြီးကာလမှာ တစ်တင်း ၄၉၀၀၀ ကျပ်ခန့်အထိ ရရှိခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံက နှစ်စဉ်လိုလို ဈေးအေးခဲ့တဲ့ သီးနှံဖြစ်ခဲ့ပြီး၊ ယခု ၂၀၁၆ ခုနှစ်မှသာ ဈေးကောင်းရရှိခဲ့တဲ့ သီးနှံဖြစ်လာခဲ့ ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ပြည်ပသို့ အဓိက တင်ပို့ရောင်းချတဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများနည်းတူ ဈေးကောင်းရရှိလာလို့ တစ်တင်း ၃၈၅၀၀ ကျပ်မှ ကျပ် ၄၅၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပါတယ်။ ပြည်ဈေးကွက်မှာတော့ ကုလားပဲသီးနှံကို ပဲခွဲစက်လုပ်ငန်းသမားများ အဓိကထားဝယ်ယူကြပါတယ်။

ပဲကြီးသီးနှံမှာတော့ အခြားပဲများကဲ့သို့ မဟုတ်ဘဲ သုံးနှစ်စာ နှိုင်းယှဉ်မှုအရ နှစ်စဉ်နှစ်တိုင်း တစ်တင်း ကျပ် နှစ်သောင်း ငါးထောင်ဝန်းကျင်ရရှိခဲ့တာကို တွေ့ရပါတယ်။ ပဲကြီးသီးနှံကို ဒေသတွင်းပဲကြော်ဖိုလုပ်ငန်းသမားများမှ နေ့စဉ် အဝယ်ရှိခဲ့လို့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်တဲ့သီးနှံဖြစ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလဈေးနှုန်းကတော့ တစ်တင်း ၂၆၅၀၀ ကျပ်မှ ၂၈၅၀၀ ကျပ်ရရှိခဲ့ပြီး၊ သင်္ကြန်ပြီးကာလမှာ ဈေးအနည်းငယ်ပိုရလာခဲ့ပါတယ်။ ဈေးကွက်မှာ ပဲကြီး (ရွှေကျွန်း)ထက် (ကမ်းနား) ပဲက အရောင်းအဝယ်ပိုသွက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခုနှစ်အတွင်း ပဲကြီး (ရွှေကျွန်း) တစ်တင်း ၂၆၅၀၀ ကျပ်မှ ၂၈၅၀၀ ကျပ်၊ (ကမ်းနား)တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်ရရှိလို့ ကုလားပဲသီးနှံဈေးထက် ဈေးလျော့ရရှိနေသလို ယခင် နှစ်များက ဈေးထက်လည်း အတက်အကျသိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်ခဲ့တာတွေ့ရပါတယ်။

ပဲပုပ်သီးနှံသည်လည်း ပဲကြီးသီးနှံကဲ့သို့ နှစ်အလိုက် နှိုင်းယှဉ်ပါက ဈေးအတက်အကျ သိပ်မရှိတဲ့ပဲဖြစ်ကာ နှစ်စဉ် ဈေး အေးနေခဲ့တဲ့ပဲဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ တစ်တင်း ၂၀၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ် အထိသာရရှိ ပြီး၊ ယခင်နှစ်ထက် ဈေးပိုလာသော်လည်း ပဲမျိုးစုံဈေးကွက်မှာ ဈေးအေးနေတဲ့ပဲဖြစ်ခဲ့ကြောင်းတွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ပဲမျိုးစုံဈေးကွက်မှာ နှစ်စဉ်နှစ်တိုင်း ပဲပုပ်သီးနှံဈေးဟာ အခြားပဲများထက် လျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါ တယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲဆန်ဈေးကွက် ဈေးပုံမှန်ဖြစ်

ပြည်ဈေးကွက်သို့ ပဲဆန်များကို ကံမ၊ မင်းတုန်းနှင့် ရခိုင်ပြည်နယ်ဘက်မှ တစ်နေ့လျှင် အိတ် ၁၀၀၀ ခန့်အဝင် ရှိနေသေးတာ တွေ့ရပါတယ်။ မကွေး ဆီစက်များကလည်း အဝယ်ရှိနေသဖြင့် အရောင်းအဝယ်မှာ တစ်နေ့လျှင် အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိ ပါတယ်။ ယခင်နှစ် ကာလတူက ဈေးကွက်၌ မြေပဲဆန်လက်ကျန်ရှားခဲ့သဖြင့် မနှစ်ကဈေးမှာ ယခုနှစ်ဈေးထက် မြင့်နေတာတွေ့ရပါ တယ်။ မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာလျှင် ၂၁၅၀ ကျပ်နှင့် လုံးဆန်ဈေးမှာ တစ် ပိဿာလျှင် ၂၅၀၀ ကျပ်ဖြင့် ယခုတစ်ပတ်တွင် အရောင်းအဝယ် ဖြစ်နေ တာတွေ့ရ ပါတယ်။ ယခင်နှစ်တွင် မြေပဲဆန်ဈေးမှာ ဆီဆန် တစ် ပိဿာလျှင် ၂၃၅၀ ကျပ်၊ လုံးဆန်ဈေးမှာ တစ်ပိဿာလျှင် ၂၆၀၀ ကျပ်ဈေးဖြင့် ယခုနှစ်ထက် ဈေးမြင့်ခဲ့တာတွေ့ရပါ တယ်။

**ဝေဝေမင်း**

## ပြည်ထောပတ်ပဲ ဈေးငြိမ်ပြီး လက်လီအချို့အဝယ်ရှိ

ပြည်ပဲဈေးကွက်မှာ နေ့စဉ်လက်လီ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲများ အနက် ထောပတ်ပဲသီးနှံမှာ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ ထောပတ်ပဲသီးနှံရဲ့ ပဲသစ်စပေါ်ချိန် နှစ်ကုန်ပိုင်းဈေး နှုန်းမှာ တစ်တင်း ၁၇၅၀၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ပြီး ပဲအဝင်လှိုင်လာချိန်တွင် ဈေး လျော့နည်းသွားကာ တစ်တင်း ၁၄၀၀၀ ကျပ်နှုန်းဖြင့် အရောင်း အဝယ်ဖြစ် ခဲ့သော်လည်း မတ်လကုန်ပတ်တွင် တစ်တင်း ၁၅၀၀၀ ကျပ်သို့ပြန် မြင့်ခဲ့ပါတယ်။ ယခုအချိန်ထိလည်း ထောပတ်ပဲဈေးဟာ တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့်သာ ဈေး ငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးကွက်မှာလည်း ဈေးအနိမ့်ဆုံးရခဲ့တဲ့ပဲ ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်စားတော်ပဲဈေးတရိပ်ရိပ် တက်လျက်ရှိ

မေလဆန်း ပြည်ဈေးကွက်မှာ ပဲအချို့ဈေးလျော့နည်းခဲ့သော်လည်း လက်လီပဲအချို့ ဈေးမြင့်တက်ခဲ့ရာ စားတော်ပဲသီးနှံဈေးကလည်း သင်္ကြန်ပြီး ကာလမှစ၍ ဈေးတရိပ်ရိပ် တက်ခဲ့တာကြောင့် မေပထမပတ်မှာ တစ် တင်း ၄၀၀၀၀ ကျပ်အထိ ရရှိခဲ့တာကို တွေ့ရပါတယ်။ ဧပြီလကုန်မှာ တစ်တင်း ၃၇၀၀၀ ကျပ်ရရှိပြီး လက်လီပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရနေသလို ယခုတစ် ပတ်မှာ တစ်တင်းကျပ် ၃၀၀၀ ခန့်ပိုရလာလို့ ပြည်ပပဲဈေးကွက်တင်ပို့မှုရှိတဲ့ ပဲဈေးများကဲ့သို့ ဈေးကောင်းရလာပြီး တစ်ရက်အိတ် ၃၀ ကျော် ၄၀ အထိ လက်လီအဝယ်ရှိနေခဲ့ပါတယ်။ စားတော်ပဲသီးနှံရဲ့ နေ့စဉ်ဈေးနှုန်းများအရ အခြားပဲများနှင့် နှိုင်းယှဉ်ကြည့်လျှင် ပြည်တွင်းဝယ်လက်ပဲထဲမှာ နှစ်စဉ်ဈေး ကောင်းရတဲ့ပဲဖြစ်ခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲလွန်းဖြူလက်ကျန်ဈေးမြင့်လာသော်လည်း လက်လီ သာအရောင်းအဝယ်ဖြစ်

မေလဆန်းပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများ ဈေးပြန်လျော့ သွားပေမယ့် လက်လီပဲအချို့ကတော့ ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပါ တယ်။ ဧပြီလကုန်ရက်က ပဲဈေးကွက်မှာ လက်လီဝယ်လက်ဝယ်ယူမှု လောက် သာရှိတော့တဲ့ပဲလွန်းဖြူသီးနှံဟာ တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်ခဲ့ ရာမှ ယခုမေလဆန်းမှာ တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် ဈေးမြင့်တက်လာခဲ့ပါ တယ်။

သို့သော်လည်း ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲသာရှိခဲ့လို့ လက်လီသမား အနည်းငယ်အဝယ်ရှိခဲ့ပါတယ်။ ပဲပေါ် ချိန်၊ ပဲအထွက်လှိုင်ချိန်များတွင်သာ လက်လီသမားအပြင်၊ ရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲပုပ်ဈေးအေးခဲ့သော်လည်း ယမန်နှစ် ကာလတူထက် ဈေးပိုရခဲ့

ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲအဝင်မရှိတော့ဘဲ ပဲပုပ်သီးနှံသာ လက်ကျန် ရှိလို့ လက်လီဝယ်ယူမှုရှိခဲ့ပါတယ်။ ဒါကြောင့် ဈေးငြိမ်နေရာမှ ယခုမေလ ပထမပတ်တွင် ဈေးအနည်းငယ် ပိုလာခဲ့တာကို တွေ့ရပါတယ်။ တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် ယခင်လကုန်ဈေးထက် တစ်တင်းကျပ် ၁၀၀၀ ခန့် ပိုရရှိခဲ့ပါ တယ်။

ပဲပုပ်သီးနှံဈေးဟာ ယခုနှစ်အတွင်း ဈေးအေးခဲ့တဲ့ သီးနှံဖြစ်ခဲ့လို့ တစ် တင်းလျှင် ကျပ် နှစ်သောင်းအောက်သာ ရရှိနေပြီး ယခုသင်္ကြန်ပြီးချိန်မှသာ ကျပ်နှစ်သောင်း တစ်ပတ်လည်ပြန်လည်ရရှိလာခဲ့ပါတယ်။ ယခင်နှစ်က မေလ ပဲပုပ်ဈေးမှာ တစ်တင်း ၁၆၀၀၀ ကျပ်သာ ရရှိခဲ့တဲ့အတွက် ယခုနှစ် ဈေးမ ကောင်းဘူးဆိုသော်လည်း ယခင်နှစ်ဈေးထက်တော့ ဈေးပိုရခဲ့ကြောင်း လေ့ လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း

### ပြည်ချင်းဈေးနှုန်း တည်ငြိမ်ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများ ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၈၀ ခန့်အဝင်ရှိပြီး၊ ယခင်တစ် ပတ်ကထက်အဝင်နည်းလာပါတယ်။ အဝင်နည်းပေမယ့် ဈေးနှုန်းမှာတည်ငြိမ်ပြီး ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ဈေးနှုန်းမှာ ချင်းတစ်ပိဿာ(ရှယ်) ၁၂၀၀ ကျပ်၊ ၁၃၀၀ ကျပ် (ဂွန်) ၈၀၀ ကျပ်၊ ၉၀၀ ကျပ်နှင့်ဈေး ကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့ ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၁၅၀ ခန့်တင်ပို့မှုရှိတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ဧပြီ လအတွင်း ချင်း ၅၂ တန်ကျော် တင်ပို့

ဧပြီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ချင်းတင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။ ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်းမှာတော့ ချင်း ၅၂ ဒသမ ၂၅ တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဧပြီလအတွင်း ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၄၈၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## နနွင်း

### နနွင်းတက် ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁၉၆၂၇၅ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၂၆၁ တန်ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အမေရိကန်ဒေါ်လာ ၂၄၇၇၅၀ တန်ဖိုးရှိ နနွင်းတက် ၂၆၁ တန် တင်ပို့ခဲ့တာကြောင့် မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းတက် တင်ပို့မှု ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ကို မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ၈၇၇၅၀၀-၈၈၉၂၀၀ ကျပ်ဈေးအထိရှိပါတယ်။နနွင်းတက်ကို တစ်ဖက် တရုတ်နိုင်ငံမှာ ဆေးဖော်ဖို့နဲ့ အမှုန့်ပြုလုပ်ဖို့ ဝယ်ယူနေတာကြောင့် ပုံမှန်အရောင်းအဝယ်ရှိနေတယ်လို့ ကုန်စည်ဒိုင်မှတစ်ဆင့် သိရပါတယ်။

ယခုသီတင်းပတ်မှာလည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းတက်အပြင် အမေရိကန်ဒေါ်လာ ၅၇၄၅၀ တန်ဖိုးရှိနနွင်းခေါင်း ၇၆ တန်ကျော် တင်ပို့နိုင်ခဲ့တယ်လို့လည်း သိရပါတယ်။

**တင်တင်ထွန်း**

### ဘင်္ဂလားဒေ့ရှ်နဲ့ စင်ကာပူသို့ နနွင်းတန်ချိန် ၂၁၀ ကျော်တင်ပို့

ဧပြီ ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း နနွင်း ၂၁၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်သို့ ၁၁၂ တန်နဲ့ စင်ကာပူသို့ ၁၀၇ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ ၉၆ တန်သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၁၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၉၁၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လမှာ နနွင်းစုစုပေါင်း ၁၅၈၆ တန်ချိန် တင်ပို့နိုင်ခဲ့ပြီး ဧပြီလမှာ တန်ချိန်စုစုပေါင်း၁၁၇၀ကျော်တင်ပို့နိုင်ခဲ့တာကြောင့် တန်ချိန် ၄၁၀ ကျော်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

### မန်ကျည်း တန်ချိန် ၇၀၀ ကျော် တင်ပို့

ဧပြီ ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၇၄၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ ၁၇၅ တန်၊ ပါကစ္စတန်သို့ ၄၂၃တန်၊ စင်ကာပူသို့၉၅ တန်နဲ့ ဗီယက်နမ်သို့ တန်ချိန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း တန်ချိန်၁၂၀ သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၂၀ ကျော်တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၂၅၉၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

ဧပြီလအတွင်း မန်ကျည်းစုစုပေါင်း ၁၄၉၃ တန် တင်ပို့နိုင်ခဲ့ပြီး တင်ပို့ခဲ့တဲ့ နိုင်ငံများမှာ စင်ကာပူ၊ ပါကစ္စတန်၊ မလေးရှား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ် စတဲ့နိုင်ငံတွေကို တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ စုစုပေါင်း ကန်ဒေါ်လာ ၄၇၈၁၄၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်မန်ကျည်းမှည့် ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ပုံမှန်ဝင်ရောက်နေတဲ့ ကျီးသဲ၊ ကြံခင်း၊ ထုံးဘိုဘက်မှ ပွဲရုံများမှ မန်ကျည်းမှည့်များ ပြည်ဈေးကွက်သို့ ဈေးငြိမ်ပြီး ဝင်ရောက်နေတာ တွေ့ရပါတယ်။ ဒေသတွင်း အရောင်းအဝယ်နှင့် ရခိုင်ဝယ်လက်တို့ရှိနေတာကြောင့် နေ့စဉ်ပိဿာချိန် ၂၅၀ ကျော်အရောင်းအဝယ်ရှိနေပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် (ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒေသတွင်း (လက်လီဈေး)ကတော့ ၂၀၀၀ ကျပ်ဖြစ်ပါတယ်။ ဒေသစုံ၊ နယ်စုံတွေမှာလည်း မန်ကျည်းမှည့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ရခိုင်ဘက်သို့ နေ့စဉ်ပိဿာချိန် ၂၀၀ ပုံမှန်တင်ပို့လျက်ရှိနေကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**



## ကြက်သွန်

### ယခုလအတွင်း ပခုက္ကူခရိုင်မှာ ကြက်သွန်နီဈေးများ အနည်းငယ်ပြန်လည်မြင့်တက်

မကွေးတိုင်းဒေသကြီး ပခုက္ကူ ခရိုင်အတွင်းရှိ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရာ ဒေသများဖြစ်တဲ့ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူ မြို့နယ်များတွင် ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများ မတ်လ ပထမပတ်မှစ၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခဲ့ရာတွင် ပင်ရင်းလက်ကားဈေးအနေဖြင့် တစ်ပိဿာလျှင် ထိပ်စ ၅၀၀ ကျပ်၊ အလတ်စ ၄၅၀ ကျပ်နှင့် အောက်စ ၃၇၀ ကျပ် ဈေးနှုန်းများဖြင့် အဖွင့်ဈေးရရှိခဲ့ပါတယ်။ ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ဆောင်းကြက်သွန်နီ (ပင်စိုက်) များ စိုက်ပျိုးချိန်တွင် ယခင်မိုးစိုက်(ဥစိုက်) ကြက်သွန်နီများ ဈေးကောင်းရရှိလျက်ရှိရာ ပင်ရင်း လက်ကားဈေးတစ်ပိဿာလျှင် ထိပ်စ ၂၄၀၀ ကျပ်၊ အလတ်စ ၁၄၀၀ ကျပ်နှင့် အောက်စ ၁၀၀၀ ကျပ်ရရှိ၍ ဆောင်းစိုက်(ပင်စိုက်) များကို ဈေးကောင်းမျှော်မှန်းလျက် တိုးချဲ့ စိုက်ပျိုးလာကြပါတယ်။

တောင်သူများအနေဖြင့် တက်ဈေးကို မျှော်မှန်းခဲ့ကြသော်လည်း ကြက်သွန်နီစတင်ပေါ်သည်မှ မတ်လနောက်ဆုံးပတ်အတွင်း ဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းလာရာ ပင်ရင်းလက်ကားဈေးမှာ တစ်ပိဿာလျှင် ထိပ်စ ၃၅၀ကျပ်၊ အလတ်စ ၂၅၀ ကျပ်၊ အောက်စ ၂၀၀ ကျပ်အထိ ဈေးနှုန်းကျဆင်းခဲ့ရာ ကြက်သွန်နီ တစ်ပိဿာ ကုန်ကျစရိတ် (၂၇၅ကျပ်၊ ၃၀၀ကျပ်၊ ၃၂၅ ကျပ်၊ ၃၅၀ကျပ်) များနှင့် နှိုင်းယှဉ်ကြည့်လျှင် ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဆိုသကဲ့သို့ အကျိုးအမြတ်ဖြစ်ထွန်းမှု မရှိဘဲ အရှုံးဘက်သို့ ဦးတည်ရင်ဆိုင်ခဲ့ရသော်လည်း သင်္ကြန်မတိုင်မီ ဈေးတက်လာမည်လားဟု မျှော်လင့်စောင့်စားခဲ့ကြရသော်လည်း ကြက်သွန်နီဈေးနှုန်းမှာ ပုံမှန်အတိုင်း ဈေးငြိမ်လျက်ရှိနေခဲ့ပါတယ်။

ဒါပေမယ့် သင်္ကြန်အပြီး ဧပြီလနောက်ဆုံးပတ်မှ စတင်၍ တောင်သူများမျှော်မှန်းချက်ပြည့်ဝလာသည်ဟုဆိုရမလိုပင် သင်္ကြန်မိုးနှင့်အတူ တရိပ်ရိပ်တက်လာသော ကြက်သွန်နီဈေးမှာ ယခုအခါတွင် လက်ကားဈေး တစ်ပိဿာလျှင် ထိပ်စ ၅၀၀ ကျပ်၊ အလတ်စ ၄၀၀ ကျပ်နှင့် အောက်စ၃၅၀ ကျပ်ရရှိရာ တစ်နေ့လျှင် ပိဿာချိန် ၇၀၀၀၀ မှ ၈၀၀၀၀ ကြားအထိ ဝင်ရောက်လျက်ရှိပါတယ်။

လက်လီဈေးအနေဖြင့် တစ်ပိဿာ လျှင် ထိပ်စ ၈၀၀/ ၇၀၀ ကျပ်၊ အလတ်စ ၆၅၀/၆၀၀ ကျပ်နှင့် အောက်စ ၅၀၀/၄၅၀ ကျပ် များရှိ၍ စားသုံးသူပြည်သူများအနေဖြင့် သင့်တင့်လျောက်ပတ်သောဈေးဟု ဆိုရမည်ဖြစ်၍ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူများနဲ့ ဝယ်ယူစားသုံး သူများကြားတွင် ဖြစ်ပေါ်နေတဲ့ ကြက်သွန်နီဈေးမှာ နှစ်ဦးနှစ်ဖက် သင့်တင့်မျှတလျက်ရှိကြောင်း သတင်းရရှိပါတယ်။

**ချယ်ရီမြင့်-ပခုက္ကူ**



### ပြည်ကြက်သွန်နီ ဈေးအနည်းငယ်မြင့်

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများ အနည်းငယ်မြင့်တက်သွားပါတယ်။ ယခုတစ်ပတ်မှစ၍ တရုတ်နိုင်ငံသို့ တင်ပို့နေကြောင်းသိရပြီး ပြည်ပဝယ်လက်များအနေနဲ့ ကြက်သွန်ထွက်ရှိရာ အောင်လံမြို့နယ်သို့ တိုက်ရိုက်ကွင်း ဆင်းဝယ်ယူနေသည့်အတွက် ဈေးနှုန်းများမြင့်တက်သွားသလို ပြည်ဈေးကွက်သို့ပင် ကြက်သွန်နီ ဝင်ရောက်မှုနည်းသွားကြောင်း သိရပါတယ်။ ပြည်ပွဲရုံများအနေနဲ့ ဒေသတွင်း အရောင်းအဝယ်မှာတော့ တစ်နေ့ကို အိတ် ၂၅၀ ခန့်နှင့်ပုံမှန်သာရှိပြီး ဈေးနှုန်းအားဖြင့် တစ်ပိဿာကို လက်ကား(ကြီး) ကျပ်၅၀၀၊ (လတ်) ကျပ် ၄၅၀၊ (သေး) ကျပ် ၄၀၀ တို့ဖြစ်၍ လက်လီဈေးမှာ ကြီးလတ်အရော(ဂွန်) ၅၅၀-၆၀၀ ကျပ်၊ (သေး) ၄၅၀-၅၀၀ ကျပ်တို့နှင့် ရောင်းဝယ်လျက်ရှိနေပါတယ်။

ပြည်ဒေသထွက် မော်ဇာကြက်သွန်နီများလည်း မြို့တွင်းလက်လီဈေးကွက်များတွင် စိုက်ပျိုးသူတောင်သူမှ စားသုံးသူဆီ တိုက်ရိုက်ရောင်းချမှုများလည်း ဆက်လက်ရှိနေပြီး မော်ဇာကြက်သွန်အနေနဲ့ တစ်ပိဿာကို ကြီးလတ်(ဂွန်) ၅၀၀ ကျပ်နှုန်းဖြင့် တစ်ပိုင်တစ်နိုင်ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ-ပြည်**

# စင်ကာပူနိုင်ငံမှာ ကျင့်သုံးနေတဲ့ သွင်းကုန်လိုင်စင်လုပ်ထုံးလုပ်နည်းများ

| ချိုသက်မှူ |

မြန်မာနိုင်ငံအနေနဲ့ ပြုပြင်ပြောင်းလဲမှုများကို အစိုးရသစ်နဲ့အတူ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ နိုင်ငံရဲ့စီးပွားရေးကို အဓိက အထောက်အကူပြုနေတဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ကလည်း အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ကုန်သွယ်မှုတွေ တိုးတက်ခြင်းမှသည် ပြည်သူများရဲ့လူနေမှုဘဝတွေလည်း မြင့်တက်မှာဖြစ်လို့ မိမိနိုင်ငံရဲ့ အလားအလာရှိတဲ့ ထုတ်ကုန်တွေကို အရည်အသွေးမီ၊ အဆင့်အတန်းမြင့်စွာ ထုတ်လုပ်တင်ပို့နိုင်ဖို့ တွန်းအားပေးနေသလို ကုန်သွယ်မှုမှာဖြစ်ပေါ်နေတဲ့ အတားအဆီးများ ဖြေလျှော့ခြင်းတွေကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒီလို ဖြေလျှော့မှုတွေဆောင်ရွက်တဲ့နေရာမှာ မိမိတို့နိုင်ငံအနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရဲ့ အဖွဲ့ဝင် အနေနဲ့လည်းကောင်း၊ အာဆီယံအဖွဲ့ဝင် အနေနဲ့ပါ သဘောတူညီထားတဲ့ သဘောတူညီချက်များ၊ ဒီအဖွဲ့အစည်းတွေက ချမှတ်ထားတဲ့ စည်းကမ်းချက်များနဲ့ လိုက်လျောညီထွေ ဖြစ်ဖို့ဟာလည်း အဓိကကျ နေပါတယ်။

ကုန်သွယ်ရေးမူဝါဒဆိုင်ရာလုပ်ငန်းများနဲ့ ပတ်သက်လို့ တာဝန်ထမ်းဆောင်သူ အနေနဲ့ လက်ရှိကျင့်သုံးနေတဲ့ ကုန်သွယ်ရေးမူဝါဒတွေဟာ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ ဒေသတွင်းအဖွဲ့အစည်းများရဲ့ စည်းမျဉ်းတွေနဲ့ လိုက်လျောညီထွေဖြစ်၊ မဖြစ် လေ့လာရသလို အခြားနိုင်ငံတွေရဲ့ ဆောင်ရွက်မှု အနေအထားကိုလည်း လေ့လာရပါတယ်။ အဲဒီ လေ့လာမှုထဲက သွင်းကုန်လိုင်စင်နဲ့ ပတ်သက်ပြီး စင်ကာပူနိုင်ငံမှာ ကျင့်သုံးနေတဲ့ သွင်းကုန်လိုင်စင်လုပ်ထုံးလုပ်နည်းများကို ပထမဆုံးအနေနဲ့မျှဝေ ပေးချင်ပါတယ်။

စင်ကာပူနိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့သွင်းကုန်လိုင်စင် လုပ်ငန်းစဉ်များ ဆိုင်ရာ သဘောတူညီချက်၊ အာတီကယ် (၇-၃) ပါပြဋ္ဌာန်းချက်အရ သူ့နိုင်ငံရဲ့ သွင်းကုန်လိုင်စင်လုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ပတ်သက်လို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ သွင်းကုန်လိုင်စင်ဆိုင်ရာကော်မတီကို အကြောင်းကြားပေး ပို့ခဲ့ပါတယ်။ အဲဒီအစီရင်ခံစာအရ စင်ကာပူနိုင်ငံရဲ့ မူဝါဒဟာ သွင်းကုန်လိုင်စင် စနစ်ကို အနည်းဆုံးဖြစ်စေဖို့ ဖြစ်ကြောင်း၊ သွင်းကုန်လိုင်စင်လုပ်ထုံးလုပ်နည်းများဟာ နိုင်ငံတကာသဘောတူညီချက်များအရ စင်ကာပူနိုင်ငံရဲ့ လိုက်နာရမယ့် တာဝန်များကိုဖြည့်ဆည်းဖို့ သို့မဟုတ် ကျန်းမာရေး၊ ဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ နိုင်ငံတော်လုံခြုံရေးတို့အတွက် သေချာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်များပြည့်မီစေဖို့ ဆောင်ရွက်ကြောင်း ဖော်ပြထားပါတယ်။ ဒီအချက်ကတော့ WTO နဲ့ အာဆီယံတို့ရဲ့ သွင်းကုန်လိုင်စင်ဆိုင်ရာ ကတိကဝတ်ဖြစ်တဲ့ Non commercial

> စင်ကာပူနိုင်ငံရဲ့ မူဝါဒဟာ သွင်းကုန်လိုင်စင်စနစ်ကို အနည်းဆုံးဖြစ်စေဖို့ ဖြစ်ကြောင်း၊ သွင်းကုန်လိုင်စင်လုပ်ထုံးလုပ်နည်းများဟာ နိုင်ငံတကာသဘောတူညီချက်များအရ စင်ကာပူနိုင်ငံရဲ့ လိုက်နာရမယ့် တာဝန်များကိုဖြည့်ဆည်းဖို့ . . .

purpose ဖြစ်ရမယ်ဆိုတဲ့အချက်နဲ့အညီ ဆောင်ရွက်တယ်ဆိုတာကို ဖော်ညွှန်းတာဖြစ်ပါတယ်။

စင်ကာပူရဲ့ လိုင်စင်စနစ်မှာ Automatic import licensing နဲ့ Non-automatic import licensing ဆိုပြီး ကုန်စည်အမျိုးအစားများ ခွဲခြားထားကာ ကုန်စည်အမျိုးအစားအလိုက် သွင်းကုန်လိုင်စင်ခွင့်ပြုပေးတဲ့ ဥပဒေ၊ စည်းမျဉ်းများနဲ့ စီမံခန့်ခွဲထိန်းချုပ်တဲ့ အဖွဲ့အစည်းများကိုပါ ဖော်ပြထားတာတွေ့ရပါတယ်။ အော်တိုမက်တစ်သွင်းကုန်လိုင်စင်စနစ်မှာ CD, CD-ROM, VCD, DVD အစရှိတဲ့ မူရင်းနဲ့ ပုံတူပွားထားတဲ့ ပစ္စည်းများတင်သွင်းခြင်းနဲ့ပတ်သက်လို့ Regulation of Imports and Exports မှာ ပြဋ္ဌာန်းပြီးအကောက်ခွန်ဌာနမှ ထိန်းချုပ်ကြောင်း၊ ဖလင်၊ ဗီဒီယိုနဲ့ ဗီဒီယိုဂိမ်းများ၊ စာအုပ်၊ မဂ္ဂဇင်း၊ ပုံ ၊ ဓာတ်ပုံအစရှိတဲ့ ထုတ်ဝေမှုပစ္စည်းများနဲ့ပတ်သက်လို့ Film Act and its Regulations နဲ့ Undesirable Publications Act တို့မှာ ပြဋ္ဌာန်းထားပြီး Media Development Authority ကနေ ထိန်းချုပ်တယ်လို့ဖော်ပြထားပါတယ်။

Non-automatic import licensing စနစ်မှာတော့ တိရစ္ဆာန်၊ အပင်၊ အန္တရာယ်ရှိ တိရစ္ဆာန်၊ အပင်၊တိရစ္ဆာန်ကုဆေး၊ လတ်ဆတ် ဟင်းသီးဟင်းရွက်၊ ငါးနဲ့ငါးထုတ်ကုန်၊ အရေးကြီးဆောက်လုပ်ရေးပစ္စည်း (သဲ၊ နှမ်းဖတ်ကျောက်)၊ ဘိန်းစေ့၊ ထိန်းချုပ်ထားသည့် ပစ္စည်း၊ စိန်ကြမ်း၊ ဓာတုလက်နက် ညီလာခံအရ ထိန်းချုပ်တဲ့ ဓာတုပစ္စည်းများ၊ အဆိပ်ဥပဒေအရ ပြဋ္ဌာန်းထားတဲ့ သဘာဝဓာတ်ငွေ့ပါဝင် ပစ္စည်းများ၊ ထိန်းချုပ် ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးရွက်ကြီးထွက်ကုန်၊ ဆေးဖက်ဝင်သောပစ္စည်းများ၊ တရုတ်ဆေးများ၊ ထိန်းချုပ်ထားတဲ့ ဆက်သွယ်ရေးကိရိယာများ၊ ဆန်၊ ဇီဝဗေဒဆိုင်ရာပစ္စည်းများ၊ အရောင်၊ ဒီဇိုင်း၊ အတုအပပါဝင်တဲ့ ကုန်ပစ္စည်းနဲ့ ရောင်းကုန်၊ စင်ကာပူ ငွေကြေး ဒီဇိုင်းပါဝင်တဲ့ ပစ္စည်းများ၊ အန္တရာယ်ရှိ ပစ္စည်းများ၊ အိုဇုန်းလျော့နည်းစေတဲ့ ပစ္စည်းများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ၊ လက်နက်၊ ခဲယမ်းအစရှိသည်တို့ ပါဝင်ပြီး ကုန်စည်အမျိုးအစားအလိုက် ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်းမျဉ်းများနဲ့ အတူစီမံကွပ်ကဲထိန်းချုပ်တဲ့ အဖွဲ့အစည်းများ၊ ဌာနများကို ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေဖို့ ယှဉ်တွဲဖော်ပြထားတာ ကိုလည်း လေ့လာတွေ့ရှိရပါတယ်။

လိုင်စင်လုပ်ထုံးလုပ်နည်းနဲ့ ပတ်သက်လို့ ကန့်သတ်ထားတဲ့ ပစ္စည်းများရဲ့ သတင်းအချက်အလက်များကို သက်ဆိုင်ရာ ဝက်ဘ်ဆိုက်များမှာ ဖော်ပြထားပါတယ်။ ဥပမာအားဖြင့် ဓာတုလက်နက်ကွန်ဗင်းရှင်းအရ ထိန်းချုပ်တဲ့ ပစ္စည်းများစာရင်းကို အကောက်ခွန်ဝက်ဘ်ဆိုက်မှာလည်းကောင်း၊ ဆန်တင်သွင်းမှုနဲ့ ပတ်သက်လို့ rice.lesingapore.gov.sg မှာလည်းကောင်း၊ အိုဇုန်းလျော့နည်းစေတဲ့ ကုန်ပစ္စည်းများတင်သွင်းမှု၊ အရည်အဖြစ်ပြုလုပ်ထားတဲ့ သဘာဝဓာတ်ငွေ့တင်သွင်းမှု၊ အန္တရာယ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းတင်သွင်းမှုတို့နဲ့ ပတ်သက်လို့ သက်ဆိုင်ရာဝက်ဘ်ဆိုက်တွေအလိုက် ဖော်ပြထားတယ်လို့လည်း ရှင်းလင်းထားပါတယ်။

WTO အနေနဲ့ ကိုတာသတ်မှတ်မှုကို အားမပေးပေမယ့် နိုင်ငံတော်လုံခြုံရေးနဲ့ ဘေးအန္တရာယ်များအတွက် ခြွင်းချက်များလည်းရှိတဲ့ အတွက် စင်ကာပူနိုင်ငံရဲ့ ကန့်သတ် ကုန်စည်များ အပေါ် စည်းကြပ်ထားတဲ့ ကိုတာနဲ့ပတ်သက်လို့ CWC (Chemical Weapons Convention)အစီအစဉ် -၁ အရ ဓာတုပမာဏအများဆုံးကို တစ်နှစ်လျှင် တစ်တန်အဖြစ်လည်းကောင်း သတ်မှတ်ထားပြီး ဆန်တင်သွင်းမှုအတွက် အများဆုံးကိုတာ သတ်မှတ်ထားခြင်းမရှိပေမယ့် ဆန်အတွက် Stockpile scheme ထားရှိပြီး အဲဒီအစီအစဉ်အရ ဆန်သိုလှောင်မှုအစီအစဉ်ထားရှိရမှာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ အရည်အဖြစ်ပြုလုပ်ထားတဲ့ သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်လို့ BG Singapore Gas Marketing(BGSGM) ဟာ စင်ကာပူနိုင်ငံအတွက် ၂၀၂၃ ခုနှစ်အထိ exclusive right အနေနဲ့ တစ်နှစ်ကို သုံးတန်အထိ ရောင်းချခွင့်ရရှိတဲ့ စုပေါင်းရောင်းချသူ (sole aggregator) ဖြစ်ကြောင်း၊ BGSGM ကို နှစ်ကြိမ် ရွေးချယ်မှုလုပ်ငန်းစဉ်ပြီးမှသာ စုပေါင်းရောင်းချသူအဖြစ် ခန့်အပ်တယ်လို့လည်းသိရပါတယ်။

CWS Scheduled chemicals တင်သွင်းဖို့အတွက် လိုင်စင်လျှောက်ထားမှုကို အကောက်ခွန်ဌာန ညွှန်ကြားရေးမှူးချုပ်မှ အတည်ပြုပေးကြောင်း၊ ဆန်လိုင်စင် လျှောက်ထားမှုကို International Enterprise Singapore(IES) မှ ဆောင်ရွက်ပေးကြောင်း၊ Ozone Depleting Substances (ODS) ကုန်ပစ္စည်း တင်သွင်းဖို့ လိုင်စင် လျှောက်ထားမှုကို National Environment Agency မှ အတည်ပြု ပေးကြောင်းနဲ့ ကိစ္စရပ် အားလုံးအတွက် တင်သွင်း သူဟာ အုပ်ချုပ်မှုဆိုင် ရာအဖွဲ့အစည်းတစ်ခုထက် ပိုမိုသွားရောက်ရန်မလိုကြောင်းကိုလည်း အတိအလင်းဖော်ပြထားတာ တွေ့ရပါတယ်။

**(ဆက်လက်ဖော်ပြသွားပါမည်)**

# 3rd HORECA Bizmatch Fair ကို မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပမည်




ထိုင်းနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း စီမံခန့်ခွဲမှုအသင်းမှ ကြီးမှူး ကျင်းပမည့် 3rd HORECA Bizmatch Fair ကို မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်တွင် မေ ၁၁ ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်တွင် မေ ၁၂ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြပွဲတွင် ထိုင်းနိုင်ငံမှခေတ်မီဟိုတယ် လုပ်ငန်းသုံးဆိုင်ရာ ပစ္စည်း များ၊ အစားအစာနှင့်အဖျော်ယမကာလုပ်ငန်းစသည်တို့နှင့် ဆက်စပ်နေသည့် အသုံးအဆောင်၊ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ချိသူများ၊ အဆောက်အအုံဒီဇိုင်းနှင့်လုပ်ငန်းထိန်းချုပ်မှုစနစ်ပရိုဂရမ်ရေးဆွဲသူများ၊ အွန်လိုင်းဈေးကွက်ရှာဖွေသည့် ပံ့ပိုးဝန်ဆောင်မှုပေးသူများ စသည့် ထိပ်တန်းထိုင်းကုမ္ပဏီပေါင်း ၂၀ခန့် လာရောက်၍ ဆွေးနွေးပြသကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို ၂၀၁၄ခုနှစ်ဧပြီလအတွင်းက တစ်ကြိမ်၊ ၂၀၁၅ခုနှစ်ဧပြီလအတွင်းက တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် လာရောက်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ဟိုတယ်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ အဖျော်ယမကာလုပ်ငန်းရှင်များစသည့် ပြပွဲနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်တစား လာရောက်ခဲ့ကြကြောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ Minister Councellor (Commercial)ဖြစ်သူ Mr. Pakainay Leng-EE က ပြောကြားခဲ့သည်။

"၂၀၁၄ခုနှစ် ဧပြီလအတွင်းက ပြသခဲ့တဲ့ပြပွဲကပထမဦးဆုံးအကြိမ်ပြသခဲ့တဲ့ပွဲပါ။ အဲဒီပွဲမှာ ဟိုတယ်နဲ့အစားအသောက်ဆိုင်ရာလုပ်ငန်းရှင်ပေါင်း ၃၀၀ လောက် တက်ရောက်ခဲ့ပါတယ်။ ၂၀၁၅ခုနှစ်ဧပြီလအတွင်းမှာ ကျင်းပခဲ့တဲ့ပွဲမှာတော့ လုပ်ငန်းရှင်ပေါင်း ၄၅၀ ကျော်လောက် တက်ရောက်ခဲ့ပါတယ်။ ဒီနှစ်မှာကျင်းပမယ့်ပွဲမှာတော့ လုပ်ငန်းရှင်ပေါင်း ၁၀၀၀ လောက်တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံးမှ Minister Councellor(Commercial) ဖြစ်သူ Mr. Pakainay Leng-EE က ပြောကြားခဲ့သည်။

## ဓာတ်ဆီ/ဒီဇယ်



### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် အဝင်နားခဲ့

ဧပြီ ၂၄ ရက်မှ ၃၀ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း လမ်းမှ ဒီဇယ်ရောဓာတ်ဆီပါ အဝင်နားခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဧပြီလအတွင်း ဒီဇယ်အဝင်စုစုပေါင်းမှာ ၂၆၉၃ တန်ကျော်ရှိခဲ့ပြီး မတ်လအဝင် စုစုပေါင်းမှာ ၁၃၂၀ တန်ကျော် ရှိခဲ့တာကြောင့် ဧပြီလမှာ တန်ချိန်၁၃၇၀ ကျော် အဝင်ပိုခဲ့ပြီး ဧပြီလ ဓာတ်ဆီအဝင်စုစုပေါင်းမှာ တန်ချိန်၇၅၀ ကျော်ရှိခဲ့ပြီး မတ်လဓာတ်ဆီအဝင် စုစုပေါင်းမှာ တန်ချိန် ၄၁၀ ကျော်ရှိခဲ့တာကြောင့် ဧပြီလမှာ တန်ချိန် ၃၃၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဧပြီလမှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးငြိမ်နေပြီး ဒီဇယ်ဝယ်ဈေး အနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၄၉၀ ကျပ်၊ အောက်တိန်း (92) ၅၃၀ ကျပ်၊ အောက်တိန်း (95) ၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၄၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။မေ ၂ ရက် ဒီဇယ်ဝယ်ဈေး ၉၆၀၀၀ ကျပ်၊ ရောင်းဈေး ၉၉၀၀၀ ကျပ်ဈေးရှိခဲ့ပြီး မေ ၅ ရက်တွင် ဝယ်ဈေးဈေးငြိမ်နေခဲ့ပြီး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ မေ ၂ ရက်တွင် ဝယ်ဈေး ၁၄၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၄ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ကျပ် ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးနည်းနည်းမြင့်လာပြီး 92 က ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာဓာတ်ဆီ တစ်လီတာ ၆၇၀ ကျပ်၊ ဒီဇယ် ၅၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၆၀ကျပ်၊ အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၂ ရက် ဒီဇယ်ဝယ်ဈေး ၁၀၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မေ၄ ရက်မှာ ဝယ်ဈေး ၊ရောင်းဈေး ၂၀၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေ ၂ ရက်တွင် ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင် များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၁၀၀ကျပ်၊ ဓာတ်ဆီ ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ ၊အောက်တိန်း ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၄၀ ကျပ်၊ အောက်တိန်း ၂၆၁၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

### Energy NYMEX 6-5-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 43.97 | -0.35 | -0.79 |
| Brent Crude Futr (USD/bbl) | 44.76 | -0.25 | -0.56 |
| Gasoline Rbob Fut (Cent/gal) | 148.72 | -0.42 | -0.28 |
| Natural Gas Futr (USD/MMBtu) | 2.08 | -0.00 | -0.05 |
| Heating Oil Futr (Cent/gal) | 132.32 | -0.55 | -0.41 |

## ပြည်တွင်းငွေလဲနှုန်းများ မတည်မငြိမ်ဖြစ်နေ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် တည်ငြိမ်မှုမရှိဘဲ အတက်အကျများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ယင်းကဲ့သို့ အတက်အကျများရှိနေသည့်အတွက် အရောင်းအဝယ်များ ပြုလုပ်ရာတွင် အခက်အခဲများရှိနေသည်ဟု ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ငွေလဲနှုန်းက မငြိမ်ဘူး။ အဲဒီလို မငြိမ်တဲ့အခါကျတော့ ဈေးကွက်ထဲမှာ ရောင်းရဝယ်ရတာ ခက်ပါတယ်။ ပိုဆိုးတာက တစ်နေ့တည်းမှာပဲ ဈေးက ပြောင်းနေတာဆိုတော့ ဝယ်တဲ့သူရောရောင်းတဲ့သူတွေပါနစ်နာမှုရှိနိုင်ပါတယ်"ဟု အနော်ရထာလမ်းပေါ်ရှိ ငွေလဲစင်တာတစ်ခုမှ သိရသည်။

အစိုးရသစ်လက်ထက်တွင် ပြည်တွင်းသုံးငွေကြေးကို ခိုင်မာအောင်လုပ်မည်ဟူသောစကားသံများကြောင့် ငွေလဲနှုန်းအတက်အကျများ ရှိနေခြင်းဖြစ်နိုင်ကြောင်း၊ ထို့ပြင် ဈေးကစားသူများ၏ လှည့်ကွက်များကြောင့်လည်း ယခုကဲ့သို့ ဈေးအတက်အကျများရှိနေရခြင်းဖြစ်ကြောင်း ကုန်သည်တစ်ဦးကပြောသည်။

"အစိုးရသစ်လက်ထက်မှာ ပြည်တွင်းသုံးငွေကြေးကို ခိုင်မာအောင်လုပ်မယ်ဆိုတဲ့သတင်းတွေကြောင့် ဈေးအတက်ကို စောင့်နေတဲ့သူတွေ ရောင်းထုတ်လာကြတယ်။ နောက်ပြီး လက်ထဲမှာ ဈေးအတက်တုန်းက မိထားတဲ့သူ တွေကလည်းထုတ်ရောင်းလာကြတယ်။ ပြီးတော့ ဈေးလည်းကျရော သူတို့က ပြန်ဝယ်ကြပြန်ရော။ ဒီတစ်ပတ်ထဲမှာ ဈေးကစားမှုက တော်တော်လေးကိုဆိုးပါတယ်။ ဒီလို ဈေးကစားတာတွေရှိနေသမျှတော့ အခုလိုပဲ ဈေးအတက်အကျတွေရှိနေဦးမှာပဲ။ဈေးအတက်အကျများရင် ခံစားရမှာက ပြည်သူတွေပါ။ စားသုံးသူတွေပဲ နောက်ဆုံးမှာဒီဈေးကစားခြင်းရဲ့နောက်ဆက်တွဲအကျိုးဆက်ကို ခံစားရတာပါ"ဟု ကုန်သည်တစ်ဦးက မှတ်ချက်ပြုသည်။

ငွေလဲစင်တာများတွင် မေ ၂ ရက်က ရောင်းဈေး ၁၁၆၅ ကျပ်၊ ဝယ်ဈေး ၁၁၆၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ထိုနေ့ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၁၆၈ ကျပ်၊ ဝယ်ဈေး ၁၁၆၄ ကျပ်သို့ မြင့်တက်ခဲ့သည်။

မေ ၃ ရက်တွင် ရောင်းဈေး ၁၁၆၇ကျပ်၊ ဝယ်ဈေး ၁၁၆၃ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၁၇၀ကျပ်၊ ဝယ်ဈေး ၁၁၆၅ ကျပ်ရှိခဲ့သည်။ မေ ၄ရက်တွင် ရောင်းဈေး ၁၁၇၂ကျပ်၊ ဝယ်ဈေး ၁၁၆၈ ကျပ်ရှိခဲ့သည်။

ထို့နောက် ရက်သတ္တတစ်ပတ်၏ နောက်ဆုံးရုံးဖွင့်ရက်ဖြစ်သည့်သောကြာနေ့တွင်မူ ဈေးပြန်လည်ကျဆင်းလာခဲ့ပြီး ရောင်းဈေး ၁၁၆၈ကျပ်၊ ဝယ်ဈေး ၁၁၆၅ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး အမြင့်ဈေးဖြင့် ဈေးငြိမ်နေ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကတည်းက မြင့်တက်ခဲ့သည့်ပြည်တွင်း ရွှေဈေးသည် ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်ခဲ့ပြီး ဈေးအမြင့်ဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပြည်တွင်းရွှေဈေးမြင့်တက်ရခြင်းမှာ ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့်ဖြစ်ကြောင်း၊ ရွှေဈေးမြင့်တက်လာမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ယခင်တစ်ပတ်ကထက် ပိုမိုသွက်လက်လာကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

"ကမ္ဘာ့ရွှေဈေးက ပြီးခဲ့တဲ့တစ်ပတ်ကတည်းက မြင့်တက်နေတာ။ ဒီတစ်ပတ်ကျတော့ ကမ္ဘာ့ရွှေဈေးကဒေါ်လာ ၁၃၀၀လောက်အထိ မြင့်တက်လာတယ်။ ဒီမှာ ပြည်တွင်းငွေလဲနှုန်းက ပြန်ကျလာတော့ ဈေးကွက်ထဲမှာ ရွှေဈေးက သိပ်ပြီးတက်မလာတာပါ။ ဈေးမြင့်တက်လာတဲ့အတွက် ဈေးကွက်ထဲမှာ ပြန်ရောင်းတဲ့သူတွေ များလာတယ်။ အဝယ်ကတော့သိပ်မရှိပါဘူး။ ဈေးပြန်တက်မတက်ဆိုတာက ကမ္ဘာ့ရွှေဈေးပေါ်မှာပဲ မူတည်ပါတယ်။ ဒါပေမယ့် ဒီနေ့ နောက်ဆုံးရတဲ့သတင်းအရဆိုရင် ကမ္ဘာ့ရွှေဈေးက အရင်နေ့တွေကထက် နည်းနည်း ပြန်ကျသွားတယ်။ အဲဒါကြောင့် ဒီပိတ်ရက်ကို ကျော်သွားရင်တော့ ဈေးပြန်ကျလိမ့်မယ်လို့ ထင်ပါတယ်"ဟု ရွှေကုန်သည် ဦးလှမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးသည်မေ ၂ရက်က ကျပ် ၇၉၁၀၀၀ ရှိခဲ့ပြီး မေ ၃ ရက်တွင် ကျပ် ၇၉၃၅၀၀သို့ ဆက်လက်မြင့်တက်ခဲ့သည်။ သို့သော် မေ ၅ ရက်တွင် ကျပ် ၇၈၉၅၀၀ သို့ ကျဆင်းခဲ့ပြီး မေ ၆ ရက်တွင် ကျပ် ၇၈၉၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မေ ၂ ရက်က အမေရိကန်ဒေါ်လာ ၁၂၉၂ ရှိခဲ့ပြီး မေလ ၃ရက်တွင် ၁၂၉၉ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ မေ ၅ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၇၈သို့ကျဆင်းခဲ့ပြီး မေ ၆ရက်တွင် ၁၂၇၅ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

May 6, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.36 |
| BDT | Bangladesh Taka | 78.53 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.50 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.61 |
| I DR | Indonesia Rupiahs | 13347.01 |
| JPY | Japan Yen | 106.93 |
| MYR | Malaysia | 4.01 |
| PKR | Pakistan Rupees | 104.67 |
| PHP | Philippines Pesos | 47.19 |
| RUB | Russia Rubles | 66.30 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1171.89 |
| LKR | Sri Lanka Rupe | 146.36 |
| THB | Thailand Baht | 35.18 |
| GBP | United Kingdom Pounds | 0.69 |
| VND | VietnamDon | 22291.57 |

*Source : xe.com*

### World Gold Price

May, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 2 | 1292 | 1292 | 1292 |
| 3 | 1290 | 1289 | 1292 |
| 4 | 1279 | 1281 | 1280 |
| 5 | 1275 | 1276 | 1276 |
| 6 | 1276 | 1277 | 1277 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 2-5- 2016 | 790.00 | 791.10 |
| 3-5- 2016 | 792.00 | 792.00 |
| 4-5- 2016 | 792.50 | 792.20 |
| 5-5- 2016 | 790.00 | 789.20 |
| 6 -5- 2016 | 790.50 | 791.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 2 | 6 .42 | 34.86 | 78.37 | 66.33 |
| 3 | 6. 47 | 34.88 | 78.30 | 66.36 |
| 4 | 6 50 | 35.15 | 78.34 | 66.67 |
| 5 | 6 .50 | 35.12 | 78.36 | 66.56 |
| 6 | 6.50 | 35.18 | 78.53 | 66.61 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 2 - May | 17.61 | 1961.34 | 1699.04 | 5132.74 | 1075.00 |
| 3 - May | 17.56 | 1951.71 | 1689.63 | 5132.96 | 1079.00 |
| 4- May | 17.27 | 1901.31 | 1638.56 | 4982.21 | 1057.00 |
| 5 - May | 17.38 | 1898.40 | 1632.96 | 4931.14 | 1058.00 |
| 6 - May | 17.27 | 1880.70 | 1608.54 | 4885.89 | 1063.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် တစ်သိန်းကျော်ဝင်



ဧပြီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၈၆၀၃၃၉၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၀၄၂၄၃တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၆၂ ဒသမ၅၀ တန်၊ စင်ကာပူမှ ၂၃၅၀၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၈၀၆၈၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ အများဆုံးဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန်တစ်သောင်းကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ကိုးသောင်းသုံးထောင်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လဘိလပ်မြေအဝင်မှာ တန်ချိန် ၁၉၉၀၀၀ ကျော်ရှိပြီး ဧပြီလမှာ တန်ချိန် ၁၈၈၀၀၀ ကျော်ရှိခဲ့တာကြောင့် ဧပြီလမှာ တန်ချိန် ၁၀၈၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

ဧပြီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၁၀၄၂၄၃ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၁၀၇၅၂ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၁၀၈၂၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ တန်ချိန် ၁၅၇၅၃ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၄၇၉၄ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉၅၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှရောနယ်စပ်လမ်းမှ ပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၈၅၀ ကျပ်၊ စိန်(ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိသလို ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ် နေတဲ့ဈေးမှာ စိန်(ထိုင်း) ၇၅၀၀ကျပ်၊ အပါချီ ၄၉၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေး က ငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၂၀၀ကျပ်၊ စိန် ၆၁၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၇၀၀ ကျပ်၊ ကြံ့နှစ် ကောင်(စိမ်း) ၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### တရုတ်၊ စင်ကာပူနဲ့ ထိုင်းမှ မြေဆီများဝင်

ဧပြီ ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ၁၆၆၄၄၁၀ တန်ဖိုးရှိ မြေဩဇာ တန်ချိန် ၇၉၉၄ ဒသမ ၀၁၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၄၁၈၉ ဒသမ ၄၃ တန်၊ စင်ကာပူမှ ၃၀၈၄ဒသမ ၅၈ တန်နဲ့ ထိုင်းနိုင်ငံမှ တန်ချိန်၇၂၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မိုနိုပိုတက်ဆီယမ်ဖော့စဖိတ်၊ ယူရီးယား၊ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း၊ ပိုတက်ဆီယမ်နိုက်ထြိတ်စတဲ့ အမျိုးအစားများတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာတန်ချိန် ၅၈၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၇၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လမြေဆီအဝင်မှာ တန်ချိန် ၁၇၉၆၀ ကျော်ရှိခဲ့ပြီး ဧပြီလမှာ တန်ချိန် ၁၁၁၂၀ ကျော်ရှိခဲ့တာကြောင့် ဧပြီလမှာ တန်ချိန် ၆၈၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအေးနေတဲ့ မြေဩဇာဈေးကွက်

ဧပြီ ၂၄ရက်မှ ၃၀ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ တန်ချိန် ၇၉၉၄ တန်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၅၈၇တန်ဝင်ခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၇၄၀၀ ကျော်အဝင်ပို ခဲ့တယ်လို့သိရပါတယ်။နယ်စပ်လမ်းမှယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၂၄၃၆ တန် ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ် အဝင်မှာ ၁၂၉၉၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၆၂ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ် အရောင်းတော်တော်လေး အေးနေပြီး ဈေးငြိမ်နေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ရာသီက လည်း အရမ်းပူပြီး ရေလည်းနည်းနေတာကြောင့် စိုက်ခင်းတွေ စိုက်ပျိုးအားနည်းနေ တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၆၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၀၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ မိုးနည်းနေတာကြောင့် စိုက်ပျိုးမှုလည်းနည်းနေတယ်။ ဒါပေမဲ့ သကြ်န်မတိုင်ခင်ဈေးနဲ့ယှဉ်ရင် ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)၂၀၀၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်)၂၁၈၀၀ကျပ်၊ တီစူပါ (**GTSP** ၄၆%-တရုတ်)၂၀၉၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအေးပေမယ့် ဒီတစ်ပတ်မှာ မြားကမ္ဘာ၊ ဆင် ၁၀း၁၀း၅၊ ယူရီးယားနဲ့ တောင်သူမမြေဩဇာများက ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၀၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အစိမ်း) ၁၆၆၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၆၀၀၀ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၅၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၅၀၀ ကျပ်၊ တီစူပါ ၂၁၀၀၀ ကျပ်၊ တောင်သူမ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ တန်ချိန် ၃၀၀ ကျော်နဲ့ နို့မှုန့် တန်ချိန် ၅၀၀ ကျော်ဝင်

ဧပြီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း နို့ဆီ ၃၁၀ ဒသမ ၉၀၈ တန် ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန်၅၀ ကျော်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၂၅၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နယ်သာလန်မှ ၅၃၇ ဒသမ ၆၀ တန်နဲ့ စင်ကာပူမှ ၃၁ ဒသမ ၇၃၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား၊ တီစူပါ၊ ဓာတ်ဆားနဲ့ မြားကမ္ဘာတို့က ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပန်းဖူးက ၃၀၀၀ ကျပ်၊ ရွှေတောင်က ၅၀၀ကျပ်၊ တီစူပါ၁၂%က ၁၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) က ၁၃၀၀ ကျပ်၊မြားကမ္ဘာက ၂၅၀၀ ကျပ် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၀၅၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၄၀၀၀ကျပ်၊ တီစူပါ၁၂% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၈၀၀၀ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၇၀၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်)၁၇၅၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၄၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး )၁၉၈၀၀ကျပ်၊ မြားကမ္ဘာ ၁၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၄ မှ ၂၉/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၄ မှ ၂၂/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၈၃·၇၃ | ၂၈၆·၂၅ | (+) ၉၉၇·၄၈ |
| ၂။ | လွယ်ဂျယ် | ၁၇၁၅·၀၀ | ၁၇၉၅·၀၀ | (-) ၈၀·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၄၆၄၉·၀၀ | ၂၀၃၉·၀၀ | (+) ၂၆၁၀·၀၀ |
| ၅။ | တာချီလိတ် | ၁၁၀၀၀·၀၀ | ၂၅၀·၀၀ | (+) ၁၀၇၅၀·၀၀ |
| ၆။ | မြဝတီ | ၂၃၉၄·၈၀ | ၈၃၀·၉၀ | (+) ၁၅၆၃·၉၀ |
| ၇။ | ကော့သောင်း | ၉၃၅၂·၀၀ | ၉၃၁၅·၀၀ | (+) ၃၇·၀၀ |
| ၈။ | မြိတ် | ၃၃၅·၀၀ | ၁၀၈၀·၀၀ | (-) ၇၄၅·၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၃၀၇၂၉·၅၃ | ၁၅၅၉၆·၁၅ | (+) ၁၅၁၃၃·၃၈ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၄ မှ ၂၉/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၄ မှ ၂၂/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၈၆၃·၇၀၀ | ၄၂၉၄·၀၀၀ | (+) ၈၅၆၉·၇၀၀ |
| ၂။ | လွယ်ဂျယ် | ၆၇၆·၀၀၀ | ၁၈၅·၂၅၀ | (+) ၄၉၀·၇၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၅၅၀·၅၀၀ | ၅၇၆·၂၅၀ | (+) ၁၉၇၄·၂၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၈၀၆·၄၉၄ | ၃၉၇·၀၀၀ | (+) ၄၀၉·၄၉၄ |
| ၆။ | ကော့သောင်း | ၁၂၀·၀၀၀ | ၆၀·၀၀၀ | (+) ၆၀·၀၀၀ |
| ၇။ | မြိတ် | ၂၀၀·၀၀၀ | ၄၀၀·၀၀၀ | (-) ၂၀၀·၀၀၀ |
| ၈။ | ရိဒ် | ၁၀၀၀·၀၀၀ | - | (+) ၁၀၀၀·၀၀၀ |
| | စုစုပေါင်း | ၁၈၂၁၆·၆၉၄ | ၅၉၁၂·၅၀၀ | (+) ၁၂၃၀၄·၁၉၄ |

တင်တင်ထွန်း

## နှမ်း

# နှမ်းကို တရုတ်နယ်စပ်တစ်ခုတည်းက ပြန်လည်တင်ပို့

ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှမ်းနက် ၄၁၇ တန် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၅၂၄ သန်းဖိုး၊နှမ်းညို ၁၂၇ တန်ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၁၇၄ သန်းဖိုးနဲ့ နှမ်းဖြူ ၁၇၇ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၂၁၂ သန်းဖိုးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းက နှမ်းတင်ပို့မှုမရှိခဲ့ပါဘူး။

မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ နှမ်းတင်ပို့မှုမရှိခဲ့ဘူးလို့ သိရပါ တယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ နှမ်းဖြူတစ်တန် ၁၄၁၄၈၅၈ ကျပ်နဲ့ နှမ်းနက် တစ်တန် ၂၁၂၆၆၀၁ ကျပ် ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။

**တင်တင်ထွန်း**

# စမုံနက်နှမ်း ပြည်ပအဝယ်လိုက်၍ ဈေးမြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီနဲ့နှမ်းနက်ဈေးငြိမ်နေသော်လည်း စမုံနက်နှမ်းဈေးမြင့်တက်လာတာတွေ့ရပါတယ်။ ပြည်ပဝယ်လက်များရှိလာခြင်း၊ ဈေးကွက်တွင် လက်ကျန်နည်းလာခြင်းတို့ကြောင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခင်နှစ်ယခုလို အချိန်တွင် စမုံနက်နှမ်းမှာ ပြည်ပဝယ်လက်သိပ်မရှိသလို ယခုနှစ်လောက် ဈေးသိပ်မမြင့်ခဲ့ပေမယ့် အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့တာတွေ့ ရပါတယ်။ နှမ်းဈေးမှာ စမုံနက်နှမ်းတစ်တင်းလျှင် ၆၂၀၀၀ ကျပ်၊ နှမ်းနီတစ်တင်းလျှင် ၂၃၀၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်းလျှင် ၃၃၀၀၀ ကျပ်နဲ့ ဈေးဖြစ်နေတာတွေ့ ရပါတယ်။ ယခုနှစ်တွင် စမုံနက်နှမ်းဈေးမှာ တစ်တင်းလျှင် ၆၀၀၀ ကျပ်၊ နှမ်းနီ တစ်တင်းလျှင် ၂၈၀၀၀ ကျပ်နှင့် နှမ်းနက်တစ်တင်းလျှင် ၃၂၀၀၀ ကျပ်ဈေးရှိခဲ့တာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီ သိုလှောင်လက်ကျန် ၁၄ လအတွင်း အနိမ့်ဆုံးသို့ ကျဆင်း

အယ်လ်နီညိုရာသီဥတုကြောင့် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုမှာ ဒုတိယအများဆုံးဖြစ်တဲ့ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီထုတ်လုပ်မှု ဆက်လက်ကျဆင်းလာမှာကို စိုးရိမ်ကြတဲ့အတွက် မလေးရှားနိုင်ငံရဲ့ စားအုန်းဆီသိုလှောင်လက်ကျန်က ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ နောက်ပိုင်း အနိမ့်ဆုံးအဖြစ်ကျဆင်းခဲ့ကြောင်း ဘလွမ်းဘတ်သတင်းမှာဖော်ပြပါတယ်။

မလေးရှားနိုင်ငံရဲ့ စားအုန်းဆီလက်ကျန်က ယခင်လနဲ့ နှိုင်းယှဉ်ရင် ၃ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ပဉ္စမမြောက်လအဖြစ် ဆက်တိုက်ကျဆင်းခဲ့ကြောင်း စိုက်ပျိုးသူများ၊ ကုန်သည်များနဲ့ လေ့လာဆန်းစစ်သူများကို ဘလွမ်းဘတ်က စစ်တမ်းကောက်ယူထုတ်ပြန်ချက်အရ သိရပါတယ်။ ယခုကျဆင်းမှုမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်း ကာလအရှည်ကြာဆုံးကျဆင်းမှုဖြစ်ခဲ့ပါတယ်။

မလေးရှားရဲ့ ထုတ်လုပ်မှုက ၉ ရာခိုင်နှုန်းတိုးတက်ပြီး တန်ချိန် ၁ ဒသမ ၃၃ သန်းအထိရှိခဲ့ပါတယ်။ ပြည်ပတင်ပို့မှုက ခြောက်ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၁ ဒသမ ၂၅ သန်းရှိခဲ့ကြောင်း စစ်တမ်းမှာ တွေ့ရပါတယ်။ မလေးရှားစားအုန်းဆီဘုတ်အဖွဲ့က စားအုန်းဆီနဲ့ပတ်သက်တဲ့ တရားဝင်ကိန်းဂဏန်းတွေကို မေ ၁၀ ရက်မှာ ထုတ်ပြန်မှာဖြစ်ပါတယ်။

ဝယ်လိုအားနဲ့ပတ်သက်တဲ့ စိုးရိမ်မှုနဲ့ အယ်နီညိုကြောင့်ဖြစ်ပွားရတဲ့ ပူပြင်းခြောက်သွေ့မှုလျော့ကျ လာလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်တွေကြောင့် မတ်လအတွင်းက နှစ်နှစ်အတွင်း ထိပ်ဆုံးကိုရောက်ခဲ့တဲ့ စားအုန်းဆီကြိုရောင်းဈေးက ကွာလာလမ်ပူမှာ ခြောက်ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ အယ်နီညိုရာသီဥတုအခြေအနေတွေ မေးမှိန်စပြုလာပေမယ့် စားအုန်းဆီကို ထိခိုက်စေနိုင်တဲ့ ရာသီဥတုအခြေအနေက လုံးဝပြီးဆုံးသွားနိုင်မယ့် အခြေအနေမရှိသေးပါဘူး။

ယခုနှစ် ဧပြီလအတွင်း စားအုန်းဆီထုတ်လုပ်မှုက တန် ၁ ဒသမ ၆၉ သန်းရှိပါတယ်။ မလေးရှားနိုင်ငံတချို့ဒေသတွေမှာ အယ်နီညိုကြောင့်အတွက် ကျဆင်းနေဆဲဖြစ်နေတာကြောင့် တတိယသုံးလပတ်အထိ သိုလှောင်လက်ကျန်ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ကမ္ဘာ့ထုတ်လုပ်မှုက ယခင်ခန့်မှန်း ထားတာထက် ပိုမိုကျဆင်းပြီး ယခုနှစ်မှာ မက်ထရစ်တန် ၆၁ ဒသမ ၂၅ သန်း ရှိနိုင်ပါတယ်။ ဒီကျဆင်းမှုက နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်ကျဆင်းမှုဖြစ်ကြောင်း စားအုန်းဆီ လုပ်ငန်း ဆိုင်ရာသုတေသနလုပ်ငန်း Oil World ရဲ့ မေ ၃ ရက်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာထုတ်လုပ်မှုနဲ့ သိုလှောင်မှု ကျဆင်းတာကလည်း မလေးရှားစားအုန်းဆီထုတ်ကုန်များအတွက် ဝယ်လိုအားကို မြှင့်တင်ပေးနိုင်ကြောင်း Kuala Lumpur Kepong ကုမ္ပဏီရဲ့ ဈေးကွက်ဌာနခွဲ မှ ကုန်သည်တစ်ဦးဖြစ်သူ ဖန်းလွိုင်ဖတ်က ပြောပါတယ်။ စားအုန်းဆီဈေးက လာမယ့် ရက်သတ္တပတ် အနည်းငယ်အထိ တစ်တန်ကို ရင်းဂစ် ၂၆၀၀ နဲ့ ရင်းဂစ် ၂၈၀၀ အထိရှိမယ်လို့ မစ္စတာဖန်းကခန့်မှန်း ပါတယ်။

မေ ၅ ရက်က မလေးရှား စားအုန်းဆီရောင်းချမှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၆၈၀၈၄ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်းက ရှိခဲ့တဲ့တစ်နေ့ပျမ်းမျှရောင်းချတဲ့ အတွဲဖြစ်တဲ့ ၄၄၆၀၀ ထက်ပိုမို မြင့်မားခဲ့ပါ တယ်။

အခြားဟင်းရွက်ဆီ ဈေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင် (Dalian Commodity Exchange) ရဲ့ စက်တင်ဘာအတွက် ပဲပုပ်ဆီကြိုရောင်း ဈေးက သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်နိုင်ငံချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့ရဲ့ မေအတွက် ပဲပုပ်ဆီကြိုရောင်းဈေးက ၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**

## ကုန်သွယ်မှုဆိုင်ရာများနှင့်ပတ်သက်၍ အကြံပေးချက်များပေးပို့နိုင်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ပို့ကုန်သုံးဆတိုးမြှင့်နိုင်ရေးအတွက် အထူးကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။

ယင်းသို့ကြိုးစားလုပ်ဆောင်လျက်ရှိရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့် လုပ်ဆောင်၍မရဘဲ သက်ဆိုင်ရာဌာနများအပါအဝင် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် ပြည်သူများကပါ ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် အထူးလိုအပ်လှပါသည်။

သို့ဖြစ်ရာကုန်သွယ်မှုနှင့်ပတ်သက်သည့် ဝေဖန်အကြံပြုစာများကို Commerce Journal ၏ gmail:commercejournal.com (သို့မဟုတ်) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး(အမှတ်-၂၂၈-၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့)သို့လည်းကောင်းပေးပို့နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပေးပို့လာသည့် ဝေဖန်အကြံပြုချက်များအနက်မှ သင့်တော်သည့် ဝေဖန်အကြံပြုချက်များအား အပတ်စဉ် တနင်္လာနေ့တွင်ထွက်ရှိမည့် Commerce Journal တွင် ထည့်သွင်းဖော်ပြပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၆-၅-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၈၅၀ | ၁၇၅၀ | ▽ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၆၁၀ | ၁၅၆၅ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၇၄၀ | ၁၆၇၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၇၀၀ | ၁၆၅၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၇၀၀ | ▽ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၈၀ | ၁၇၂၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |

***Source: mirt***



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၆-၅-၂၀၁၆ **US$/Ton**

| အမျိုးအစား | ဧပြီလစတုတ္ထပတ် | မေလပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၈၆.၀၀ | ၆၉၃.၀၀ | △ |
| **RBD P.Olein** | ၇၁၃.၀၀ | ၇၀၃.၀၀ | ▽ |
| **RBD P.Strarin** | ၆၄၀.၀၀ | ၆၂၅.၀၀ | ▽ |

***Source: econ.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၆- ၅ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၂၄.၂၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၅၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၈၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၈.၈၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၂.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၆၅.၇၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ (၆-၅-၂၀၁၆)နေ့ (CIF ဈေး Cloud Point 8˚C Max ၇၄၅ ဒေါ်လာ၊ FOB ၇၂၀ ဒေါ်လာနှင့် USD ဈေး ၁၁၇၀ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၆-၅-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၇၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# တရုတ်ပြည်မကြီး၏ ကန့်သတ်မှုများကြောင့် ဟောင်ကောင်အာမခံလုပ်ငန်းများ ထိခိုက်နိုင်




တရုတ်စည်းမျဉ်း ချမှတ်သူများက တရုတ်ပြည်သူများအား ဟောင်ကောင်မှ အာမခံပေါ်လစီများ ဝယ်ယူရာတွင် အန္တရာယ်ရှိနိုင်ကြောင်း သတိပေးပြောကြားလိုက်သည့်အတွက် ဟောင်ကောင် အာမခံလုပ်ငန်းရှင်များ များစွာ ထိခိုက်နိုင်မည့် အခြေအနေမျိုးဖြင့် ရင်ဆိုင်နေရသည်။ ယမန်နှစ်တွင် တရုတ်၏ ယွမ်ငွေ ဈေးကျဆင်းမှုကြောင့် ဟောင်ကောင်ဒေါ်လာနှင့် အမေရိကန်ဒေါ်လာဖြင့် ရောင်းဝယ်သော အာမခံပေါ်လစီများကိုသာ ဝယ်ယူခဲ့ကြသည့်အတွက် ဟောင်ကောင်သည် အာမခံလုပ်ငန်းတွင် ရေပန်းစားကျော်ကြားသည့် မြို့ဖြစ်ခဲ့သည်။

တရုတ်စည်းမျဉ်းချမှတ်သူများက ဤသို့ သတိပေးရခြင်းမှာ တရုတ်နိုင်ငံအတွင်း အာမခံလုပ်ငန်းများ၏ အရှုံး ဖြစ်ပေါ်မှုကို ကာကွယ်ရန်နှင့် ငွေအရင်းအနှီးများ ပြင်ပသို့ စီးထွက်မသွားစေရန်ဖြစ်ကြောင်း လေ့လာသူများက ပြောကြားခဲ့သည်။

တရုတ်အာမခံလုပ်ငန်း စည်းကမ်းထိန်းချုပ်ရေးကော်မရှင်က ဟောင်ကောင် အာမခံပေါ်လစီ များကို တရုတ်ပြည်မကြီး၏ ဥပဒေအားဖြင့် ကာကွယ်နိုင်မှု မရှိကြောင်း ၎င်းကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ခဲ့ သည်။ အာမခံနှင့် ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပါက တရားရုံးစရိတ် မှာ ဟောင်ကောင်တွင် ပိုများကြောင်း၊ ငွေလဲနှုန်း ကွာဟမှုကြောင့် အရှုံးဖြစ်ပေါ်နိုင်ကြောင်း ဟောင်ကောင်မှ အမြတ်ဝေစုပေးမှု အပေါ်တွင်လည်း စည်းကမ်းပြဋ္ဌာန်းချက် မရှိကြောင်းပြောကြားခဲ့သည်။

အာမခံကုမ္ပဏီများအနေဖြင့် ၎င်းတို့ထုတ်ရောင်းသော ပေါ်လစီများအပေါ်တွင် ဝယ်ယူပြီးနောက် ပိုင်းနှစ်နှစ်အတွင်း တာဝန်မယူတော့ပါက မည်သည့်ငွေမှ ပြန်ရရှိမည်မဟုတ်ကြောင်းနှင့် ဟောင်ကောင် အာမခံလုပ်ငန်းအငြင်းပွားမှု ဖြေရှင်းပေးရေးဌာန (Hong Kong Insurance Claims Camplaints Bereau) အနေဖြင့်လည်း အများဆုံး ဟောင်ကောင်ဒေါ်လာ တစ်သန်းအထိသာ ဖြေရှင်းပေးနိုင်ကြောင်း သတိပေးပြောကြားခဲ့ သည်။

ဟောင်ကောင်၏ အကြီးဆုံး အသက် အာမခံကုမ္ပဏီ AIA ၏ လုပ်ငန်းသစ်မှ ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၅၇၈ သန်းရင်းနှီးမတည်ခဲ့ပြီး ယမန်နှစ်ထက် ၃၆ ရာခိုင်နှုန်း တိုးလာကြောင်း၊ ၎င်းရင်းနှီးမြှုပ်နှံငွေမှာ တရုတ်ပြည်မကြီးမှ ဟောင်ကောင်ဒေါ်လာ ၃၁ ဒသမ ၆ ဘီလီယံရှိပြီး၊ အသက်အာမခံပေါ်လစီအားလုံး၏ ၂၄ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

တရုတ်ပြည်မကြီး၏ ရင်းနှီးမြှုပ်နှံသူများမှ ယွမ်တန်ဖိုးအားနည်းမှုနှင့် ငွေလဲလှယ်မှုအရှုံးဖြစ် ပေါ်ခြင်းမှ လွတ်မြောက်နိုင်ရန် ဟောင်ကောင် ဒေါ်လာတန်ဖိုးဖြင့် ထုတ်ရောင်းသောပေါ်လစီများကို ဝယ်ယူလိုကြကြောင်း၊ တရုတ်စည်းမျဉ်း ချမှတ်သူများအနေဖြင့် လွတ်လပ်သောဈေးကွက် ယှဉ်ပြိုင်မှုကို ဝင်ရောက် မစွက်ဖက်သင့်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့နှင့် သင့်တော်သော အာမခံပေါ်လစီများ ဝယ်ယူရန် အခွင့်အရေးပေးသင့်ကြောင်း ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ဥပဒေ များရေးဆွဲသူ Wah-Fung မှ ပြောကြားခဲ့သည်။

တရုတ်မှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယွမ်တန်ဖိုးကျဆင်းမည်ကို စိုးရိမ်မှုနှင့်အတူ ဟောင်ကောင်မှ အာမခံပေါ်လစီများကိုဆက်လက်ဝယ်ယူလိုသော်လည်း တရုတ်၏ကန့်သတ်မှုများကြောင့် ပေါ်လစီများဝယ်ယူနိုင်စွမ်းကျဆင်းကာ ဟောင် ကောင်အာမခံလုပ်ငန်းများ ထိခိုက်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# တောင်ကိုရီးယားနိုင်ငံအပေါ် ကုန်သွယ်ရေးဆိုင်ရာ ဖိအားပေးမှုများပြုလုပ်ရန် အမေရိကန်က ပြင်ဆင်လျက်ရှိ

အမေရိကန် ပြည်ထောင်စုအနေ ဖြင့် ကိုရီးယားနိုင်ငံအပေါ် ဖိအားပေးမှုများကို အကောက်အခွန်မဟုတ်သော အတားအဆီးများဖြင့် တိုးမြှင့်ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ကိုရီးယားသတင်းထောက်များကို ဆိုးလ်မြို့ အမေရိကန်သံရုံး၌ တွေ့ဆုံခဲ့ရာတွင် အမေရိကန်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကိုရီးယားနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော အမေရိကန်စီးပွားရေးလုပ်ငန်းအချို့အနေဖြင့် ကျိုးကြောင်းဆီလျော်မှုမရှိသည့် စည်းမျဉ်းအချို့ကြောင့် အခက်အခဲများ တွေ့ကြုံလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့အနေဖြင့် ယခုကဲ့သို့အခြေအနေများ ဆက်လက် ဖြစ်ပေါ်နေမည်ကို စိုးရိမ်ကြောင်းနှင့် ယင်းအခြေအနေသည် ကိုရီးယား အစိုးရက Trans-Pacific Partnership လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို ပူးပေါင်းအကောင်အထည်ဖော်ရာတွင် ဆိုးကျိုးများသက်ရောက်လာမည်ကို စိုးရိမ်ကြောင်းပြောကြားခဲ့သည်။

ကိုရီးယားနိုင်ငံအနေဖြင့် အကောက်ခွန် မဟုတ်သောအတားအဆီးအဖြစ် လေယာဉ်ပြင်ဆင် ထိန်းသိမ်းမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးမှုကို အစီရင်ခံရခြင်း၊ မော်တော်ယာဉ်တင်သွင်းမှုတွင် ယာဉ်ပါထိုင်ခုံအရေအတွက်ကန့်သတ်ခြင်း၊ အီလက်ထရောနစ်စနစ်ဖြင့် ငွေပေးချေခြင်း၊ စီးပွားရေးလုပ်ငန်းအတွက် မဖြစ်မနေ မှတ်ပုံတင်ရခြင်းနှင့် အခြားသော စည်းမျဉ်းများသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လွှတ်တော်သို့ ဖေဖော်ဝါရီလက ပေးပို့ခဲ့သော ပြည်တွင်းဥပဒေဝန်ဆောင်မှု ဈေးကွက်ဖွင့်လှစ်ရန်ဆိုသည့် ကိုရီးယားအစိုးရ၏ အစီအစဉ်အပေါ်တွင်လည်း စိတ်ကျေနပ်မှုမရရှိကြောင်း၊ ကိုရီးယား-အမေရိကန် လွတ်လပ်သော ကုန်သွယ်မှုသဘော တူညီချက်၏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်ဆောင်ရွက်ခဲ့ရာရောက်သဖြင့် ကိုရီးယား အနေဖြင့် ယင်းသဘောတူညီမှုကို အကောင်အထည်ဖော်ရာမရောက်ကြောင်း၊ ကိုရီးယားအနေဖြင့် အဆိုပါ FTA မှ တစ်ဖတ်သတ်အကျိုးမြတ်သာ ယူနေသလိုဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကိုရီးယားနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် အမေရိကန် စီးပွား ရေးလုပ်ငန်းအချို့အနေဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံရှိပြီးခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုရီးယားနိုင်ငံသည် ဂျပန်၊ တရုတ် နှင့် တရုတ်(တိုင်ပေ)နိုင်ငံများနည်းတူ အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ကုန်သွယ် မှုပိုငွေပြမှု တိုးတက်လာသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနမှမူ အမေရိကန်၏ပြောကြားချက်များကို အချိန်မရွေး ဖြစ်ပေါ်နိုင်သည့် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှု၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ အမေရိကန် ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးနှင့် ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လျက်ရှိသော်လည်း ပြဿနာအချို့ကျန်ရှိနေဆဲဖြစ်

တောင်ကိုရီးယားနိုင်ငံအတွင်းရှိ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ယမန်နှစ်က အမေရိ ကန်ဒေါ်လာ ၂၀ ဒသမ ၉ ဘီလီယံအထိ မြင့်တက်ခဲ့သော်လည်း ကိုရီးယားပြည်ပရင်းနှီးမြှုပ်နှံမှု အမေ ရိကန်ဒေါ်လာ ၄၀ ဒသမ ၂ ဘီလီယံ၏ ထက်ဝက်ခန့်သာ ရှိနေခဲ့သည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုသည် ပထမဆုံးအကြိမ်အဖြစ် ဘီလီယံဒေါ်လာ ၂၀ ကျော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်မှုသည် နိုင်ငံကို အထောက်အကူပြုသော်လည်း၊ နိုင်ငံခြား ငွေရရှိမှုသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ ပြည်တွင်းဝယ်လိုအားများကို လှုံ့ဆော်တွန်းအားပေးနိုင်ခြင်း စသည်တို့ကို အထောက်အကူဖြစ်စေနိုင်သည်။ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများသည် ခေတ်မီနည်းပညာများရှိခြင်း၊ ခေတ်မီသည့် စီမံခန့်ခွဲမှုနည်းပညာများ ရှိခြင်း စသည့်အချက်များနှင့် ပြည့်စုံပါက ၎င်းလုပ်ငန်းများ သည် ပြည်တွင်း စီးပွားရေးလုပ်ငန်းများအတွက် ပြိုင်ဆိုင်မှုတစ်ရပ်ဖြစ်လာနိုင်ပြီး ပြည်တွင်းလုပ်ငန်းတည်ဆောက်မှုများကိုလည်း တိုးတက်လာစေနိုင်မည်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်းနှင့် လုပ်ငန်းသစ်များအတွက် လှုံ့ဆော်ဖန်တီးမှုများ ဖြစ်စေနိုင်ခြင်းကြောင့် ပြည်တွင်းစီးပွားရေးအပေါ်တွင် ကောင်းကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်၍ နိုင်ငံစီးပွားရေးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကိုရီးယားနိုင်ငံအတွင်းရှိ အဓိက စီးပွားရေး အသင်းအဖွဲ့များအနေဖြင့် ပြည်ပတွင် ရင်းနှီးမြှုပ်နှံမည့် ကိုရီးယားလူမျိုးများကို ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်သင့်ကြောင်း အစိုးရအား တောင်းဆိုခဲ့ကြသည်။ ၎င်းတို့အနေဖြင့် ဆိုးလ်မြို့တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို ပြောင်းလဲရန်လိုအပ်သည်ဟု အစိုးရထံ ဖိအားပေးတောင်းဆိုခဲ့ကြပြီး၊ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်များအတွက် ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို ခွဲခြားဆက်ဆံခြင်းများ မရှိစေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်းကိုလည်း တောင်းဆိုခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် အင်ချွန်းလွတ်လပ်သော စီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိရခြင်းမှာ အဆိုပါဇုန်အတွင်း Indu-strial Complex များ မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ကိုရီးယားနိုင်ငံသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ခွဲခြားဆက်ဆံသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ကြောင်း စောဒကတက်လျက်ရှိနေဆဲဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၉–၅–၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးစွာလာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို ပြည်ပဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်တန်ကို ၁၇၀၀၀၀၀ ကျပ်ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ဒီတစ်ပတ်မှာ အိန္ဒိယဘက်က ဝယ်လိုအားများသလို ရောင်းသူကုန်သည်များကလည်း အမြင့်ဈေးမှာ အရောင်းများခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ပဲစင်းငုံနီ (RC) ကိုလည်း အိန္ဒိယဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်တန်ကို ၁၅၃၀၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးမြင့်၊ ပဲလွန်းနီ အရောင်းနည်း

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီးတစ်ပိဿာကို ၂၇၀၀ ကျပ် (တစ် တန်ကို ၁၆၅၃၄၅၃ ကျပ်) ဈေးနဲ့ နေ့စဉ်အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းနီကိုတော့ ရန်ကုန်နှင့် ဆက်စပ်သောကုန်သည်များက တစ်ပိဿာကို ၁၃၅၀ ကျပ် (တစ်တန်ကို ၈၂၆၇၂၆ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များက အရောင်းနည်းနေကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲကို ပဲခွဲစက်တွေပုံမှန်အဝယ်ရှိ၊ ပဲတီစိမ်းရွှေဝါကို တရုတ်ပုံမှန်ဝယ်ယူ၊ ကုလားပဲမျိုးစုံအရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကို ပဲခွဲစက်တွေနဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၇၀၀ ကျပ် (တစ်တန်ကို ၁၆၅၃၄၅၃ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါကိုတော့ တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ်မူတည်ပြီး တစ်ပိဿာကို ၁၇၉၀ ကျပ် (တစ်တန်ကို ၁၀၉၆၁၇၈ ကျပ်) ဈေးဖြင့် ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်နဲ့ လှော်လက်တွေ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၀၇၉ ကျပ် (တစ်တန်ကို ၁၂၇၃၁၅၈ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၂၀၂၇ ကျပ် (တစ်တန်ကို ၁၂၄၁၃၁၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ပဲစင်းငုံနီကို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေက ပစ္စည်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၄၃၀ ကျပ် (တစ်တန်ကို ၁၄၈၈၁၀၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးမြင့်၊ သိပ်ပွဲနှမ်းကို မန္တလေးက ဈေးလျှော့အဝယ်ရှိ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၄၃၅ ကျပ် (တစ်တန်ကို ၁၄၉၁၁၆၉ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ သိပ်ပွဲနှမ်းကိုတော့ မန္တလေးဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ရောင်းသူကုန်သည်များ အရောင်းနည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၃၈၈၉ ကျပ်ဈေးဖြင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲခွဲစက်များက ကုလားပဲကို ဝယ်အားပုံမှန်ရှိ၊ နှမ်းမျိုးစုံ ဈေးတန့်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်မြို့ခံပဲခွဲစက်များက ကုလားပဲ (ထိုင်ဝမ်) ကို တစ်ပိဿာ ၂၀၂၆ ကျပ် (တစ်တန်ကို ၁၂၄၀၇၀၀ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူ (ထိပ်စ) ကို မန္တလေးဝယ်လက်နဲ့ သိုလှောင်မယ့် ကုန်သည်များက တစ်ပိဿာကို ၂၃၁၀ ကျပ်ဖြင့် ပုံမှန်ဝယ်ယူသလို နှမ်းဖြူပုံမှန်စကိုလည်း တစ်ပိဿာ ၂၂၂၂ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် နှမ်းနီကို မန္တလေးနှင့် ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၀၀၀ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီး (သစ်) ဈေးကွက်ထဲဝင်လာ၊ ကုလားပဲကို ခွဲစက်တွေပုံမှန်ဝယ်ယူ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲတီစိမ်း (သစ်) တွေဝင်ရောက်လာပြီး ပဲတီစိမ်းကြီး (ထိပ်စ) တစ်ပိဿာ ၁၇၈၉ ကျပ် (တစ်တန်ကို ၁၀၉၅၅၆၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၄၀ ကျပ် (တစ်တန်ကို ၁၄၉၄၂၃၀ ကျပ်) ဈေးဖြင့် ပုံမှန်ဝယ်ယူမှုကြောင့် ဈေးအနည်းငယ်မြင့်တက်လာကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း ပုံမှန်အရောင်းရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာကို ၁၉၈၀ ကျပ် (တစ်တန်ကို ၁၂၁၂၅၃၀ ကျပ်) ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ လက်ကျန်နည်း၊ ပဲတီစိမ်း (သစ်) ဈေးကွက်ထဲဝင်ရောက်လာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေအနေနဲ့ ပစ္စည်းလက်ကျန်နည်းတာကြောင့် အရောင်းပမာဏနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၄၃၀ ကျပ် (တစ်တန်ကို ၁၄၈၈၁၀၇ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး (သစ်) အနေဖြင့် နယ်စုံမှဝင်ရောက်လာပြီး တစ်ပိဿာကို ၁၇၆၀ ကျပ် (တစ်တန်ကို ၁၀၇၇၈၀၆ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ (ထိုင်ဝမ်) ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်များက ဝယ်လိုအားတောက်လျှောက်ရှိသလို လှော်လက်များကလည်း ပုံမှန်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၂၀ ကျပ် (တစ်တန်ကို ၁၂၃၇၀၂၇ ကျပ်) ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပါး

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းအဝင် တန်ချိန် ၇၀၀၀ ခန့်သာဝင်ရောက်ခဲ့သလို တရုတ်ဘက်သို့ ပြောင်းတင်ပို့ရောင်းချရာမှာ အခက်အခဲတွေဖြစ်နေတာကြောင့် ကုန်တင်တဲ့နေရာမှာခေါက်တိုခတွေ ဈေးမြင့်လာကြောင်း ဒါကြောင့် ပြောင်းအရောင်းအဝယ်လည်း ပါးလာကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပြောင်း ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၈၆ ယွမ်မှ အမြင့်ဆုံး ယွမ် ၉၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လိုအား ပုံမှန်ရှိ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၇၁၀ ကျပ် (တစ်တန်ကို ၁၆၅၉၅၇၆ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိတာကြောင့် ဈေးမြင့်လာကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက တစ်ပိဿာကို ၂၀၄၀ ကျပ် (တစ်တန်ကို ၁၂၄၉၂၇၅ ကျပ်) ဈေး ဖြင့် နေ့စဉ်အိတ် ၆၀၀ မှ ၈၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## လာရှိုးဈေးကွက်တွင် ပြောင်းဝယ်လိုအားထက် ရောင်းလိုအားများနေ

လာရှိုးဈေးကွက်တွင် ဒီတစ်ပတ်ပြောင်းအဝင်လျော့လာသလိုတရုတ်ဘက်ကလည်း ဝယ်လိုအား လျော့လာကြောင်း ဈေးကွက်အနေဖြင့် ပြောရရင် ပြောင်းသီးနှံအနေဖြင့် ဝယ်လိုအားထက်ရောင်းလိုအားကများနေကြောင်း အရောင်းအဝယ်အနေဖြင့်တစ်ပိဿာကို ၄၁၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု ပမာဏနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များ ပုံမှန်အဝယ်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၄၄၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် ပန်းနှမ်းကိုတော့ ရောင်းသူဝယ်သူဈေးညှိမရတာကြောင့် အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# မြန်မာနိုင်ငံနှင့် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ် (Generalized System of Preferences) အခြေအနေ

ရွှေစင်ဦး



အကောက်ခွန်ဆိုင်ရာအခွင့်အရေးပေးမှုစနစ် (Generalized System of Preferences-GSP)သည် ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုး မှုညီလာခံ (United Nation Conference on Trade and Development -UNCTAD)၏ ကြိုးပမ်းစွမ်းဆောင်ချက်ဖြင့် ထွက်ပေါ်လာသော ကောင်းကျိုးရလဒ်တစ်ခုဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကို အကူအညီပေးရန် ရည်ရွယ်လျက် ပြည်ပပို့ကုန်ဝင်ငွေ တိုးတက် စေရန်၊ စက်မှု လုပ်ငန်းတိုးတက်စေရန်နှင့် စီးပွားရေး တိုးတက်မှုနှုန်း မြင့်မားစေရန်ဟူသည့် ရည်မှန်းချက်သုံးရပ်ကို ချမှတ်ဆောင်ရွက်သော စနစ်ဖြစ်သည်။

**အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ်**
*(Generalized System of Preferences)*

အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ် (Generalized System of Preferences-GSP) ဆိုသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ(အခွင့်အရေးလက်ခံရရှိသောနိုင်ငံ)၏ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော ပို့ကုန်ပစ္စည်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများ (အခွင့်အရေးပေးသောနိုင်ငံ)၏ ဈေးကွက်အတွင်းသို့ အလွယ်တကူ ဝင်ရောက်လာနိုင်စေ ရန် စီမံပေး ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ တင်ပို့သော သတ်မှတ်ကုန်ပစ္စည်းများအပေါ်တွင် GSP အခွင့်အရေးပေးသည့် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံကြီးများက ပုံမှန်ကောက်ခံနေကျ အကောက်ခွန်နှုန်းထက် အကောက်ခွန်လျှော့ပေါ့ (သို့မဟုတ်) ကင်းလွတ်ကောက်ခံသော စနစ်ပင်ဖြစ်ပါသည်။

***GSP* စနစ်ပေါ်ပေါက်လာပုံ**

၁၉၆၄ ခုနှစ်တွင် ကျင်းပသည့် ပထမအကြိမ် UNCTAD ညီလာခံမှစတင်ကာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ဈေးကွက်သို့အလွယ်တကူဝင်ရောက်နိုင်စေရန်နှင့် အကောက်ခွန်အခွင့်အရေးများပေးရန် အလေးထားဆွေးနွေးခဲ့ကြပြီး ၁၉၈၆ ခုနှစ်တွင် ကျင်းပသော ဒုတိယအကြိမ်မြောက် ကမ္ဘာ့ကုလ သမဂ္ဂ UNCTAD ညီလာခံမှ ဆုံးဖြတ်ချက်ဖြင့် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ်ကို ပြဋ္ဌာန်းအတည်ပြုနိုင်ခဲ့ပါသည်။

***GSP* အခွင့်အရေးပေးသောနိုင်ငံများ**

GSP အခွင့်အရေးပေးသည့် အစီအစဉ် ၁၂ ခု ကို ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံ ၃၉ နိုင်ငံက သီးခြားအစီအစဉ်တစ်ခုစီဖြင့် ထုတ်ပြန်ပေးအပ်ထားရာတွင် အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂ (အီးယူ )အနေဖြင့် အဖွဲ့ဝင် ၂၈ နိုင်ငံအတွက် အစီအစဉ်တစ်ရပ်ကိုသာ တပေါင်း တစည်းတည်း ပြဋ္ဌာန်းထားပါသည်။ GSP ပေးထား သော နိုင်ငံ ၃၉ နိုင်ငံတွင် ဩစတြေးလျနိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဘီလာရုစ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ကနေဒါ နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ အိုက်စ်လန်နိုင်ငံ၊ တူရကီ နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယူးဇီလန် နိုင်ငံ စသည့် နိုင်ငံ ၁၁ နိုင်ငံနှင့် အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံတို့ပါဝင်ပါသည်။

**မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ**

မြန်မာနိုင်ငံအနေဖြင့် GSP အစီအစဉ် ၁၂ ခု အနက် အမေရိကန်နိုင်ငံ၏ အစီအစဉ်မှအပ ကျန်နိုင်ငံများ၏ National GSP Scheme များကို ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

***GSP* အကျုံးဝင်သောကုန်စည်များ *(Product Coverage)***

GSP အစီအစဉ်များအရ အကြမ်းဖျဉ်းအားဖြင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုသော ပစ္စည်းများတွင် စက်မှုထွက်ကုန်ပစ္စည်းများ၊ (Manufactured and Semi-manufactured Products)၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ (Agricultural Products) နှင့် လက်မှုအနုပညာပစ္စည်းများ (Handicrafts) တို့ပါဝင်ပြီး လက်မှုအနုပညာပစ္စည်းများအတွက်ကိုမူ နိုင်ငံတိုင်းက အကောက်ခွန်ကင်းလွတ်ခွင့် ပေးထားကြောင်း တွေ့ရပါသည်။ GSP ၏ပင်ကိုသဘောမှာ အခြေခံပို့ကုန် ကုန်စည်များကို အားပြုနေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအခြေခံကို စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်စေခြင်းဖြင့် ပြောင်းလဲစေရန် ရည်ရွယ်သည့်အလျောက် စက်မှုထွက်ကုန်ပစ္စည်းများကို ပိုမိုအခွင့်အရေးပေးထားပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မိုဘိုင်းဖုန်းအသုံးပြုသူများ လုံခြုံစွာနှင့် အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် Mobile Seminar များကို MPT က မြန်မာနိုင်ငံအနှံ့ပြုလုပ်ပေးသွားမည်

မိုဘိုင်းဖုန်းအသုံးပြုသူများ လုံခြုံစွာနှင့်အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် Mobile Seminar များကို MPT က မြန်မာနိုင်ငံအနှံ့ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT သည် ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ပြုလုပ်ခဲ့သည့် မိုဘိုင်းဖုန်းနည်းပညာ ဆွေးနွေးပွဲ များ၏ အောင်မြင်မှုများကို အခြေခံကာ ယခုကဲ့သို့ တစ်နိုင်ငံလုံးအနှံ့ပြုလုပ်ရန် စီစဉ်ရခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းမိုဘိုင်းဖုန်းဆွေးနွေးပွဲများကို မေ ၁၆ရက်မှ ဇူလိုင် ၁၇ ရက်အတွင်း မြို့နယ်ပေါင်း ၆၇ မြို့နယ် တွင် ကျင်းပရန် စီစဉ်ထားကြောင်း MPT၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယင်းဆွေးနွေးပွဲများကို မည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ MPT အမှတ်တံဆိပ် သီးသန့်အရောင်းဆိုင်များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး အထက်တန်းကျောင်းများ၊ တက္ကသိုလ်များနှင့်စက်ရုံအလုပ်ရုံများမှ ပညာပေးဆွေးနွေးပွဲများ ပြုလုပ်လိုကြောင်း တရားဝင်ဆက်သွယ်လာပါကလည်း ၎င်းတို့စီစဉ်ပေးသည့်နေရာများတွင် SPOT မိုဘိုင်းဆွေးနွေးပွဲများ ကျင်းပပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဆွေးနွေးပွဲပြုလုပ်ပေးစေလိုသူများ အနေဖြင့် www.mpt.com.mm သို့ ဝင်ရောက်၍ လျှောက်လွှာဖောင်ကို ဒေါင်းလုပ်ရယူပြီး Customercare@mptjo.com.mm သို့ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

MPT က ကြီးမှူးကျင်းပမည့် အဆိုပါမိုဘိုင်းဖုန်းဆွေးနွေးပွဲများတွင် စမတ်ဖုန်းများကို ပိုမိုအကျိုးရှိစွာအသုံးပြုနိုင်ရန်နှင့်လုံခြုံစိတ်ချရမှုအပြည့်ဖြင့် အသုံးဝင်သည့်နေရာတိုင်းတွင် အသုံးချနိုင်ရန် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စမတ်ဖုန်းများ၏အသုံးဝင်ပုံများ၊ စမတ်ဖုန်းကို လွဲမှားစွာအသုံးပြုပါက ဖြစ်ပေါ်လာနိုင်သောပြဿနာရပ်များနှင့် MPT ၏ ဝန်ဆောင်မှုများအား အကောင်းဆုံးအသုံးပြုပုံများကိုလည်းကောင်း၊ မိုဘိုင်းဒေတာအသုံးပြုမှုများကို မည်သို့ ထိန်းချုပ်ရမည်၊ မရည်ရွယ်ဘဲ အသုံးပြုမှုမရှိစေရန် မည်သို့ပြုလုပ်ရမည် စသည့်အကြံပေးချက်များကိုလည်း ထည့်သွင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် MPT ၏မိုဘိုင်းဖုန်းဆွေးနွေးပွဲကို ပဲခူး၊ ချင်း၊ ကချင်၊ ကရင်၊ မကွေး၊ နေပြည်တော်၊ မွန်၊ ရခိုင်၊ စစ်ကိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တနင်္သာရီနှင့်ရန်ကုန်တိုင်းဒေသကြီးတို့ရှိမြို့နယ်များတွင် ကျင်းပပေးသွားမည်ဖြစ်သည်။

**မယ်သီတာ**

## ၂၀၁၆ အိမ်ခြံမြေဈေးကွက်အခြေအနေနှင့် အနာဂတ်အလားအလာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် iMyanmar-House တို့ပူးပေါင်းကျင်းပသည့် "၂၀၁၆ အိမ်ခြံမြေဈေးကွက်အခြေအနေနှင့် အနာဂတ်အလားအလာ"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို မေလ ၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း ရှိ UMFCCI တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးဟောပြောပွဲတွင် အိမ်ခြံမြေဆိုင်ရာကျွမ်းကျင်သူများ၊ စီးပွားရေးပညာရှင်များဖြစ်ကြသည့် ဒေါက်တာမောင်အောင် (စီးပွားရေး ပညာရှင်)၊ ဦးကိုကိုထွေး(တော်ဝင်စင်တာ)၊ ဦးတင်မောင် (မန္တလေးတိုင်း ဒေသကြီးအိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း)၊ ဦးစိုင်းခွန် နောင်(စိုင်းခွန်နောင်အိမ်ခြံမြေ၊ ရန်ကုန် တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင် များအသင်းဥက္ကဋ္ဌ)၊ ဦးနေမင်းသူ(အုပ်ချုပ်မှုဒါရိုက်တာ၊iMyanmarHouse) တို့က ၂၀၁၆ အိမ်ခြံမြေဈေးကွက် အခြေအနေနှင့်အနာဂတ်အလားအလာ များနှင့်ပတ်သက်၍ ဆွေးနွေးဟော ပြောခဲ့ကြကြောင်း သတင်းရရှိပါသည်။

ထို့ပြင် iMyanmarHouse မှ ကြီးမှူးကျင်းပမည့် အိမ်ခြံမြေအရောင်းပြပွဲကြီးကို လာမည့် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏပိုမိုဆောင်ရွက်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်း ကုန်သွယ်ရေးစခန်းက ၂၀၁၆ ခုနှစ် ဧပြီလတွင် ပို့ကုန်ကန်ဒေါ်လာ ၅ ဒသမ ၃၆၁ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၄ ဒသမ ၉၁၆ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၀ ဒသမ ၂၇၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူထက် ပို့ကုန် ကန်ဒေါ်လာ ၂ ဒသမ ၃ သန်းကျော်၊ သွင်းကုန်ကန်ဒေါ်လာ သုညဒသမ ၈၈သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၂၅၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကာလတူထက် ပို့ကုန်ပိုင်းပိုမိုရခြင်းမှာ ကော့သောင်းဒေသရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ရေထွက်ကုန် ငါးမျိုးစုံ၊ ပုစွန်၊ ပင်လယ်ငါးရှဉ့်နဲ့ ရေဘဝဲ၊ လယ်ယာထွက်ကုန် အုန်းသီး၊ ရော်ဘာသစ်ခွဲသားများနဲ့ ဆီအုန်းကြိတ်ဖတ်ကုန်ကြမ်းများ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

သွင်းကုန်ပိုင်းပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုမှ ဘိလပ်မြေ၊ လုပ်ငန်းသုံးပစ္စည်း၊ ဓါတ်မြေဩဇာ၊ ရေနံထွက်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများဖြစ်တဲ့ ဆေးဝါးပစ္စည်းများ၊ နို့ဆီ၊ စားအုန်းဆီ၊ ဆပ်ပြာတို့ ပိုမိုတင်သွင်းနိုင်ခဲ့တဲ့အတွက်လို့သိရပါတယ်။

အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ရာမှာတော့ ဧပြီက သင်္ကြန်မြန်မာ နှစ်သစ်ကူး ရက်ရှည်ရုံး ပိတ်ရက်ဖြစ်ခြင်း၊ သင်္ကြန်မတိုင်မီကာလကလည်း ပို့ကုန်ငါးဖမ်းလှေများ ထွက်ခွာမှုမရှိခြင်း၊ သွင်းကုန် ကမ်းရိုးတန်းလှေများလည်း ရန်ကုန်သို့ အားလုံးထွက်ခွာသွားကြပြီး သင်္ကြန်ကာလပြီးမှ ပြန်လည်ဝင်ရောက်လာသဖြင့် ကုန်တင်ပို့နိုင်မှုလျော့နည်းခဲ့ကြောင်း၊ ပို့ကုန်ရောသွင်းကုန်ပါ လျော့နည်းခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၆၀၅ သန်းလျော့နည်းဆောင်ရွက်နိုင်ခဲ့တယ်လို့သိရပါတယ်။

ဧပြီတွင် အများဆုံး တင်ပို့သောကုန်ပစ္စည်းများမှာ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ပင်လယ်ငါးရှဉ့်၊ အခြားရေထွက်ပစ္စည်း၊ အုန်းသီး၊ ဆီအုန်းကြိတ်ဖတ်ကုန်ကြမ်း၊ ရေဘဝဲ၊ ရော်ဘာ သစ်ခွဲစနဲ့ ကဏန်းတို့ဖြစ်ပါတယ်။ အများဆုံးသွင်းကုန်များမှာ ဘိလပ်မြေ၊ အခြားပစ္စည်းများ၊ သံနဲ့သံမဏိပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ သုတ်ဆေး၊ ပေါလစ်များ၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ စားအုန်းဆီ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ နို့ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများနဲ့ ဆောက်လုပ်ရေးပစ္စည်းများ ဖြစ်ကြပါတယ်။ ယခုနှစ်ဧပြီလမှာ ITC နဲ့ အသုံးပြုပြီး ကုန်သွယ်မှုဆောင်ရွက်ခြင်းမရှိဘူးလို့သိရပါတယ်။

ကော့သောင်းဒေသရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ခြင်းမှာ ကော့သောင်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနဲ့ ပို့ကုန် တိုးတက်တင်ပို့ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရေထွက်ပစ္စည်းတင်ပို့တဲ့ ကုမ္ပဏီများကလည်းသတ်မှတ် GTR အတိုင်းတင်ပို့ခြင်း၊ ကော့သောင်းငါးလုပ်ငန်းဦးစီးဌာနကလည်း ရေလုပ်ငန်းရှင်များ သတ်မှတ်အရေအတွက် ပြည့်မီအောင်တင်ပို့နိုင်ရေး တွန်းအားပေးဆောင်ရွက်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ မကြာမီ မိုးတွင်းကာလရောက်ရှိပါက ငါးဦးစီးဌာနမှ ငါးမဖမ်းရ သတ်မှတ်ကာလများတွင် ပို့ကုန်လျော့နည်းသွားနိုင်ခြင်း၊ ရာသီဥတုဆိုးရွားတဲ့ ကာလများမှာ အဓိကသွင်းကုန်ပစ္စည်း ဘိလပ်မြေများ တင်သွင်းနိုင်မှု လျော့နည်းနိုင်တယ်လို့ မျှော်မှန်းထားပါတယ်။

**Pan**

# Toyota မှ အသစ်ထုတ်လုပ်လိုက်သည့် Fortuner အမျိုးအစားကားသစ်အား အမေရိကန်ဒေါ်လာ ခြောက်သောင်းကျော်ဖြင့် ရောင်းချပေးမည်

Toyota မှအသစ်ထုတ်လုပ်လိုက်သည့် Fortuner ကားအမျိုးအစားအား အမေရိကန်ဒေါ်လာ ၆၁၃၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ရန်ကုန်-မြို့ ရှိ Toyota ကားအရောင်းပြခန်းနှင့် Aye & Sons ကားအရောင်းစင်တာ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

အဆိုပါဈေးနှုန်းမှာ ဝယ်ယူသည့်သူ၏ဝင်ငွေခွန် မပါဝင်ဘဲ ကျန်သည့်အခွန်များ အားလုံးပေးဆောင်ပြီး တန်ဖိုးဖြစ်ကြောင်း သိရသည်။

တိုယိုတာ၏ကားအမျိုးစားသစ် Fortuner သည် ဝင်ငွေမြင့်မားပြီး ခေတ်ရေစီးကြောင်းနှင့်အညီ နေထိုင်လျက်ရှိသော သုံးစွဲသူများအတွက် အဓိကရည်ရွယ်သည့် SUVအမျိုးအစားသစ်၏ အမှတ်သင်္ကေတဖြစ်ကြောင်း သိရသည်။




Toyota Fortuner တွင် အဆင့်မြင့်ဘေးကင်းလုံခြုံမှုကို အဓိကထားလုပ်ဆောင်ထားပြီး မျှော်လင့်မထားသည့်နောက်ဆက်တွဲဆိုးကျိုးများကို မဖြစ်ပေါ်စေသည့်အပြင် အန္တရာယ်များကို ရှောင်ရှားခြင်းမှလည်း ချိန်ညှိလုပ်ဆောင်ပေးနိုင်သည့် ကားအမျိုးအစားဖြစ်သည်။

အဆိုပါ ကားအမျိုးအစားသစ်သည် ဘီးများပေါ်ရှိ သက်ရောက်အားများအား ထိန်းညှိပေးသည့် EBD ပါရှိသည့်ဘရိတ်ဖြုတ်စနစ်၊ ယာဉ်တည်ငြိမ်မှုထိန်းချုပ်စနစ်၊ ဆွဲအားထိန်းချုပ်မှုစနစ်၊ လှွဲယမ်းထိန်းချုပ်မှုစနစ်၊ ကုန်းတက်ကုန်းဆင်းများ၌ ကူညီထိန်းချုပ်မှုစနစ်၊ ဖြည့်စွက်ကန့်သတ်စနစ် လေအိတ်ခုနစ်မျိုး (ယာဉ်မောင်းနှင့် ခရီးသည်ရှေ့ရှိ လေအိတ်များ၊ ယာဉ်မောင်းသူ၏ ဒူးနေရာရှိလေအိတ်၊ ဘေးဘက်ရှိလေအိတ်များ၊ ပြတင်းပေါက်ဘက်ရှိလေအိတ်များ)တို့ကို ထည့်သွင်းထားသဖြင့် ဘေးကင်းလုံခြုံမှုကို သိသာထင်ရှားစွာ ခံစားရနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန် တန်ချောက်ထောင်ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းများမှ ဧပြီ၂၃ ရက်မှ ၂၉ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ ၅ ဒသမ ၁၅၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၆၂၅၄ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄၁၃၀ တန်ကျော် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၅၂ သန်းတန်ဖိုးရှိရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၈၂တန်ကျော်၊ကဏန်းမျိုးစုံ ၂၂ တန်ကျော်၊ငါးရှဉ့် ၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၅ တန်နီးပါးပိုမိုခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၁၆၁ သန်းတန်ဖိုးရှိရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၂၉၁၉ တန်ကျော်၊ ကင်းမွန် ၇၄ တန်၊ ပုစွန် ၇ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၄ တန်ကျော်၊ ရေဘဝဲ ၄ တန် နီးပါးနဲ့ ကဏန်း ၁ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၇၈၃ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၈၄၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၄၆၉ တန်ကျော်၊ငါးမှုန့် ၁၆၄၁ တန်၊ရေငံပုစွန် ၂၁ တန်ကျော်နဲ့ ကင်းမွန် ၂ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၃၁၂တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# မောတောင်ကုန်သွယ်ရေးစခန်းမှ ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပိုမိုဆောင်ရွက်နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မောတောင်ကုန်သွယ်ရေးစခန်းက ဧပြီ ၂၉ ရက်အထိ ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၁၀၇ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၁၂၆ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူထက် ပို့ကုန် ကန်ဒေါ်လာသုည ဒသမ ၁၀၄ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာသုည ဒသမ ၁၀၈ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုလမှာ ယခင်က မောတောင်ကုန်သွယ်ရေးစခန်းမှ တင်ပို့ဘူးခြင်းမရှိတဲ့ ဝါးနဲ့ ငါးမှုန့်များ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ မောတောင်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသိသိသာသာ ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ပွင့်လင်းရာသီဖြစ်သဖြင့် နှစ်နိုင်ငံခရီးသွား ဧည့်သည်များ ဝင်ထွက်သွားလာမှု ပိုမိုလာတယ်လို့ သိရပါတယ်။ တစ်ဖက်နိုင်ငံဒန်စင်ခွန်ဂိတ်ဟာ အထူးယာယီဂိတ်အဆင့်သာ ရှိတဲ့အတွက် တရားဝင်ကူးသန်းရောင်းဝယ်ခြင်းထက် လုံခြုံရေးကန့်သတ်တားမြစ်ချက်များများနေတယ်လို့ မောတောင် ကုန်သွယ်ရေးစခန်းတာဝန်ခံက သုံးသပ်ထားပြီး နှစ်နိုင်ငံဆွေးနွေးပွဲများမှာ ခိုင်မာတဲ့ ကုန်သည်များနဲ့ ချိတ်ဆက်နိုင်ရေးကြိုးပမ်းလျက်ရှိတယ်လို့ ပြောကြားပါတယ်။

**ပိတောက်**

# ရိဒ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပိုမို

မြန်မာ- အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းက ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ပို့ကုန်ကန်ဒေါ်လာ ၁ ဒသမ ၁၈၀ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၇၈၁ သန်းဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၉၆၁ သန်းရရှိခဲ့ပါတယ်။ ယမန်နှစ်ကာလတူဖြစ်တဲ့ ဧပြီနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၄၁၅ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၂၇၄ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှု ပမာဏ ကန်ဒေါ်လာ သုည ဒသမ ၆၈၉ သန်းပိုမိုခဲ့ပါတယ်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၆၃၂ သန်းလျော့နည်းပြီး၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၂၈၅ သန်း ပိုမိုခဲ့ပါတယ်။

ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် လယ်ယာထွက်ကုန်ဖြစ်တဲ့ ကွမ်းသီး၊ စက်မှုကုန်ချောဖြစ်တဲ့ မုန့်မျိုးစုံ၊စီးကရက်နဲ့တံမြက်စည်းမွှေးကုန်ကြမ်းတို့ ပိုမိုတင်ပို့နိုင်ခဲ့လို့ ဖြစ်ပါတယ်။ သွင်းကုန်ပိုမိုရခြင်းမှာ လုပ်ငန်းသုံးကုန်ကြမ်းဖြစ်တဲ့ ဓာတ်မြေဩဇာ၊ နိုင်လွန်ချည်နဲ့ လူသားဆံပင်တို့ပိုမို တင်သွင်းခဲ့၍ဖြစ်ပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ၂၀၁၆ ခုနှစ် ဧပြီလ အများဆုံးပို့ကုန်မှာ ကွမ်းသီးဖြစ်ပြီး အများဆုံးသွင်းကုန်မှာ နိုင်လွန်ချည်ဖြစ်ပါတယ်။

**ခင်မြနွယ်**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ATIGA Gap Assessment နှင့် စပ်လျဉ်းသည့် Implementing ATIGA to link up to ASEAN Value Chains Workshop သို့ တက်ရောက် အမှာစကားပြောကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ATIGA Gap Assessment နှင့်စပ်လျဉ်းသည့် Implementing ATIGA to link up to ASEAN Value Chains အလုပ်ရုံဆွေးနွေးပွဲကို မေ ၂ ရက်က နေပြည်တော်ဟိုတယ်ဇုန်ရှိ Park Royal Hotel ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် တက်ရောက် အမှာစကားပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားရာတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း အခြေတည်ရာဖြစ်သည့် AEC Blueprint ကို အကောင်အထည်ဖော်ရာမှာ ဘာသာရပ်အလိုက်ဌာနများ အနေဖြင့် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများရှိသကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်ရှိသည့်ကဏ္ဍများလည်း ရှိနေဦးမှာဖြစ်ကြောင်း၊ သို့ဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ အဓိကကျောရိုးဖြစ် သည့် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ပါ အခန်းပေါင်း ၁၁ ခန်းထဲက ပုဒ်မပေါင်း ၉၈ ခုအနက် မည်မျှအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို ကမ္ဘာ့ဘဏ်က ကူညီစစ်တမ်းပြုစုပေးထားခြင်းဖြစ်ကြောင်း၊ အစီရင်ခံစာတွင် ကဏ္ဍငါးခုဖြစ်သည့် ပွင့်လင်းမြင်သာမှုရှိရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ အပင်တိရစ္ဆာန် ပိုးမွှားကင်းစင်သန့်ရှင်းရေးနှင့် စံချိန်စံညွှန်းဆိုင်ရာကိစ္စများ၊ အကောက်ခွန်ကိစ္စများ ဖော်ထုတ်ထားသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံရဲ့လွတ်လပ်သောကုန်သွယ်မှုအကျိုးရှိရှိ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် အားနည်းချက်၊ အားသာချက်များ ရှိနေမှာဖြစ်ကြောင်း၊ သို့ပါ၍ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အပေါ် လိုက်ပါဆောင်ရွက်နိုင်မှု၊ လိုအပ်နေ သော ကွာဟချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေမှုများကို ဖော်ထုတ်ပြီး ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် အကူအညီလိုအပ်သည်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်မှ အတိုင်ပင်ခံများဖြစ်ကြသော Mr. Sjamsu Rahardja နှင့် Mr. Fabio Artuso တို့အပါအဝင် အဖွဲ့ဝင် ၆ ဦးတို့မှ အစီရင်ခံစာနှင့်ပတ်သက်၍ ဌာနအကြီးအကဲများနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများသို့ ရှင်းလင်းဆွေးနွေးခြင်း၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပါသည်။ ဆက်လက်၍ တက်ရောက်လာကြသော ကိုယ်စားလှယ်များမှ မရှင်းလင်းသည်များ၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ၊ ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များ၊ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# ကယားပြည်နယ် ကန္တရဝတီကုန်သွယ်မှုဗဟိုဌာန အောင်မြင်စွာဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးဝင်း၌ ကယားပြည်နယ် ကန္တရဝတီကုန်သွယ်မှုဗဟိုဌာန (Trade Center) ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ်၊ ပြည်နယ်အစိုးရဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးအောင်စိုးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ITC မှ နိုင်ငံခြားဧည့်သည်တော်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းအကြောင်း စိတ်ဝင်စားသောပြင်ပလေ့လာသူများ စုစုပေါင်း ၁၁၅ဦး တက်ရောက်ခဲ့ကြပါသည်။



အဆိုပါအခမ်းအနားမှာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့သည် ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းသစ်တစ်ခု စတင်ဖောက်လုပ်တဲ့နေ့တစ်နေ့အဖြစ် သတ်မှတ်ပြောဆိုလို့ရတဲ့ နေ့တစ်နေ့ဖြစ်ပါကြောင်း၊ နယ်မြေဒေသ ငြိမ်းချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှုလုံခြုံကောင်းမွန်လာတဲ့အတွက် ဒေသဖွံ့ဖြိုးရေး အထိုက်အလျောက် တိုးတက်လာတာ မြင်တွေ့ရပါကြောင်း၊ ဒါ့အပြင် ကယားပြည်နယ်ရဲ့ သဘာဝအလှနဲ့ ရိုးရာယဉ်ကျေးမှုတွေကြောင့် နိုင်ငံခြားသား ခရီးသွားများက စိတ်ဝင်စားလာတဲ့နေရာလည်း ဖြစ်ခဲ့ပါကြောင်း၊ ဒီအခြေခံကောင်းတွေရှိတဲ့ ဒေသဖြစ်တဲ့အတွက် ကျွမ်းကျင်သူပညာရှင်များရေးဆွဲတဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-N.E.S)မှာ ကယားပြည်နယ်က ခရီးသွားလုပ်ငန်းကဏ္ဍ (Tourism Sector) ကို အကောင်ထည်ဖော်ခဲ့တာ အတော်အတန်အောင်မြင်မှုရတယ်လို့ ပြောဆိုရမှာဖြစ်ပါကြောင်း၊ ဒီခရီးသွားလုပ်ငန်းနဲ့အတူ ကုန်သွယ်ရေးကိုလည်း တစ်ချိန်တည်းမှာ တိုးတက်အောင် ဆောင်ရွက်ဖို့လိုအပ်လာမှာဖြစ်ပါကြောင်း၊ နိုင်ငံတကာကုန်သွယ်ရေးမှာ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ကုန်သွယ်မှုဗဟိုဌာနတွေလည်း လိုအပ်လာမှာဖြစ်ပါကြောင်း၊ အခုခေတ်ကာလမှာ ကုန်ရောင်းသူနဲ့ဝယ်သူတွေဟာ ဒီစင်တာတွေမှာ လာရောက်ဆွေးနွေးပြီး အရောင်းအဝယ် ဆောင်ရွက်ခဲ့တာဖြစ်ပါကြောင်း၊ တိုးတက်လာတဲ့ခေတ်နဲ့အညီ ယနေ့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကနေ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ ကန္တရဝတီကုန်သွယ်မှုဗဟိုဌာနကို စတင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဒီစင်တာဟာ ကယားပြည်နယ်မှထွက်ရှိတဲ့ ကုန်ပစ္စည်းများရဲ့ သတင်းအချက်အလက်များကို ကမ္ဘာ့အရပ်ရပ်ကုန်သည်များဆီကို အရောက်ကြော်ငြာပေးမယ့် နေရာဖြစ်ပါကြောင်း၊ ဒါ့အပြင် ဒေသခံကုန်သည်များရဲ့လုပ်ငန်းအောင်မြင်စေဖို့ဝန်ဆောင်မှုကိုလည်း ဒီနေရာကနေပဲဆောင်ရွက်ပေးသွားမယ်လို့ သိရကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးအောင်စိုးက ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ကယားပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ITC မှ ကျွမ်းကျင်ပညာရှင်များက ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး၊ အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းဈေးကွက်တွင် ကယားပြည်နယ်၏ ဒေသထွက်လက်မှုပစ္စည်းများထုတ်လုပ်မှု ဖွံ့ဖြိုးရေး Community Based Tourism, Culture Tourism တို့အတွက် သက်ဆိုင်ရာအသင်းအဖွဲ့ ပုဂ္ဂိုလ်များ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကန္တရဝတီ ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်ရခြင်းအကျိုးကျေးဇူးများအကြောင်း၊ တိုင်းနှင့်ပြည်နယ်ခြောက်ခု၌ ကုန်သွယ်မှုဗဟိုဌာနများဖွင့်လှစ်ခဲ့ပြီး ကယားပြည်နယ်၏ အထင်ကရနေရာများအနက်မှတစ်ခုအပါအဝင်ဖြစ်သော ကန်ခုနစ်ဆင့်ကို အစွဲပြု၍ ခုနစ်ခုမြောက် ကုန်သွယ်မှုဗဟိုဌာနကို ပဏာမ ဖွင့်လှစ်ပါကြောင်း၊ နိုင်ငံခြားသားခရီးသွား ဧည့်သည်များဝင်ရောက် သွားလာလည်ပတ်ခြင်းကြောင့် ဝန်ဆောင်မှုပို့ကုန်မြှင့်တင်ရာရောက်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမည် ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရမှလည်း အကူအညီများ ထောက်ပံ့ပေးသွားမည်ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသွားပါသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ကြွရောက်လာကြသော ဧည့်သည်များက ကုန်သွယ်မှုဗဟိုဌာနအတွင်းတွင် ဒေသထွက်ကုန်ပဲ၊ ပြောင်း၊ နှမ်း၊ ကယားရိုးရာချည်ထည်များ၊ ဝါးဖြင့်ပြုလုပ်သောလက်မှုထုတ်ကုန်များ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ထုတ်ကုန်ပစ္စည်းများ၊ ခရီးသွားလုပ်ငန်း မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်များ၊ ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များအား ပြသထားရာ ဝင်ရောက်လေ့လာကြည့်ရှုခဲ့ပြီး သိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

နိုင်ငံတကာ ကုန်သွယ်မှုစနစ်အရ ကုန်ပစ္စည်းများ၏ သတင်းအချက်အလက်များကို တစ်နေရာမှာ နမူနာပစ္စည်းများနှင့်အတူ ပြသရှင်းလင်းနိုင်ရန်နှင့် အရောင်းအဝယ်အတွက် ဝန်ဆောင်မှုပေးနိုင်သော ကုန်သွယ်မှုဗဟိုဌာနမျိုးကို ကယားပြည်နယ်မှာဖွင့် လှစ်နိုင်ခြင်းသည် ဒေသခံကုန်သည်လုပ်ငန်းရှင်များအတွက် အောင်မြင်မှုလမ်းစတစ်ခုပင်ဖြစ်ကြောင်း သတင်းရရှိသည်။

**လွင်ကိုအောင် - လွိုင်ကော်**

LESAFFRE GROUP

## BLESSING TRADING CO.,LTD

**EXPORTER & IMPORTER**

Haji Ko Maung Mya B.Sc. حلال

Business Representative

saf-instant

magimix

**Office**

No? 136,27 th St, Pabedan Township,
Yangon, Myanmar.
Tel: 01-246605, 387456
Fax: 95-1-246605, HP: 09-51-81289
E-mail: 786tdg@gmail.net.mm

**Residence**

No.1/3, 2nd Street,
Upper Mandalay Road, kandawgalay,
Mingalar Taung Nyunt Township,
Yangon, Myanmar.
Ph; 01-388851, 09-43194614

## TOE TET LINN CO., LTD.

Room-B-001, MAC Tower II, No. 797, Bogyoke Aung San Road,
(Coner of Wadan Street), Lanmadaw Township, Yangon, Myanmar.

TEL : 228847, 224982,
211637, 224811
FAX : 095-1-229090
E-mail : toetetlinn@myanmar.com.mm

## DIAMOND ARROW GENERAL TRADING CO., LTD.

RoomB-001, MAC Tower II, No. 797, Bogyoke Aung San Road, (Comer of Wadan Street),
Lanmadaw Township, Yangon, Myanmar.
Tel:228847, 224982, 211637, 224811, Fax: 95-1-229090 E-mail: diamondarrow@mptmail.net.mm

EXPORT

Pulses, Beans, Onion & All Agricultural Products, Especially Sesame Seeds.

IMPORT

Hardwares, Truck Tires, Milk Powder, Wheat Flour, Art Papers & Stationeries & Chemical Products, etc…




OFFICE ADDRESS

Room (B-001) MAC Tower II, No.797, Bogyoke Aung San Road, (Corner of Wadan Street), Lanmadaw Township,Yangon,Myanmar
Tel : 95-1-228847, 224982, 211637, 224811 Fax : 95-1-229090 E-mail : toetetlinn@myanmar.com.mm

WAREHOUSE ADDRESS

1.Block 42/154, Industrial Zone 3rd St., Industrial Zone (1), Shwe Pyi Thar Township, Yangon , Myanmar. Tel : 610240, 612594
2.No.23, U Pho Hlaing Rd., Cor of Min Gyi Maha Min Khaung St., Industrial zone (3), Shwe Pyi Thar Tsp, Yangon. Tel : 611197, 613083

## GOLD Media & Advertising




**No.864,Maharbawga Str ,8 qtr, Mayangone T/S, Kabaraye Post Office Bus Stop, Yangon. Myanmar Ph : 09-5418373,09-5088268,09799494728,09785088268**
**Hot : 09-975733555**
**E-mail- goldmedia864@gmail.com,website:goldmedia-myanmar.com**

## KO KO MYINT

INTERNATIONAL CO., LTD



No. (27)C, Thiri Mingalar Street, (8) Quarter, Kamaryut Townshiop,
Yangon, Myanmar.
Ph : +951 2305566(Ext: 321), + 959 43096061
officefamilys.group@gmail.com.


SUZUKI
Authorized Dealer
MYO MOTOR
Car Sale Center
New Suzuki Carry Truck
New Suzuki Carry Truck
ဂျပန်နိုင်ငံမှ MODEL မြင့်မြင့်ကားသန့်သန့်များကို ကြိုတင်၍ အမည်ပေါက်ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးနေပါသည်။
Brand new များကိုလည်းဝယ်ယူရရှိနိုင်ပါသည်။
ဆက်သွယ်ရန်- ၀၁-၄၀၀၁၂၃၊၀၁-၄၀၀၃၉၉၊၀၁-၅၅၆၆၈၅
Email:myomotor@gmail.com


ရွှေမှဲခေါင် ကားဝန်ဆောင်မှုလုပ်ငန်း
Motor Show Room အမှတ်(၁၆၁)၊ကျိုက္ကဆံလမ်း၊နတ်မောက်၊တာမွေ။
Ph: 09 5427002, 09 49600954


Farmer Auto Showroom
Grade (A) အဆင့်ရှိ ထုံကြည်စိတ်ချမှုအရှိဆုံး ကားအရောင်းစင်တာ
မြခန်း(၁) - အမှတ်(၁၀)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၃၁၅၀၉၆၄၃၊ ၀၉-၀၅၁၆၀၇၀၊ ၀၉-၇၀၃၉၄၅၃၃၇
မြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ (Ocetn Centre ရှေ့) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၆၆၁၅၀၀၊ ၀၉-၇၃၂၅၂၄၃၀၊
နေပြည်တော် - အမှတ်(၅၀၇)၊ ရာဇဌာနီလမ်း၊ပေါင်းလောင်း(၃)ရပ်ကွက်၊ပျဉ်းမနား၊ နေပြည်တော်။
ဖုန်း - ၀၉-၇၃၄၉၁၀၂၃
မန္တလေး - အမှတ်(၅၁၆)-က/ခ၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ ကျွဲဆည်ကန်မီးပွိုင့်အနီး။
ဖုန်း - ၀၂-၅၉၅၉၂၊ ၀၉-၇၃၁၅၂၄၃၇၊
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။
ဖုန်း - ၀၉-၃၁၀၂၄၀၄၇
ပုသိမ် - ဦးပိုင်အမှတ်(၂၇)၊ အမှတ်(၁၆၃-င)၊ စီးပွားရေးဇုန်(လွန်ကန်)၊ ပုသိမ်-ရန်ကုန်လမ်းမကြီး။
ဖုန်း - ၀၉-၀၅၃၇၆၆၇
ရန်ကုန်နှင့်နယ်လိုင်စင် Taxi များအရစ်ကျရမည်

## ကုန်သွယ်ရေးစခန်းအသီးသီးမှ ပြောင်းတန်ချိန် နှစ်သောင်းနီးပါးတင်ပို့

ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်းမြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ပြောင်းဖူးစေ့ ၁၄၁၇၀ တန် ၊လွယ်ဂျယ်မှ ၄၁၇၄ တန်ခွဲကျော်၊ ချင်းရွှေဟော်မှ ၂၈၄ တန်နဲ့ ကန်ပိုက်တီးမှ ၁၂၉၁ တန်ခွဲ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၄၆ သန်းဖိုးရှိ ပြောင်းဖူးစေ့ စုစုပေါင်း ၁၉၉၁၉ တန်ခွဲကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ဧပြီလပထမပတ်က မူဆယ် ကုန်စည်ဒိုင်တွင် ပြောင်းတစ်တန်ကို ၂၇၇၀၅၄ ကျပ်ရှိခဲ့ရာမှ ဧပြီလနောက်ဆုံးပတ်တွင် ၃၁၁၆၅၅ ကျပ်သို့ ဈေးမြင့်တက်လာတာ တွေ့ရပါတယ်။ တစ်ရက်လျှင် ပြောင်းကား အစီးရေ(၃၀-၅၀)ခန့် ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင် မှ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ သကြားဖြူတန်ချိန် လေးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း တစ်ဖက် တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၂၅ ဒသမ ၃၆၅ သန်းတန်ဖိုးရှိ သကြားဖြူ ၄၄၆၉၆ တန်ကျော် တင်ပို့ ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သကြားဖြူ ၃၄၈၇၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။တရုတ်နိုင်ငံရဲ့ သကြားလိုအပ်ချက်ကြောင့် သကြားဖြူများနေ့စဥ်တင်ပို့နေရတယ်လို့ မူဆယ် ကုန်သည်များထံမှ သိရပါတယ်။ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ လက်လီတစ်ပိသာ ပေါက်ဈေး ၁၂၀၀-၁၃၀၀ကျပ် ဈေးရှိတယ်လို့ သိရှိရပါတယ်။ **မြင့်မြင့်မာ**

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဝဥဩက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၂၈ သန်းတန်ဖိုးရှိ ဝဥဩက် ၆၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၁၆ တန်ကျော်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ဝဥဩက် ၅၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုအခါ ဝဥကို စနစ်တကျစိုက်ခင်းတွေနဲ့ စိုက်ပျိုးကြပြီး မြောင်းဘောင်တင်၍ စီးပွားဖြစ်စိုက်ပျိုးလာကြတယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

## တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့

ကချင်ပြည်နယ် မြစ်ကြီးနားနဲ့ ဝိုင်းမော်ဒေသတို့က ထွက်ရှိတဲ့ တစ်သျှူးငှက်ပျောကို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းနဲ့ ကန် ပိုက်တီးကုန်သွယ်ရေးစခန်းမှ တရုတ်ပြည်သို့ တင်ပို့လျက်ရှိရာ ဧပြီ ၂၃ ရက်မှ ၂၉ ရက် အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၆၅၃ သန်းတန်ဖိုးရှိတစ်သျှူးငှက်ပျောတန်ချိန် ၇၉၅၆ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။

**မြင့်မြင့်မာ**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန်၊ ဆီးသီးခြောက် တန် ၄၀ ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၀၃ သန်း တန်ဖိုးရှိ ဆီးဆန် ၂၄ တန်ကျော်နဲ့ ဆီးသီးခြောက် ၁၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဆီးဆန် ၂၃ တန်ကျော်တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ဆီးဆန် တစ်တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းကတော့ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ကာလအတွင်း ဆီးဆန်၊ ဆီးသီးခြောက် တင်ပို့မှုမရှိသော်လည်း ဆီးယိုထုပ် ၂၅ တန်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းဖိုးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **တင်တင်ထွန်း**

# ရော်ဘာဈေးကောင်းရ၍ ပိုမိုတင်ပို့

ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၁၆၉၃ တန် တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၁ ဒသမ ၇၀၉ သန်းရရှိခဲ့ပါတယ်။ ရော်ဘာဈေးလည်း မြင့်လာသလို တင်ပို့မှုပမာဏလည်း မြင့်တက်လာပါတယ်။ ယခုတစ်ပတ်ကုန်သွယ်ရေးစခန်းများအလိုက် တင်ပို့နိုင်မှုများမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 ၆၃၅ တန်၊ MSR-20 ၁၂၂ တန်ကျော်၊ RSS-1 တန် ၂၅၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 ၁၁၈ တန်ကျော်၊ RSS-5 ၂၆၇ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ RSS-3 တန် ၂၀၀ နဲ့ MSR-20 တန် ၁၀၀ အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုမရှိခဲ့ပါဘူး။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS-3 တစ်တန်လျှင် ၁၅၉၂၇၉၄ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်က ၁၂၄၁၃၃၉ ကျပ်ဖြစ်တဲ့အတွက် ဈေးတက်လာကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၆၁၉ သန်းတန်ဖိုးရှိ ရော်ဘာ ၂၄၀၃ တန်ကို မလေးရှား၊ဂျပန်နဲ့ ကိုရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ အများဆုံးတင်ပို့ပြီး RSS-3 ၁၇၅၆ တန်၊ MSR-20 တန် ၃၁၀ နဲ့ MSR-50 တန်၄၀၊ ဂျပန်နိုင်ငံသို့ TSR-20 ၁၉၆ တန်၊ ကိုရီယားနိုင်ငံသို့ TSR-20 ၁၀၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၂၂၀၆ တန်ပိုမိုတင်ပို့နိုင်ပါတယ်။

နိုင်ငံတကာရော်ဘာဈေးနှုန်း ယခုတစ်ပတ်မှာ ပြောင်းလဲမှု မရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးနှုန်းလည်း ပြောင်းလဲမှုမရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရပါတယ်။အသင်းမှထုတ်ပြန်ထားတဲ့ ဈေးနှုန်းများကို ဖော်ပြလိုက်ပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| **MSR (3)L** | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀ -၁၅၀၀ |

**ယဉ်ယဉ်အေး**

## မွန်ပြည်နယ်တွင် ရော်ဘာသစ်မှ အိမ်သုံးပရိဘောဂထုတ်စက်ရုံဖွင့်လှစ်

ဒေသထွက် ရော်ဘာသစ်ကုန်ကြမ်းမှ စားပွဲ၊ ကုလားထိုင်၊ ဘီဒို၊ ဆက်တီကုလားထိုင်၊ ကုတင်၊ နံရံကပ်ဘီဒိုအစရှိတဲ့ လူ့အသုံးအဆောင်ပစ္စည်းထုတ် စက်ရုံကို ဧပြီ ၂၉ ရက်က မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရိုးရိုးရွာမှာ ဖွင့်လှစ်လိုက်ပြီလို့ သတင်းရရှိပါတယ်။

ဒေသခံမိုးမြချယ်ကုမ္ပဏီလီမိတက်နဲ့ ဂျပန်နိုင်ငံမှ OJC Forest & Products Co.,Ltd Sumitomo Forestry Co.Ltd တို့ ပူးပေါင်းကာ MOS Lumber Products ကုမ္ပဏီအနေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပရိဘောဂပစ္စည်းများ ထုတ်လုပ်သွားမယ်လို့ သိရပါတယ်။

ရော်ဘာပင်အိုများ အစေးထွက်နှုန်း ကျဆင်းလာတဲ့ အခါခုတ်လှဲပြီး ထင်းအဖြစ်သုံးကြပါတယ်။ ယခုအခါ ရော်ဘာသစ်ကို ကုန်ကြမ်းအဖြစ်မှ တန်ဖိုးမြှင့် ပရိဘောဂကုန်ချော ထုတ်စက်ရုံကို ဖွင့်လှစ်လိုက်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာပါတယ်။ ရော်ဘာစိုက် တောင်သူများလည်း ရော်ဘာသစ်ရောင်းချရာမှ ယခင်ထင်းအဖြစ် ခုတ်လှဲမှုထက် ဈေးနှုန်းပိုမိုရရှိလာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရော်ဘာစိုက်ဧက ၁၄ သိန်းကျော်ရှိတဲ့အနက် မွန်ပြည်နယ်မှာ စိုက်ဧက လေးသိန်းရှစ်သောင်းကျော်ရှိပါတယ်။ **MIRT**

## မူဆယ်၊ မြဝတီ၊ တာချီလိတ်မှ ကြက်သွန်နီ တင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ ၃၅၆၀၀၀ တန်ဖိုးရှိကြက်သွန်နီ ၁၂၅၄ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၉၅၈၀၂ တန်ဖိုးရှိ ကြက်သွန်နီ ၁၀၀၈ တန်ကျော်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၉၅၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၇၈၀၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၃၀၀ တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ကြက်သွန်နီ တန် ၉၅၀ ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ယခင်သီတင်းပတ်က ကန်ဒေါ်လာ ၆၄၂၆၉ တန်ဖိုးရှိ ကြက်သွန်နီ ၂၂၁ တန်ကျော် တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာတော့ ကြက်သွန်နီ ၇၈၇ တန်ကျော်အပို့ပိုမိုခဲ့ပါတယ်။ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း ယခင်သီတင်းပတ်က ကန်ဒေါ်လာ ၅၂၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၂၀၀ တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ တန် ၁၀၀ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ကြက်သွန်နီ တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက် ပေါက်ဈေး ၃၂၅၇၄၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ **တင်တင်ထွန်း**

➡ စာမျက်နှာ ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် မှ အဆက်

လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ဝန်ထမ်းများ အနေဖြင့် ဌာနအလိုက်ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်စေရန်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန်ဖြစ်ကြောင်း၊ ယခု အစည်းအဝေးတွင် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် ပတ်သက်သောလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ပြဿနာများ၊ ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များအား ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းပေးကြရန် စသည်ဖြင့်ပြောကြားပြီးနောက် ကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်စခန်းများမှ သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းရန်ကျန်ရှိသော လုပ်ငန်းသုံးယာဉ်ယန္တရားများအား မူဆယ်နှင့် မြဝတီနယ်စပ်စခန်းတို့မှ စနစ်တကျ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ညှိနှိုင်းဆွေးနွေးကြပါသည်။ ဆက်လက်၍ တင်သွင်းခွင့်မူဝါဒနှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်မည့်မူဝါဒများကို ညှိနှိုင်းကြပါသည်။

ယင်းနောက် တက်ရောက်လာသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များမှ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး ဆွေးနွေးတင်ပြချက် များအပေါ် ကော်မတီဥက္ကဋ္ဌမှ ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

➡ စာမျက်နှာ ၃ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမှ အဆက်

အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် အထူးလုပ်ငန်းအဖွဲ့အနေနှင့် မူဝါဒများကို ခေတ်ကာလနှင့်အညီ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲ အတားအဆီးဖြစ်နေသည့် ဥပဒေ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့ပေးခဲ့ကြောင်း၊ အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကိုရှေးရှုသည့် ရေတိုရေရှည် မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ချက်ခြင်းဖြေရှင်းပေးနိုင်သည်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ အုပ်ချုပ်မှုလျင်မြန်ချောမွေ့စေရေးအတွက် One Stop Service ကို ထိရောက်စွာဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ပြည်တွင်းပြည်ပဈေးကွက်နှင့် ချိတ်ဆက်နိုင်မည့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ထို့အပြင် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် လွယ်ကူထိရောက်စွာ အကောင်အထည်ဖော်မည့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားရမှာဖြစ်ကြောင်းနှင့် အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ အောင်မြင်အောင်ဆောင်ရွက်သွားနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်း အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# မူဆယ်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းများတွင် တရားဝင်တင်သွင်းရန်ကျန်ရှိနေသည့် လုပ်ငန်းသုံးယာဉ်များအား ကွန်ပျူတာမှတ်တမ်းများအရ စိစစ်၍ ခွင့်ပြုပေးလျက်ရှိ

မူဆယ်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းများ တွင် တရားဝင်တင်သွင်းရန် ကျန်ရှိနေသည့် လုပ်ငန်းသုံးယာဉ်များအား ကွန်ပျူတာမှတ်တမ်းများအရ စိစစ်၍ ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် မေလဆန်းပိုင်းက မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးစခန်းမှ ၈၀၀၃ စီး၊ မြဝတီကုန်သွယ်ရေးစခန်းမှ ၄၆၃၂ စီးတို့ကို လိုင်စင်များစိစစ်၍ တရားဝင်တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ယခုအခါတွင် အဆိုပါစခန်းနှစ်ခုတွင် တရားဝင်တင်သွင်းရန်ကျန်ရှိနေသည့် ယာဉ်ယန္တရားကြီးများအားသက်တမ်းများတိုးမြှင့်၍ တရားဝင်တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင်း သက်ဆိုင်ရာစခန်းများတွင် သတင်းပေးပို့ရန်ကျန်ရှိနေသည့် မော်တော်ယာဉ်တင်သွင်းသူများ အနေဖြင့် သက်ဆိုင်ရာနယ်စပ်စခန်းများသို့ အချိန်မီသတင်းပို့၍ လိုင်စင်သက်တမ်းတိုး ကိစ္စရပ်များကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လိုင်စင်သက်တမ်းတိုးရန် ကျန်ရှိနေသည့် လိုင်စင်များအနက် မြဝတီကုန်သွယ်ရေးဇုန်တွင် မေ ၄ရက်မှ ၆ ရက်အထိ ယာဉ်စီးရေ ၁၉၃၃ စီး၊ မူဆယ်ကုန်သွယ်ရေးစခန်းမှ ယာဉ်စီးရေ ၄၅၂စီးတို့ကို တရားဝင်တင်သွင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

## ယာဉ်ယန္တရားတင်သွင်းမှုများအား လိုင်စင်တစ်စောင်လျှင် ၁၀ စီးသာ တင်သွင်းခွင့်ပြုမည် လုပ်ငန်းလိုအပ်ချက်အရ တစ်နှစ်လျှင် အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ယာဉ်တင်သွင်းမှုများကို ကန့်သတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါကန့်သတ်ချက်များအရ ယာဉ်ယန္တရားကြီးများတင်သွင်းမှုတွင် တစ်နှစ်လျှင် လိုင်စင်တစ်စောင်ကို ၁၀ စီးသာ တင်သွင်းခွင့်ပြုရန် ယာယီသတ်မှတ်ခဲ့ကြောင်း သိရသည်။

သို့သော် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်အရ အခက်အခဲများဖြစ်ပေါ်နိုင်ခြင်း၊ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်မှုရှိခြင်းတို့အတွက်ကိုမူ တစ်နှစ်အတွင်း ကားစီးရေအကန့်အသတ်မရှိ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ သို့သော် လိုင်စင်တစ်စောင်လျှင် ၁၀ စီးသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး လိုင်စင်အရေအတွက်ကိုမူ ကန့်သတ်ထားမည်မဟုတ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် ပို့ကုန် သွင်းကုန် ကွန်တိန်နာများ အချိန်မီ ထုတ်ယူနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိ

ပြီးခဲ့သည့် ဧပြီ ၂၃ရက်နှင့် ၂၄ ရက်တို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပြည်တွင်းပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်များနှင့် UMFCCI တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မိမိတာဝန်ယူမည့် ငါးနှစ်အတွင်း ပို့ကုန်ကဏ္ဍတွင် သုံးဆအထိ တိုးတက်လာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်း၏ အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက ပြည်ထောင်စုဝန်ကြီး၏ ပို့ကုန်သုံးဆ တိုးတက်အောင် လုပ်ဆောင်ရေးနှင့်ပတ်သက်သည့် မိန့်မှာချက်နှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြရာတွင် ပြည်ပသို့တင်ပို့မည့်ပို့ကုန် ပစ္စည်းများအတွက် ဆိပ်ကမ်းများသို့ ကုန်သေတ္တာများဝင်ရောက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်း၊ ဆိပ်ကမ်းသို့ရောက်ရှိနေသော သွင်းကုန် ကုန်သေတ္တာများအား ဆိပ်ကမ်းမှ ထုတ်ယူရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်း၊ ဆိပ်ကမ်းအတွင်း နေရာချထားရန် အပါအဝင် ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များတွင် အခက် အခဲများရှိနေခြင်းတို့အား သက်ဆိုင်ရာဌာနများမှ အမြန်ဖြေရှင်းပေးရန် တင်ပြခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုတွင် ပို့ကုန်/သွင်းကုန်ပြုလုပ်လျက်ရှိသည့် ပြည်ပအဝင်အထွက် ကုန်တင်သင်္ဘောကြီးများသည် သင်္ကြန်ရုံးပိတ်ရက်ကာလများနှင့် ဆက်စပ်တိုက်ဆိုင်ပြီး ဆိပ်ကမ်းရောက်ကုန်သေတ္တာများ ဆိပ်ကမ်းမှ ပြည်တွင်းသို့ အချိန်မီ သယ်ယူရှင်းလင်းနိုင်ခြင်းမရှိဘဲ နိုင်ငံခြားအဝင် ကုန်တင်သင်္ဘောကြီးများအနေဖြင့် ရန်ကုန်မြစ်ဝတွင် (၁၀)ရက်ကျော်ကြာခန့် တန်းစီစောင့်ဆိုင်းနေရကြောင်း Shipping Line Agency ကုမ္ပဏီအချို့၏ အခက်အခဲပြောကြားမှုများအရ သိရှိရပါသည်။ Agency များအနေဖြင့်လည်း ဆိပ်ကမ်းခနှင့် သင်္ဘောတင်ဆောင်ခများအတွက် ရက်လွန်ကြေးများ ပေးဆောင်နေရကြောင်း သိရှိရပါသည်။

ဆိပ်ကမ်းရောက်ရှိ ကွန်တိန်နာများ အချိန်မီ ဆိပ်ကမ်းရှင်းလင်းဆောင်ရွက်နိုင်ခြင်း၊ ရောက်ရှိလာသည့် သင်္ဘောတင်ဆောင်ထားရှိသော ကွန်တိန်နာများသည်လည်း ဆိပ်ကမ်းသို့မြစ်ဝမှဝင်ရောက်ချခြင်းနှင့် ချပြီးပြန်ထွက်မည့် ပြည်ပသင်္ဘောကြီးများသို့ တင်ဆောင်ရမည့် ကွန်တိန်နာပုံးခွံများသည်လည်း ယခင်ကဲ့သို့ ပုံမှန်ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် ပြည်တွင်းကွန်တိန်နာ သယ်ပို့ယာဉ်များသည်လည်း ဆိပ်ကမ်းအတွင်းတွင် နှစ်ည၊ သုံးည အိပ်စောင့်ဆိုင်းနေရ၍ ယာဉ်ငှားရမ်းရရှိရေး အခက်အခဲဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။ သင်္ဘောဆိုက်ကပ်ပြီး ဆိပ်ကမ်းရောက်ရှိ ကွန်တိန်နာများအား ဆိပ်ကမ်းအာဏာပိုင်မှ စာရွက်စာတမ်း (DO) အချိန်မီထုတ်ပေးနိုင်မှုမရှိ၍ အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းစဉ်များတွင် ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ကုန်ပစ္စည်းတင်ပို့ တင်သွင်းပြုလုပ်လျက်ရှိသည့် ကုမ္ပဏီများအနေဖြင့် ကွန်တိန်နာများ ရောက်ရှိထွက်ခွာမှုနှင့် ပြည်တွင်းသယ်ယူမှုအပေါ် Turn Over အစီအစဉ်ကြန့်ကြာမှုများကြောင့် မလိုလားအပ်သော ရက်လွန်ကြေး၊ ဒဏ်ကြေးများ ပေးဆောင်နေရကြောင်းနှင့် ပြည်ပမှ တင်သွင်းကွန်တိန်နာ အလုံးရေ ၃၆ ရာခိုင်နှုန်းခန့်မြင့်တက်လာပြီး တင်ပို့ကွန်တိန်နာအလုံးရေ သုံးရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ယင်းကိစ္စနှင့်ပတ်သက်၍ မေ ၅ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည့် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်း များမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်လည်း ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

Vol: 16, No.16 Monday May 9 2016

# ကမ္ဘာ့ကုန်သွယ်ရေးကွန်ရက်သို့ ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန
# x;azmufOif;a&mufjcif;

|ခမ်လျှန်စွမ်း|



ကမ္ဘာကြီးဟာ ရွာလေးတစ်ရွာဖြစ်လာတော့မယ်လို့ လွန်ခဲ့တဲ့ ၂၅နှစ်ခန့်က ဟောကိန်းဟာ အဲဒီ အချိန်က ရယ်စရာတစ်ခုအနေနဲ့ပဲရှိခဲ့ပါတယ်။ ဒီနေ့မှာတော့ ကမ္ဘာကြီးအတွင်းမှာဖြစ်ပျက်ခဲ့တာတွေ တစ်ချိန်တည်း တစ်ပြိုင်တည်း သိခွင့်ရနေကြပြီဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့လူမှုရေးစတဲ့ကဏ္ဍအသီးသီးရဲ့ သတင်းအချက်အလက်များကို အချိန်မီလိုအပ်သလို အသုံးပြုနိုင်တဲ့ကာလကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့လို ကုန်သွယ်ရေးကို ဝန်ဆောင်မှုပေးတဲ့ ဌာနတွေအတွက်တော့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ဟာအောင်မြင်မှုကို ဆောင်ကြဉ်းပေးမယ့် အချက်ဖြစ်လာပါတယ်။ ယနေ့ကမ္ဘာနဲ့အဝန်းမှာ ကုန်ရောင်းကုန်ဝယ်ကို သတင်းအချက်အလက်နည်းပညာနဲ့ ဆောင်ရွက်လာကြပါတယ်။ တစ်နေရာထဲမှာ အချိန်ကုန်မခံတော့ဘဲ ကိုယ်လိုချင်တဲ့ကုန်ကိုအွန်လိုင်းပေါ်ကနေမှာယူပြီးအွန်လိုင်းမှပဲ ငွေပေးချေ၊ ရောင်းသူက အရောက်ပို့စနစ်ကို ကျင့်သုံးလာနေပြီဖြစ်ပါသည်။

ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေဖြစ်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြုပြင်ပြောင်းလဲခြင်းတွေ၊ တည်ဆောက်ခြင်းတွေ၊ ဖြည့်ဆည်းခြင်းတွေနဲ့ခေတ်ကို အမှီလိုက်နေပြီဖြစ်ပါတယ်။ လူ့ရဲ့အရည်အသွေးမြှင့်တင်ရေးဟာ အရေးအကြီးဆုံးဖြစ်တဲ့အတွက်လည်း စွမ်းဆောင်ရည်သင်တန်းတွေ၊ လိုအပ်တဲ့ အိုင်တီပစ္စည်းတွေ၊ ဖြည့်ဆည်းပေးတာတွေကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခြားတစ်ဖက်မှာလည်း ကုန်သွယ်ရေးရဲ့ အင်္ဂါရပ်တစ်ခုဖြစ်တဲ့ ကုန်သွယ်မှုဗဟိုဌာနတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်မြို့ကြီးတွေမှာ ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ဒီစင်တာတွေရဲ့ သဘောတရားမှာ ကုန်ပစ္စည်းတွေကို အပြည်ပြည်ဆိုင်ရာသို့ကြော်ငြာပေးခြင်း၊ ဈေးကွက်တင်ပေးခြင်း၊ နိုင်ငံတကာက စိတ်ဝင်စားလို့ စုံစမ်းလာတဲ့အခါ ရှင်းလင်းတင်ပြပေးခြင်း၊ အရောင်းအဝယ်စာချုပ်များအတွက် ညှိနှိုင်းပေးခြင်း၊ အခြားလိုအပ်တဲ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းတဲ့ လုပ်ငန်းစဉ်များကို ဤစင်တာကနေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ဒီလိုဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့ စင်တာတွေ တစ်ခုပြီးတစ်ခုပေါ်ပေါက်လာတာ ခုနစ်ခုမြောက် စင်တာအဖြစ် ကယားပြည်နယ်လွိုင်ကော်မြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ပြည်နယ်ဦးစီးမှူး ရုံးဝင်းအတွင်းမှာ ဧပြီ၂၉ ရက်က ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန(Kandayawady Trade Center) ကိုအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ကယားပြည်နယ်ရဲ့ အထင်ကရစင်တာဖြစ်လာမယ့် ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်တဲ့အခါမှာ တိုက်ဆိုင်မှုတွေရှိပါတယ်။ ပထမတိုက်ဆိုင်မှုဟာ အမျိုးသားပို့ကုန်မဟာဗျူဟာရဲ့ ခရီးသွားလုပ်ငန်းစဉ်မှာ နိုင်ငံခြားသားခရီးသွားများအတွက် အမှတ်တရကုန် ပစ္စည်းထုတ်လုပ်ခြင်း၊ ဒေသထွက်ရိုးရာ စားသောက်ကုန်ထုတ် လုပ်ငန်းများ ပိုမိုလူသိများဖို့ စွမ်းဆောင်ပေးဖို့ လိုအပ်နေချိန်မှာ ဒီစင်တာဖွင့်လှစ်နိုင်ခြင်းဖြစ်ပါတယ်။ နောက်တိုက်ဆိုင်မှုတစ်ခုက ခရီးသွားများ ဆွဲဆောင်မှုအပြည့်အဝပေးနိုင်တဲ့ ကန်ခုနစ်ဆင့် (ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်တွင် တည်ရှိသည်) နဲ့ မြန်မာနိုင်ငံရဲ့ ခုနစ်ခုမြောက်ကုန်သွယ်မှုစင်တာ ဖွင့်လှစ်နိုင်ခြင်းဆိုတာတွေဟာ ကိန်းဂဏန်းတူညီမှုတိုက်ဆိုင်ခြင်းပဲဖြစ်ပါတယ်။ ကံကောင်းစေမယ့် ခုနစ်ဂဏန်းပဲဖြစ်ပါတယ်။

> ကယား ပြည်နယ်မှာ ကုန်သွယ်မှုစင်တာတစ်ခုကို
> အသင့်တော်ဆုံးချိန်မှာ ဖွင့်လှစ်နိုင်ခြင်းဟာ
> ဒေသခံကုန်သည်လုပ်ငန်းရှင်များကို
> တပ်လှန့်နိုးဆော်လိုက်သလို ဖြစ်စေခဲ့တာ အမှန်ပါ။

ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာနကို ဖွင့်လှစ်တာနဲ့တပြိုင်နက် ဒေသခံကုန်သည်များရဲ့ စိတ်ဝင်စားမှုအရှိန်အဟုန်ဟာ ဒီဆောင်းပါးရေးနေတဲ့အချိန်အထိ ရိုက်ခတ်နေဆဲဖြစ်ပါတယ်။ မူဆယ်မြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ လုပ်ဖော်ကိုင်ဖက် ကိုခွန်မင်းသန်းက ဒီစင်တာဖွင့်လှစ်တာ ဝမ်းသာကြောင်း၊ စင်တာဖွင့်လှစ်ရခြင်းရဲ့ သဘောတရားကို ဆောင်းပါးတစ်ပုဒ်အနေနဲ့ ရေးပေးဖို့ တိုက်တွန်းလာတဲ့အချိန်မှာပဲ စုံစမ်းလိုတဲ့လုပ်ငန်းရှင်များ တဖွဲဖွဲရောက်ရှိလာခဲ့ပါတယ်။

ရှမ်းပြည်နယ်၊ လားရှိုးမြို့အခြေစိုက် ခွန်ညီနောင်ကုန်သွယ်မှုကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာ ဦးငွေးနိုင်ဆိုသူကလည်း စင်တာရှေ့ထူထားတဲ့ ဆိုင်းဘုတ်ကိုမြင်ပြီး ဝင်ရောက်စုံစမ်းလာခဲ့ပါတယ်။ သူ့ကို စင်တာဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်တွေ နောင်အခါမှာ ကယား ပြည်နယ်ရဲ့ တိုးတက်လာမယ့် ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ အကြီးစား၊ အလတ်စား အိမ်တွင်းမှုလုပ်ငန်းများ၊ တိုးတက်လာမယ့် အခြေအနေနဲ့ နှိုင်းယှဉ်ပြီး ရှင်းပြတဲ့အခါမှာ အလွန်နှစ်ထောင်းအားရကြောင်း သူ့ရဲ့ဝေဖန်မှုက အားရစရာပါ။

ကျွန်တော်အနေနဲ့လည်း ဧည့်သည်များကို ရှင်းပြရင်း အားတက်လာမိတဲ့ အချက်တစ်ချက်ရှိနေပါတယ်။ တစ်ဖက်နိုင်ငံ မယ်ဟောင်ဆောင်မြို့ကနေ ခရီးသွားများအလုံးအရင်းနဲ့ ဝင်ရောက်ပြီး ကယားပြည်နယ်အတွင်း လေ့လာတဲ့အခါမှာ ကယားရိုးရာအစားအစာများ စားသောက်ဝယ်ခြမ်းခြင်း၊ ကယားရိုးရာအဝတ်အထည်များ ဝယ်ခြမ်းခြင်း၊ ကယားပြည်နယ်အမှတ်တရဝယ်ခြမ်းခြင်းစတဲ့ဝယ်ခြင်းများစွာအတွက် ယခုအချိန်ဟာ အပြင်းအထန်ပြင်ဆင်ရမယ့်အချိန်ဖြစ်တယ်ဆိုတာရယ်၊ အပြည်ပြည်ဆိုင်ရာသတင်းအချက်များပေးဖို့၊ လိုအပ်လို့အမှာစာများလာလို့ရှိရင် ဒီစင်တာရဲ့အိုင်ကွန်လေးတွေ မနားမနေ အလုပ်လုပ်ရမှာတော့ပါလား ဆိုတဲ့ အသိကြောင့် အားတက်မိပါတယ်။

ကယားပြည်နယ်ဆိုတာနဲ့ ပြည်မကလူအတော်များများက လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်၊ နယ်မြေကြမ်းတမ်းတယ်၊ ဒေသဖွံ့ဖြိုးမှုနောက်ကျတယ်အစရှိသဖြင့် အနှုတ်လက္ခဏာဘက်ကပြောဆိုတတ်ကြပါတယ်။ လက်တွေ့ ကယားပြည်နယ်ကိုရောက်သွားတဲ့ အခါမှာလည်း အနည်းငယ်တော့ တွန့်ဆုတ်နေမိတယ်။ ကယားပြည်နယ်ကို ရောက်သွားတဲ့ အခါမှာ နေပြည်တော်ကနေ မော်တော်ယာဉ်နဲ့ နေ့တစ်ဝက်ခရီး၊ လွိုင်ကော်ကနေ-ဒီမောဆို-ယာသို-လိပ်သို-တောင်ငူ-ရန်ကုန်ကိုလည်း နေ့တစ်ဝက်ခရီး၊ လွိုင်ကော်-အောင်ပန်း-ရွှာငံ-ဟန်မြင့်မိုရ်-ကျောက်ဆည်-မန္တလေး ခရီးလမ်းကလည်း၈ နာရီခရီး၊ လွိုင်ကော်-ဒီမောဆို-ဖရူဆို-ဘော်လခဲ-ဖာဆောင်း-မယ်စဲ့-နယ်စပ်မှတ်တိုင်၁၃ အထိ အသွားအပြန်လွိုင်ကော်မြို့အထိ မော်တော်ယာဉ်နဲ့ တစ်ရက်ခရီးပဲရှိတာဆိုတော့ လမ်းပန်းဆက်သွယ်မှုညံ့တဲ့အထဲမှာမပါပါ။ အစားအသောက်ပိုင်းမှာလည်း ရန်ကုန်မြို့ကိုလှမ်းပြီးမှာရတဲ့ အစားအစာကိုလည်း ဝယ်စားလို့ရတဲ့အနေအထား၊ ကုန်စုံဆိုင်ဆိုရင်လည်း လက်ချိုးရေတွက်မယ်ဆိုရင် ရှုးသွပ်သွားမယ့်အဖြစ်မျိုး ငါးရက်တစ်ဈေးကလည်း ချစ်စရာဒေသခလေ့၊ မိုဘိုင်းလ်ဈေးသည်တွေကလည်း ကြိုက်တဲ့အချိန် မိုဘိုင်းလ်တယ်လီဖုန်းနဲ့မှာလို့ရတဲ့ဒေသ၊ ဘယ်လိုမှ ဝေးလံသီခေါင်တယ်လို့ပြောလို့မရတော့တဲ့ ကယားပြည်နယ်ဖြစ်လို့နေပါပြီ။

ဒီလိုအခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းပြီးဖြစ်တဲ့ ကယားပြည်နယ်မှာ ကုန်သွယ်မှုစင်တာတစ်ခုကို အသင့်တော်ဆုံးချိန်မှာ ဖွင့်လှစ်နိုင်ခြင်းဟာ ဒေသခံကုန်သည်လုပ်ငန်းရှင်များကို တပ်လှန့်နှိုးဆော်လိုက်သလို ဖြစ်စေခဲ့တာ အမှန်ပါ။

ဒီမောဆိုမြို့နယ်၊ တနီးလာလဲကျေးရွာက ကယန်းအမျိုးသား (ပဒေါင်) တစ်ယောက်ကိုလည်း အမှတ်မထင်စားသုံးသူအကာအကွယ်ပေးရေးပညာပေးဟောပြောပွဲတစ်ခုမှာဆုံပြီး ကုန်သွယ်မှုဗဟိုဌာနအကြောင်းကို တိုးတိုးတိတ်တိတ်လာမေးရှာပါတယ်။ သူကနိုင်ငံခြားသားများ အလာများတဲ့ရွာကဖြစ်ကြောင်း၊ ဧည့်သည်တွေလာတိုင်း သူရက်လုပ်ထားတဲ့ ရိုးရာပလိုင်း(ခြင်းအသေး) များ ဝယ်ယူသွားလေ့ရှိကြောင်း၊ တကယ်လို့ ဈေးကိုက်မယ်ဆိုရင် ဆွေမျိုးသားချင်းများစုပေါင်းပြီး အများအပြားရက်လုပ်လိုကြောင်း၊ ဝယ်မယ့်လူနဲ့ ဈေးဆိုင်ပေးဖို့လာရခြင်းဖြစ်ကြောင်းပြောလာပါတယ်။ ကျွန်တော့်အနေနဲ့ သူ့အယူအဆကောင်းကြောင်း ကျွန်တော်တို့ရဲ့စင်တာကလည်း ဒီလိုကိစ္စများအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ တကယ်လို့များ လူနဲ့ဖန်တီးမည့်အစား စက်ကိုအသုံးပြုပြီး ဝါးဖြာခြင်းများလုပ်စေလိုကြောင်း၊ ဒေသခံအမှတ်တံဆိပ်တစ်ခုကိုလည်း တီထွင်ဖန်တီးစေလိုကြောင်း၊ ကိုယ်ဖန်တီးတဲ့ပစ္စည်းဟာလည်း ခိုင်ခန့်ပြီး နေ့စဉ်လုပ်ငန်းဆောင်တာမှာ အသုံးတည့်သည့် ဖြစ်စေလိုကြောင်း၊ ဥပမာ တရုတ်နိုင်ငံသွားရင် သူတို့ရဲ့ အမှတ်တရပစ္စည်းတွေမှာ ဒေသသင်္ကေတနဲ့ အပူချိန်တိုင်း(သာမိုမီတာ) ပါတပ်ဆင်ထားတာကို တွေ့ရကြောင်း၊ လှလှပပနဲ့ခန့်ခန့်ညားညားပစ္စည်းများ ထုတ်စေလိုကြောင်း၊ ပြောကြားပြီး ကျွန်တော်တို့ရဲ့စင်တာကိုလည်း နမူနာပစ္စည်းနဲ့လိုအပ်တဲ့အချက်အလက်များ ပေးပို့ဖို၊ အသစ်တီထွင်လိုက်တဲ့ ပစ္စည်းများ စင်တာကိုပို့လာခဲ့ရင်လည်း အပြည်ပြည်ဆိုင်ရာကို ကြော်ငြာပေးသွားမည်ဖြစ်ပါကြောင်း၊ ဈေးကွက်ဝင်ပါက ခင်ဗျားတို့လုပ်ငန်းရှင် သူဌေးဖြစ်သွားနိုင်ကြောင်း အစရှိသဖြင့်တိုက်တွန်းပြောဆိုလိုက်ပါတယ်။

အချုပ်အားဖြင့် တင်ပြရရင် ကယားပြည်နယ်ရဲ့ ပထမဦးဆုံး ကုန်သွယ်မှုဗဟိုဌာနဟာ ဒေသထွက် ကုန်ပစ္စည်းများ အရောင်းမြှင့်တင်ခြင်းနှင့် ကုန်ပစ္စည်းများ ဝယ်သူလက်ထဲရောက်ရှိပြီး ရောင်းသူဒေသခံ လုပ်ငန်းရှင်များလက်ထဲ တန်ဖိုးငွေရရှိနိုင်ရေးအတွက်များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒ့ါအပြင် ရှမ်းပြည်နယ်တောင်ပိုင်း ထွက်ကုန်ပစ္စည်းများကိုလည်း ဤစင်တာကနေပဲ ဆောင်ရွက်ပေးနိုင်စရာ အလားအလာများစွာရှိနေပါတယ်။ ခေတ်စနစ်နဲ့အညီ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းမှာ ကြားခံဆက်သွယ်ပေးမယ့် ကန္ဒရဝတီ ကုန်သွယ်မှုဗဟိုဌာနဟာ ရေရှည်အောင်မြင်မှုရရှိရေးနှင့် ဒေသခံတို့ အတွက် အကျိုးရှိမယ့် ဌာနတစ်ခုအဖြစ် ထာဝစဉ်ရပ်တည်နေရေးဟာ တာဝန်ကျကျွန်ုပ်တို့ရဲ့ ရည်မှန်းချက်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောပုသိမ်ကုမ္ပဏီမှ ခေတ်မီစပါးအခြောက်ခံစက်များ မိတ်ဆက်ရှင်းလင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိတ်ခွဲပြီး ဆန်အဆင့်အတန်းပိုမို မြင့်မားကာ ပြည်ပပို့ကုန် ပိုမိုရရှိစေရန်၊ ယခင်ကထက် ခေတ်မီစပါးအခြောက်ခံစက်များ အသုံးပြုနိုင်ရန်အတွက် ဧရာပုသိမ် ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီက တရုတ်(တိုင်ပေ) နိုင်ငံမှ ထုတ်လုပ်သည့် ခေတ်မီစပါးအခြောက်ခံစက်များကို SAN-SHEN Agricultural Machinery Science and Technology Co., Ltd နှင့်ပူးပေါင်းကာ တိုင်းဒေသကြီးအတွင်း ကိုယ်စားလှယ်ယူ၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ၎င်း စပါးအခြောက်ခံစက်နှင့်ပတ်သက်၍ ရရှိလာမည့် အားသာချက်များ၊ စက်အရည်အသွေး၊ အသုံးပြုပုံများအား မိတ်ဆက်ရှင်းလင်းပွဲကို ဧပြီ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် ကန်ကြီးထောင့်မြို့နယ် ဆန်စပါးအသင်းရုံးတွင် ကျင်းပပြု လုပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာန၊ တိုင်းရုံးနှင့်ကန်ကြီးထောင့်မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ တာဝန်ရှိသူများ SAN-SHEN Agricultural Machinery Science and Technology Co., Ltd မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည် များ၊ ကန်ကြီးထောင့်၊ ဘဲဂရက်၊ ဒါးက၊ ကျိုက်လတ်၊ မြင်းကဆိပ်၊ ကံကုန်း၊ တကုန်းကြီး၊ အပင်နှစ်ဆယ်ကျေးရွာများမှ ဆန်စက်ပိုင်ရှင်များ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါ အခမ်းအနားတွင် ဧရာပုသိမ်ကုမ္ပဏီနဲ့ တရုတ်(တိုင်ပေ) ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ခေတ်မီစပါး အခြောက်ခံစက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် စပါးအခြောက်ခံစက်အမျိုးအစားများမှာ ၃ တန်၊ တန် ၁၂၊ ၁၅တန်၊ တန် ၂၀၊ တန် ၃၀၊ တန် ၁၀၀၊ တန်၁၃၀ အထိ အမျိုးမျိုး ရှိပြီး ၃ တန်ခွဲစက်နှင့် ၁၂တန်ခွဲစက်ကို လူကြိုက်များ၍ လာရောက်မေးမြန်းဝယ်ယူလျက်ရှိကြောင်း၊ ကုမ္ပဏီ မှ ဝယ်ယူသည့် စက်ပိုင်ကို ဆန်စက်သို့သွားရောက် တပ်ဆင်ပေးပြီး စက်မောင်းအော်ပရေတာများကို စက်အသုံးပြုပုံများ ရှင်းလင်းသင်ကြားပေးသွားမှာဖြစ်ကြောင်း၊ ယခင်ကစပါးကို လှန်းရာတွင် လှန်းကွင်းကို အသုံးပြုရခြင်း၊ ကားလမ်းဘေးမှာ မိရိုးဖလာလှန်းခြင်းထက် အချိန်ကုန်သက်သာသလိုလုပ်အားများ အသုံးပြုခြင်းကိုလည်း လျှော့ချပေးနိုင်မှာဖြစ်ကြောင်း၊ အဆိုပါစက်ကို အသုံးပြုခြင်းဖြင့် သီးနှံအစိုဓာတ်ကို လျှော့ချနိုင်သည်သာမက အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ၊ အမှိုက်၊ အညာများကိုစက်မှ မှုတ်ထုတ်လိုက်သည့်အတွက် ယခင် မိရိုးဖလာ လှန်းခြင်းထက်စပါးမှာပို၍သန့်စင်သွားပါကြောင်း၊ စပါးအရည်အသွေးကောင်းမှသာ ဆန်အရည်အသွေးပိုကောင်းလာမှာဖြစ်သလို ဆန်အထွက်နှုန်းလည်းတိုးလာမှာ ဖြစ်ကြောင်း၊ ထို့ပြင် စပါးအခြောက်ခံစက်များ မိတ်ဆက် ရှင်းလင်းပွဲကို မေ ၃ ရက်တွင် မြောင်းမြမြို့နယ် ဆန်စပါးရုံးသို့ သွားရောက်၍ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်များအား မိတ်ဆက်ရှင်းလင်းပွဲ ထပ်မံပြုလုပ်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အနှံ့သို့ သွားရောက်၍ စပါးအခြောက်ခံစက်အကြောင်းကိုမိတ်ဆက်ရှင်းလင်းပွဲပြုလုပ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ကံထူးအောင် အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ပုသိမ်-ရန်ကုန်-မော်လမြိုင်မြို့သို့ ခရီးစဉ်လိုင်းသစ် စတင်တိုးချဲ့ ပြေးဆွဲ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ကံထူးအောင် အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ပုသိမ်-ရန်ကုန်(ဒဂုံဧရာအဝေးပြေး)-မော်လမြိုင်မြို့သို့ ခရီးစဉ်သစ်လိုင်းသစ် တိုးချဲ့ပြေးဆွဲခြင်းကို မေ ၇ရက်တွင် စတင်ပြေးဆွဲလျက်ရှိကြောင်း အဆိုပါယာဉ်လိုင်းမှ သိရပါတယ်။

ခရီးစဉ်သစ်ပြေးဆွဲပေးခြင်းဖြင့် ယခင်ပုသိမ်မြို့မှ ခရီးသွားများ မော်လမြိုင်မြို့သို့ သွားလာရာတွင် ရန်ကုန်မှတစ်ဆင့် သွားရောက်ရသဖြင့် လက်မှတ်မှာယူရခြင်း၊ ကားပြောင်းစီးရခြင်း စသည်တို့မှ အချိန်ကုန်ငွေ ကြေးကုန်ကျစရိတ်များလည်း လျော့နည်းသွားမှာဖြစ်ကြောင်း၊ ကံထူးအောင်ယာဉ်လိုင်းသစ်မှ ၄၉ ယောက်စီး Aircon လေအိတ်ကားများဖြင့် ပုသိမ်မြို့မှ နေ့စဉ် နေ့လယ် ၂နာရီထွက်ရှိပြီး မော်လမြိုင်မြို့မှ နေ့စဉ် ည ၇ နာရီပြန်လည်ထွက်ခွာမှာဖြစ်ကြောင်း၊ ကားလက်မှတ်များကို ပုသိမ်မြို့၊ ရွှေစေတီလမ်း၊ ကံထူးအောင်ကားဂိတ်၊ ဖုန်းနံပါတ် - ၀၉-၄၂၂၄၅၄၀၀၆၊ ၀၉ -၄၂၂၄၅၄၀၀၇ ဖုန်းနံပါတ်နှင့်ရန်ကုန်မြို့၊ လှိုင်သာယာ၊ ဒဂုံဧရာ အဝေးပြေး ဂိတ်မှစီးလျှင် ကံထူးအောင်ဂိတ်ဖုန်းနံပါတ် ၀၉ - ၄၂၀၁၅၅၉၁၁၊ ၀၉ - ၄၂၀၁၅၅၉၂၂နဲ့မော်လမြိုင်မြို့၊ လှိုင်အဝေးပြေးကားဝင်း၊ အခန်းအမှတ် (၂၂)၊ ဖုန်းနံပါတ် ၀၉ - ၈၅၁၆၇၇၈ သို့လည်း ကြိုတင်လက်မှတ်များမှာ ယူနိုင်ပြီဖြစ်ကြောင်း ပုသိမ်မြို့ ကံထူးအောင်ယာဉ်လိုင်းတာဝန်ခံ ဦးအောင်နိုင်ဦးက ပြောပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်သစ်သီးဝလံဈေးကွက်တွင် သရက်သီးမှည့်များဝင်ရောက်

ပြည်သစ်သီးဝလံဈေးကွက်တွင် ပြည်မြို့မှထွက်ရှိတဲ့ သရက်သီးမှည့်များထဲအနက် နာမည်ကျော်စိန်တစ်လုံးနဲ့ မြကျောက်သရက်သီးများ ဈေးကွက်သို့ ဝင်ရောက်လာတာတွေ့ရပါတယ်။ ဧပြီလတွင်းမှာ စတင်ပေါ်လာပေမယ့် မိုး မမှန်သေးတာကြောင့် အချဉ်ဓာတ်များပြီး ရှားပါးနေခဲ့ပါတယ်။ ယခုမေလဆန်းမှာ မိုးအနည်းငယ်ရွာသွန်းခဲ့တာကြောင့် သရက်သီးမှည့်များ၊ အချိုဓာတ်ရှိခါ အရောင်အသွေးရော အရွယ်အစားပါ ဈေးကွက်ဝင်လာတာတွေ့ရပါတယ်။ စိန်တစ်လုံး သရက်သီးတစ်လုံးလျှင် ၃၅၀ ကျပ်နဲ့ မြကျောက်သရက်သီး တစ်လုံးလျှင် ၂၀၀ ကျပ်၊ ၂၅၀ ကျပ်ဈေး ပေါက်ခဲ့ပါတယ်။ ဒေသတွင်း သရက်သီးမှည့်များမှာ ဝင်ရောက်လာသမျှ အရောင်းအဝယ်သွက်လျက် ရှိနေပါတယ်။

**နီနီဝင်း**

## တရုတ်ဝယ်လက်ကြောင့် အရောင်းအဝယ်သွက်လာတဲ့ မုံရွာဆီးသီးဈေးကွက်

ထွက်ပေါ်စမှာ ဆီးသီးအခြောက် တစ်ပိဿာ ၂၇၀ကျပ်ဝန်းကျင်ဈေးရှိတဲ့ ဆီးသီးခြောက်ဈေးက ဧပြီ/မေ လများအတွင်း တရုတ်ဝယ်လက်အဆွဲရှိနေတဲ့အတွက် တစ်ပိဿာရိုးရိုး ၄၀၀ကျပ်၊ ရှယ်(ဇကာချ) ၄၅၀ကျပ်ကျော်အထိ ဈေးမြင့်တက်ခဲ့ပြီး အရောင်းအဝယ်သွက်နေကြောင်း ဆီးပွဲရုံ ကုန်သည်တစ်ဦးက ပြောပြပါတယ်။ ယခုနှစ် တရုတ် ဝယ်လက်မှ ဆီးသီးခြောက် အဆွဲသွက်ခဲ့သဖြင့် ဈေးကွက်လက်ကျန်မှာလည်း သုံးပုံ တစ်ပုံခန့်သာကျန်တော့ကြောင်း ၎င်းက ထပ်လောင်းပြောပြပါတယ်။ ဆီးသီးခြောက်ဈေးသည် တရုတ်ဝယ်လက် အနည်းအများအပေါ် မူတည်ပြီး ဈေးအတက်အကျရှိခဲ့ပါတယ်။ ယခင်နှစ်က ဆီးစိုက်တောင်သူနဲ့ ကုန်သည်တို့ အရှုံးပေါ်ခဲ့ပြီး၊ ယခုနှစ်မှာတော့ ဈေးကွက်ကောင်းမွန်တဲ့အတွက် စိုက်ပျိုးသူ၊ ကုန်သည်တို့ အကျိုးအမြတ်များရရှိခဲ့ကြကြောင်း သိရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဆီးသီးကို ဘုတလင်၊ ဒီပဲယင်း၊ အရာ တော်မြို့နယ်များမှ အများဆုံးစိုက်ပျိုးပြီး တစ်နှစ်လျှင်ဆီးသီးခြောက် တန်ချိန်သုံးသိန်းခန့် ထွက်ရှိကြောင်း သိရပါတယ်။

**အောင်မင်း - တန့်ဆည်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019, email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522, email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339, email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၉-၅-၂၀၁၆ မှ ၁၅-၅-၂၀၁၆ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ရဲဝံ့စွန့်စားသော စိတ်ဓာတ်ရှိနေမည်။ အပြိုင်အဆိုင်အတိုက်အခံကြောင့် ပို၍ပင်နာမည်သတင်းကျယ်ပြန့်လာတတ်ပါသည်။ ပဲအမျိုးမျိုး၊ ဂျုံ၊ ဂျုံနှင့်ပြုလုပ်သော ပစ္စည်းများ စားသောက်ဖွယ်ရာများ အကျိုးပေးအားကောင်းနေမည်။ ပညာရေးနှင့်ပတ်သက်၍ အာရုံများနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မခိုင်မြဲမတည်မြဲသောချစ်သူကို ချစ်သူအဖြစ်သတ်မှတ်ထားမိတတ်ပါသည်။ ထို့ကြောင့် အခက်အခဲများကြုံရတတ်သည်။ ကျန်းမာရေးတွင် လေကြောင့်ဖြစ်သောရောဂါ၊ အပူကြောင့်ဖြစ်သောရောဂါသတိပြုသင့်ပါသည်။

**ယတြာ။ ။နို့ဆီလှူပါ။**



**တနင်္လာသားသမီးများအတွက်** ဉာဏ်ရည်ဉာဏ်သွေးရှိသော်လည်း ရည်ရွယ်ချက်ထားရှိမှုနှင့် ရည်ရွယ်ချက်မခိုင်မာမှုတို့ကြောင့် ကြိုးစားအားထုတ်မှု လမ်းလွဲနေတတ်ပါသည်။ စီးပွားရေးတွင် မီးဖိုချောင်သုံးပစ္စည်းများနှင့် အသီးအနှံများ ရာသီထွက်ကုန်ပစ္စည်းများအခွင့်အရေးရှိနေတတ်ပါသည်။ ပညာရေးတွင် မိမိကိုယ်ကိုအထင်ကြီးမှု ဝီရိယအားစိုက်မှုနည်းသောကြောင့် အခက်အခဲ အနှောင့်အယှက်များ ဖြစ်ပေါ်နေရတတ်သည်။ ကျန်းမာ ရေးတွင် အစာမကြေခြင်း၊ ဝမ်းလျှောခြင်း၊ အကြောသေခြင်းတို့ကို သတိပြုဆင်ခြင်သင့် ပါသည်။ အချစ်ရေးတွင် ချစ်သူခြင်းဆန္ဒသဘောထားများလွဲမှားနေမှုများကြောင့် အချစ်ရေးမကောင်းသေးပါ။ အိမ်ထောင်ပြုရန်ခက်ခဲနေလိမ့်မည်။

**ယတြာ။ ။ကျောက်ကျောလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စိတ်ချမ်းသာစရာအများဆုံးကြုံရတတ်ပြီး၊ မိမိက ကြံဖန်စိတ်ပူမိသည့် သဘောမျိုးသာရှိတတ်သည်။ ဩဇာအာဏာရှိသူက ကူညီထောက်ပံ့မှုနှင့် စီးပွားရေးလည်းကောင်းလာတတ်ပါသည်။ အလုပ်ကိစ္စနှင့်ပတ်သက်ပြီး ခရီးဝေးများ သွားရတတ်သည်။ အလုပ်အပြောင်းအလွဲ၊ နေရာအပြောင်းအလဲလုပ်ရတတ်သည်။ ပညာရဲရင့်ပွဲလည်တင့်နေမည်။ စုံစမ်းထောက်လှမ်းရသော ပညာများကိုဝါသနာအခြေခံရှိတတ် သည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး မကြာခဏဖောက်ပြန်တတ်ခြင်း၊ ဖျားနာတတ်ခြင်း၊ ခြေကုန်လက်ပန်းကျခြင်းရှိတတ်သည်။ အချစ်ရေး ကံသင့်တင့်မှုရှိနေမည်။

**ယတြာ။ ။စိန်ပန်းဘုရားလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မြင်မြင်ခြင်း ဆောက်နှင့်ထွင်းသလို မဖြစ်ရအောင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် သေချာပေါက်အမြတ်ရရှိနိုင်သော လုပ်ငန်းမျိုးကိုဦးစွာရွေးချယ်၍ လုပ်ကိုင်ဆောင်ရွက်ရတတ်ပါသည်။ အနှောင့်အယှက် အခက်အခဲများနှင့်ပညာရေးကိုကြိုးပမ်းနေရတတ်သည်။ ကျန်းမာရေးတွင် ဆီးနှင့် ပတ်သက်သော ရောဂါ၊ ကျောက်ကပ်နှင့် ပတ်သက်သောရောဂါသတိထားဆင်ခြင် သင့်ပါသည်။ အချစ်ရေးတွင် ကံကောင်းမှုများရှိသည်။ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ပြောဆိုဆက်ဆံပေါင်းသင်းတတ်သောသူနှင့် ကြုံမည်။

**ယတြာ။ ။သက်ကြီးရွယ်အိုအား အာဟာရကျွေး၍ ငွေလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ယခုကာလသည် စီးပွားဥစ္စာတိုးတက်ခြင်းနှင့် လူသိများရတတ်သောကာလဖြစ်သောကြောင့် အောင်မြင်ကျော်ကြားခြင်း၊ ခရီးသွားခြင်း၊ ဘာသာရေးအလှူအတန်းပြုလုပ်ရတတ်သော အနေအထားရှိနေတတ်ပါသည်။ ရော်ဘာနှင့် ရော်ဘာထွက်ပစ္စည်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးကို ကြိုးစားမှုပြုနေရတတ်ပါသည်။ ကျန်းမာရေးတွင် အိပ်ရေးပျက်မှုများနှင့် စိတ်ဖိစီးမှုများကြောင့်ဖြစ်တတ်သော ရောဂါသွေးတိုးရောဂါ၊ လေနှင့်ပတ်သက်သောရောဂါစသည်တို့ကိုဆင်ခြင်သင့်ပါသည်။

**ယတြာ။ ။ဘိုးဘွားရိပ်သာသွား၍ လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများတွင် လယ်ယာကိုင်းကျွန်းထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ဖြန့်ချိရောင်းချရေး လုပ်ငန်းများတွင် အကျိုးပေးလိမ့်မည်။ ပညာရေးနှင့် ပတ်သက်၍ အခွင့်အလမ်းကောင်းများရရှိနေတတ်သည်။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြော တတ်ခြင်းသတိပြုဆင်ခြင်သင့်ပါသည်။ အချစ်ရေးတွင် ကောင်းဆိုး နှစ်တန်ရောထွေးနေသောအချစ်ရေးဖြစ်နေတတ်ပါသည်။ အိမ်ထောင်ရေးပဋိပက္ခဖြစ်တတ်သည်။

**ယတြာ။ ။တရားစခန်းမှ သံဃာတော်အား ဆေးဝါးလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းရပ်များတွင် အမြတ်အစွန်းရရှိစေနိုင်ပါသည်။ အချစ်ရေးသင့်သည်ဟုဆိုလျှင် မှန်ပါလိမ့်မည်။ ဉာဏ်ပညာထက်မြက်မှုရှိမည်။ သို့သော်ဝီရိယအားစိုက်ထုတ်မှုနည်းနေတတ်ပါသည်။ ကျန်းမာရေးတွင် အစားအသောက်မဆင်ခြင်မှုတို့ကြောင့် အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါစသည်တို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။နွားနို့လှူပါ။**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့်တိုက်ခန်း | ဗဟန်း၊ ရွှေဂုံတိုင်တာဝါ | ၁၄၀၀ စ/ပေ | MB (၂)၊ SB (1) | ၂၅၅၀ သိန်း | | ၀၉/၉၇/၆၂၁၁၁၂၃ |
| ၂။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက် | ၇၅၀ စ/ပေ | အိပ်ခန်း (၁) ခန်းပါ (တ) ထပ် | ၁၀၈ သိန်း | ၁ လအငှားနှုန်း | ၀၉/၉၇/၆၂၁၁၁၂၃ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁)ထပ်၊အခန်းဖွဲ့ | ၂၃၅၀ သိန်း | မြေပိုပါ၊ ကားဂိုဒေါင်ပါ၊ စိတ်ငြိမ်၊လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | ဓာတ်လှေကားပါ (၇) လွှာ | ၁၅၀၀ သိန်း | ကြိုပွဲ့င်၈၀% ပြီးစီး | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | ၂၁၀၀ စ/ပေ | (ပ)ထပ် အခန်းဖွဲ့ | ၁၄ သိန်း | လမ်းသန့် ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ပေ | (၇)လွှာ၊ အခန်းဖွဲ့ | ၃၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | လုံးချင်းအိမ် | သဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | ခြံ/ ၆၄၀၀ စ/ပေ အိမ်/ ၂၄၀၀ စ/ပေ | RC (၂) ထပ် MB (၃) ခန်း | ၃၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅/၃၈၂၈၀၂ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ဒိုကွင်းရွာဂုတ် | ၁၂၀၀ စ/ပေ | မြေသီးသန့် | ၁၅၀ သိန်း | မြို့အဝင်လမ်းအနီး | ၀၉/၂၅/၃၈၂၈၀၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ နန်းမြိုင်လမ်းသွယ် | ခြံ ၅၅၀၀ စ/ပေ အိမ်၁အ၈၀၀ စ/ပေ | MB (၂) ခန်း | ၃၀၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |

## အရောင်းကျွမ်းကျင်လိုအပ်ချက်များ သုံးလဆက်တိုက်မြင့်မားနေဆဲဖြစ်သည်ဟုဆို

ပြီးခဲ့သည့်သုံးလအတွင်း အရောင်းကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်များ မြင့်တက်နေဆဲဖြစ်ကြောင်း အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် work.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

၎င်းဝက်ဘ်ဆိုက်မှ အလုပ်အကိုင်စစ်တမ်းများကို လစဉ်ထုတ်ပြန်ပေးလျက်ရှိရာတွင် ဧပြီလစစ်တမ်းအရ အရောင်းကျွမ်းကျင်ဝန်ထမ်းနှင့် စာရင်းကိုင်လျှောက်ထားသူများ များပြားခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အရောင်းကျွမ်းကျင်လိုအပ်ချက်မှာ ဖေဖော်ဝါရီလမှ စတင်ကာ မတ်လနှင့်ဧပြီလအထိ သုံးလဆက်တိုက်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ဆက်တိုက်မြင့်တက်လာရခြင်းမှာ လုပ်ငန်းအများစု၏ ဘဏ္ဍာရေးနှစ်သစ် အပြောင်းအလဲအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်ဈေးကွက်ဝေစုကိုဖော်ဆောင်ပေးနိုင်မည့်အရောင်း ကျွမ်းကျင်ဝန်ထမ်းများလိုအပ်ချက်နှင့်လည်း ဆက်စပ်မှုရှိကြောင်း သိရသည်။ သင်္ကြန်ကာလအပြီး နောက်ပိုင်းတွင် ခေါ်ယူမှုအများဆုံးအလုပ်အကိုင်များမှာ အရောင်းကျွမ်းကျင်၊ စာရင်းကိုင်/ဘဏ္ဍာရေးနှင့် မားကက်တင်းတို့ဖြစ်ပြီး လျှောက်ထားသူများဘက်မှ အလျှောက်ထားဆုံးအလုပ်အကိုင်များမှာ အိုင်တီ၊ စာရင်းကိုင်နှင့် အင်ဂျင်နီယာတို့ဖြစ်ကြောင်း သိရသည်။

ဝန်ထမ်းခေါ်ယူမှုအများဆုံး လုပ်ငန်းကြီးများမှာဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ဈေးကွက်ဖြန့်ချိရေး၊ ဆောက်လုပ်ရေး၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးများက အများဆုံးဖြစ်ကြောင်း သိရသည်။

ဝန်ထမ်းခေါ်ယူမှုအများဆုံး ကုမ္ပဏီကြီးများစာရင်းတွင် MPT-KSGM (Joint Cooperation)၊ UMG (Myanmar) နှင့် DKSH Services.Ltd တို့ဖြစ်ကြောင်း သိရသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းကြောင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ကြောင်း စစ်တမ်းကဖော်ပြနေသည်။ အလုပ်ရှာဖွေမှု ကျားမအချိုးအစားစစ်တမ်းအရ အမျိုးသားဦးရေမှာ ၅၃ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးဦးရေမှာ ၄၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဧပြီလအတွင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှဝန်ထမ်းများ အများဆုံးခေါ်ယူခဲ့ကြောင်း သိရသည်။ ထို့ပြင် ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဘက်မှလည်း ဝန်ထမ်းခေါ်ယူမှုများခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်တမ်းကို အလုပ်ရှာဖွေသူများနှင့် ဘွဲ့ကြိုဘွဲ့ရပြီးစ လူငယ်များအတွက် ပြည်တွင်းအလုပ်အကိုင် ဈေးကွက်အခြေအနေကို သုံးသပ်လေ့လာပြီး မိမိ၏ ပညာရေးနောက်ခံ၊ ခေတ်စနစ်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းများကို ရွေးချယ်လျှောက်ထားနိုင်ရန် ရည်ရွယ်၍ လစဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း work.com.mm မှပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမန်နေဂျာ မဇင်မာသက်မွန်ကပြောသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ/ကိုရိုလာဗင် | 5H | ၁၆၀ သိန်း | 2.0 ဓာတ်ဆီ |
| ၂။ | တိုယိုတာ/ဝှစ်ရှ် (၂၀၀၃) | ယာယီ | ၁၉၀ သိန်း | XS 2.0 ဓာတ်ဆီ |
| ၃။ | ပရိဘောက် (၂၀၀၀) | ယာယီ | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | ဝင်းရှဒ် (၂၀၁၀) | ယာယီ | ၁၄၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | တိုယိုတာ/ဗစ် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | အာအေဗီ (၄) (၂၀၀၂) | ယာယီ | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | အယ်လ်ဖတ် (၂၀၀၄) | ယာယီ | ၂၈၀ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | အပ်ကား | - | ၇၅ သိန်း | |

# မြို့ကြီးများ၏ ၉-၅-၂၀၁၆ မှ ၁၃-၅-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၉-၅-၂၀၁၆) | အင်္ဂါ(၁၀-၅-၂၀၁၆) | ဗုဒ္ဓဟူး(၁၁-၅-၂၀၁၆) | ကြာသပတေး(၁၂-၅-၂၀၁၆) | သောကြာ(၁၃-၅-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၄၂˚C/၁၀၇˚F | နေသာ ၄၂˚C/၁၀၇˚F | နေသာ ၄၂˚C/၁၀၇˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၃၉˚C/၁၀၃˚F |
| ရန်ကုန်မြို့ | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၄၁˚C/၁၀၅˚F | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၃၉˚C/၁၀၃˚F |
| မန္တလေးမြို့ | နေသာ ၄၃˚C/၁၀၉˚F | နေသာ ၄၂˚C/၁၀၈˚F | နေသာ ၄၃˚C/၁၀၉˚F | နေသာ ၄၂˚C/၁၀၈˚F | နေသာ ၄၂˚C/၁၀၇˚F |
| မြစ်ကြီးနား | နေသာ ၃၄˚C/၉၄˚F | တိမ်အသင့်တင့် ၃၆˚C/၉၆˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၆˚F |
| လားရှိုး | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F |
| ကျိုင်းတုံ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၄˚C/၉၄˚F |
| လွိုင်ကော် | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | ၈၀% ၃၃˚C/၉၁˚F | ၅၀% ၃၂˚C/၉၀˚F |
| တောင်ကြီး | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၃˚F | ၅၀% ၂၇˚C/၈၁˚F | ၅၀% ၂၇˚C/၈၁˚F |
| ဖော်လမြိုင် | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၅˚C/၉၅˚F |
| ဘားအံ | ၄၀% ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၇˚F | တိမ်ထူထပ် ၃၇˚C/၉၉˚F | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F |
| တောင်ငူ | နေသာ ၄၂˚C/၁၀၇˚F | နေသာ ၄၂˚C/၁၀၇˚F | နေသာ ၄၂˚C/၁၀၈˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၃၉˚C/၁၀၃˚F |
| မုံရွာ | နေသာ ၄၂˚C/၁၀၈˚F | နေသာ ၄၃˚C/၁၀၉˚F | နေသာ ၄၂˚C/၁၀၈˚F | နေသာ ၄၃˚C/၁၀၉˚F | နေသာ ၄၃˚C/၁၀၉˚F |
| ပုသိမ် | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F |
| မြိတ် | ၄၀% ၃၄˚C/၉၃˚F | ၄၀% ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၃˚C/၉၂˚F | ၅၀% ၃၃˚C/၉၂˚F |
| စစ်တွေ | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F |
| မကွေး | နေသာ ၄၃˚C/၁၀၉˚F | နေသာ ၄၂˚C/၁၀၇˚F | နေသာ ၄၃˚C/၁၀၉˚F | နေသာ ၄၂˚C/၁၀၇˚F | နေသာ ၄၁˚C/၁၀၅˚F |
| ဖလမ်း | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၇˚C/၈၄˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၄˚F |



## ဂျပန်နိုင်ငံတွင် အင်အားပြင်းငလျင်များ လှုပ်ခတ်ပြီးနောက် ငလျင်ငယ်များ ဆက်တိုက်လှုပ်ခတ်

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်ဧပြီ ၁၄ ရက်က အင်အားပြင်းထန်သည့်ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်ငယ်များ ဆက်တိုက်လှုပ်ခတ်လျက်ရှိကြောင်း ကျိုဒိုသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

လှုပ်ခတ်ခဲ့သည့် ငလျင်အရေအတွက်မှာ ၁၂၀၀ ကျော်ရှိပြီး ရံဖန်ရံခါတစ်နေ့တည်းတွင် သုံးလေးကြိမ်လှုပ်ခတ်ခဲ့မှုများလည်းရှိသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ကျူးရှူးကျွန်း၏ ဒေသတစ်ခုဖြစ်သည့် ကူမာမိုတိုစီရင်စုတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူပေါင်း ၄၉ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူအများအပြား ရှိခဲ့သည်။

အဆိုပါငလျင် လှုပ်ခတ်မှုကြောင့် လူနေအိမ်ပေါင်း ၃၁၀၂၅ လုံး ပျက်စီးခဲ့ကြောင်း ကူမာမိုတိုစီရင်စုဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ထုတ်ဖော်ကြေညာခဲ့သည်။

၎င်းတို့အနက် နေအိမ်ပေါင်း ၄၈၀၀မှာ လုံး၀ပျက်စီးသွားခဲ့ပြီး နေရာပေါင်း ၃၅၀၀ ကျော်တွင် လမ်းများပျက်စီးခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ယန်းဘီလီယံ ၁၇၀ (အမေရိကန်ဒေါ်လာ ၅၉၀,၂၇၁,၈၀၀) အထိ ရှိလာပြီဖြစ်ကြောင်း၊ ယင်းပမာဏမှာ ကနဦးကောက်ယူရရှိသည့်အချက်များကို စိစစ်ထားခြင်းပင်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုပမာဏတိုးလာနိုင်သဖြင့် ဆုံးရှုံးမှုတန်ဖိုးလည်း တိုးလာနိုင်သည်ဟု ဆိုသည်။

ထို့ပြင် နီရှိဟာရာနှင့်မိနာမိအာဆို ကျေးရွာနှစ်ရွာကို ဆက်သွယ်ဖောက်လုပ်ထားသည့် နှစ်ကီလိုမီတာရှည်သည့် ဥမင်လိုဏ်ခေါင်းပြိုကျမှုကြောင့် ရွာနှစ်ရွာ၏ ဆက်သွယ်ရေးမှာ လုံး၀ပြတ်တောက်သွားခဲ့ရကြောင်း၊ ယင်းရွာနှစ်ရွာ၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းပြန်လည်ဖောက်လုပ်ရန်မှာ ယန်း ၃၅ ဒသမ ၄ ဘီလီယံခန့်ကုန်ကျမည်ဖြစ်ကြောင်း အားမီထရီဗျူးသတင်းတွင် ဖော်ပြထားသည်။

ငလျင်ငယ်များ မကြာခဏ လှုပ်ခတ်မှုများကြောင့် ကျူးရှူးကျွန်းတွင်နေထိုင်ကြသည့် ဒေသခံပြည်သူများမှာ ကယ်ဆယ်ရေးစခန်းများတွင်သာ နေထိုင်ကြရသည်။ သို့သော် အဆိုပါကယ်ဆယ်ရေးစခန်းများတွင်လည်း ဒုက္ခသည်များနှင့်ပြည့်နှက်နေသည့်အတွက် အခြားသူများသည် ၎င်းတို့၏ကားများနှင့် ကိုယ်ပိုင်ရွက်ဖျင်တဲများထိုးကာ နေထိုင်နေကြရကြောင်း သတင်းများက ဖော်ပြထားသည်။

**မယ်သီတာ**

## အိန္ဒိယနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် ကျားထိန်းသိမ်းရေးစခန်းနှစ်ခု မီးလောင်ကျွမ်းခံရ

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသတွင် ပူပြင်းခြောက်သွေ့မှုများကြောင့် တောမီးများလောင်ကျွမ်းလျက်ရှိရာ ကျားထိန်းသိမ်းရေးစခန်းနှစ်ခုလည်း မီးလောင်ကျွမ်းခံခဲ့ရကြောင်း အေဘီစီသတင်းတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် မမျှော်လင့်ဘဲ ပိုမိုများပြားလာသဖြင့် ထိန်းချုပ်ရန်ခက်ခဲခဲ့ကြောင်း၊ သို့သော် အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများရှိ မီးသတ်တပ်ဖွဲ့များအနေဖြင့် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း ဥတ္တရာခန်းပြည်နယ်မှ သစ်တောထိန်းသိမ်းရေးအရာရှိဖြစ်သူက ပြောကြားခဲ့သည်။

"ကျွန်တော်တို့အားလုံး ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု သစ်တောထိန်းသိမ်းရေးအရာရှိ ဗန်နုပရာဆပ်ဂုပတ္တားက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် တောမီးလောင်ကျွမ်းမှုအား ထိန်းချုပ်နိုင်ရန် ရဟတ်ယာဉ်များဖြင့် မီးသတ်နိုင်ရေးအတွက် မီးသတ်ရဟတ်ယာဉ်များကို ပေးပို့ခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ရှစ်စတုရန်းမိုင်ပတ်လည်အတွင်း လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ တောမီးလောင်ကျွမ်းမှုအား မီးသတ်တပ်ဖွဲ့ဝင် ၉၀၀၀ ဦးနှင့်အတူ ရွာသူ၊ ရွာသားများကလည်း ဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့ကြသည်ဟုဆိုသည်။

တောမီးလောင်ကျွမ်းမှုကြောင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသတစ်ဝန်းတွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ရှစ်စတုရန်းမိုင်အတွင်း သစ်တောများပျက်စီး ဆုံးရှုံးခဲ့ရသည့်နည်းတူ သစ်တောဧရိယာ ပေါင်း ၅၂၀ စတုရန်းမိုင်ကိုပါ ထိခိုက်ခဲ့ကြောင်း သတင်းများက ဖော်ပြထားသည်။

ထို့ပြင် ကနေဒါနိုင်ငံတွင်လည်း တောမီးများလောင်ကျွမ်းလျက်ရှိရာ ယခုလက်ရှိအချိန်တွင် တောမီးလောင်ကျွမ်းမှုသည် ယခင်ကထက်နှစ်ဆကျော် ပိုမိုလောင်ကျွမ်းလျက်ရှိသဖြင့် ထိန်းချုပ်ရန်ခက်ခဲလျက်ရှိသည်ဟု ဆိုသည်။

ကနေဒါနိုင်ငံတွင် လောင်ကျွမ်းလျက်ရှိ သည့်တောမီးကြောင့် ဒေသခံပြည်သူများမှာ စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ကနေဒါနိုင်ငံတွင် သစ်တောဧရိယာ ဟက်တာပေါင်း ၁၀၁၀၀၀ ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.16 Monday May 9 2016

# AYA Bank Cup ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအတွက် ရောဝတီဘဏ်က တစ်နှစ်လျှင် သိန်း ၃၀၀၀ ကျပ်ဖြင့် နှစ်နှစ်စာ စပွန်ဆာစာချုပ် ချုပ်ဆို




လာမည့် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲကြီး၏ အကြိုပြင်ဆင်မှုအဖြစ် နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို လာမည့်ဇွန်လဆန်းတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် Title Sponsor အဖြစ်ပံ့ပိုးပေးမည့် ရောဝတီဘဏ်လီမိတက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ စပွန်ဆာစာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို မေ ၄ ရက်က ရန်ကုန်မြို့ရှိ ဟိုတယ်ရန်ကုန်တွင် ကျင်းပခဲ့သည်။

ရောဝတီဘဏ်လီမိတက် အနေဖြင့် နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်တစ်နှစ်လျှင် ကျပ်သိန်း ၃၀၀၀ ဖြင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွက် နှစ်နှစ်စာ ပံ့ပိုးမှုပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

AYA Bank Cup ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို လာမည့် ဇွန် ၃ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့သုဝဏ္ဏကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာ့လက်ရွေးစင်အသင်းနှင့်အတူ ဟောင်ကောင်၊ စင်ကာပူနှင့် ဗီယက်နမ်လက်ရွေးစင်အသင်းတို့ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို ဆီမီးဖိုင်နယ်အဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိသည့်အသင်းနှစ်သင်းက ဗိုလ်လုပွဲ ကစားရမည်ဖြစ်ကာ ကျန်နှစ်သင်းမှာ တတိယနေရာအတွက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆုကြေးငွေအဖြစ် ချန်ပီယံအသင်းအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ ဒုတိယဆုရရှိသည့်အသင်း အတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တတိယဆုရရှိသည့် အသင်းအတွက် အမေရိကန် ဒေါ်လာ ၅၀၀၀ တို့ကို ဆုတံဆိပ်များနှင့်တကွ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို MRTV-4၊ For Sports ၊ MRTV Free to Air စသည့် ရုပ်သံလိုင်းများမှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ပွဲလက်မှတ်များကို အထူးတန်း ကျပ် ၃၀၀၀၊ ရိုးရိုးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ ပွဲလက်မှတ်များကို ပြိုင်ပွဲမတိုင်မီတစ်ပတ်အလိုတွင် အောင်ဆန်းကွင်း၊ သုဝဏ္ဏကွင်း၊ ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲစဉ်များ

| | |
|---|---|
| ၃-၆-၁၆ | ဗီယက်နမ် နှင့်ဟောင်ကောင် |
| ၃-၆-၁၆ | မြန်မာနှင့်စင်ကာပူ |
| ၆-၆-၁၆ | ပွဲစဉ်(၁)ရှုံးသူနှင့်ပွဲစဉ်(၂)ရှုံးသူ |
| ၆-၆-၁၆ | ပွဲစဉ်(၁)နိုင်သူနှင့်ပွဲစဉ်(၂)နိုင်သူ |

## မြန်မာယူ-၁၉ အမျိုးသားဘောလုံးအသင်းနည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းကို တစ်နှစ်စာချုပ်ဖြင့်ခန့်အပ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၁၉ အမျိုးသားအသင်း၏နည်းပြချုပ်အဖြစ် နေပြည်တော်အသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးမျိုးလှိုင်ဝင်းကို တစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဦးမျိုးလှိုင်ဝင်းတို့သည် ပြီးခဲ့သည့် ဧပြီ ၂၉ရက် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် နည်းပြချုပ်အဖြစ် ခန့်အပ်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

"ကျွန်တော့်အနေနဲ့ ပြင်ဆင်ချိန် လေးလကျော်ရရှိတဲ့ကာလအတွင်းမှာ အကောင်းဆုံးပြင်ဆင်သွားမှာပါ။ ရွေးချယ်ထားတဲ့ကစားသမားတွေနဲ့ သေသေ ချာချာပြင်ဆင်ခွင့်ရရှိခဲ့ရင်တော့ တိုးတက်လာမှာပါ။ အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားမှာပါ"ဟု မြန်မာယူ-၁၉ အသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးမျိုးလှိုင်ဝင်းက ပြောကြားခဲ့သည်။

ဦးမျိုးလှိုင်ဝင်းသည် မြန်မာယူ-၁၉ အသင်း၏ နည်းပြချုပ်ရာထူးကိုလက်ခံရယူခဲ့သဖြင့် နေပြည်တော်အသင်း၏ နည်းပြချုပ်ရာထူးမှ နုတ်ထွက်ပေးခဲ့ရကြောင်း သိရသည်။ ဦးမျိုးလှိုင်ဝင်းအနေဖြင့် အာဆီယံ ယူ-၁၉ အမျိုးသားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အသင်းကို အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးရမည်ဖြစ်ပြီး အောင်မြင်မှုအပေါ်မူတည်ကာ တစ်နှစ်ချင်းစီသက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။



# လာမည့်နှစ်တွင် AFC Champions League တိုက်ရိုက်ဝင်ခွင့်တစ်နေရာရရှိရန် ကြိုးစားသွားမည်ဟုဆို

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများအနက်မှ အေအက်ဖ်စီကလပ်အသင်း ပြိုင်ပွဲဝင်နှစ်သင်းအနက်မှ လာမည့်နှစ်တွင် AFC Champions League(ACL) ပြိုင်ပွဲအဆင့်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရရှိရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မေ ၂ ရက်ကကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က "ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ ကလပ်အသင်းတွေအနေနဲ့လည်း ဒေသခံလူထု၊ အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့တွေနဲ့ပူးပေါင်းပြီး မိမိအခြေစိုက်ဒေသအားပေးမှုရရှိအောင် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ အခု Ooredoo MNL 2016 ဘောလုံးရာသီမှာ မန္တလေး၊ တောင်ကြီး၊ ပုသိမ်စတဲ့နယ်ဒေသတွေရဲ့ အားပေးမှုနှုန်းမြင့်တက်လာတာဟာ ဂုဏ်ယူဝမ်းမြောက်စရာဖြစ်သလိုဆက်ပြီး အားပေးမှုတိုးတက်လာဖို့၊ အခြားဒေသတွေမှာလည်း ပရိသတ်အားပေးမှုနှုန်းမြင့်လာဖို့ ကြိုးပမ်းကြစေလိုပါတယ်။ ၁၉၉၀ ကျော်နှစ်များက စတင်ခဲ့တဲ့ဂျပန်ရဲ့ J-League ဟာအခုဆိုရင် တိုင်းပြည်ရဲ့ စီးပွားရေးတိုးတက်မြင့်မားမှုနဲ့အတူ လိဂ်အဆင့်အတန်းလည်း မြင့်မားနေတယ်။ ကျွန်တော်တို့ မြန်မာနေရှင်နယ်လိဂ်ကတော့ ၂၀၀၉ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပေမယ့် အခုထက်ထိ ရှိသမျှ အင်အားနဲ့လိဂ်ကို ရပ်တည်နိုင်အောင် မနည်းကြိုးစားနေကြရဆဲဖြစ်ပါတယ်။ ဒီအတွက် MNL Club အသင်းပိုင်ရှင်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နိုင်ငံရဲ့ဘောလုံးအဆင့်အတန်း မြင့်မားဖို့ဆိုတာ လိဂ်ပြိုင်ပွဲအဆင့်အတန်းပေါ်မှာ မူတည်နေပါတယ်။ MNL အနေနဲ့ပိုမိုတိုးတက်ဖို့ ဘောလုံးလောကအတွင်းမှာ ခြစားမှုမရှိအောင် အထူးကြိုးပမ်းကြဖို့လိုပါတယ်။ ငွေကြေးခြစားမှုရှိနေရင် ဘယ်လိုမှ တိုးတက်အောင်မလုပ်နိုင်ပါဘူး။ AFC Cup ရလဒ်များဟာ လက်ရှိလိဂ်ရဲ့ အဆင့်အတန်းကိုဖော်ပြနေပါတယ်။ မနက်ဖြန်လိုနေ့မျိုးမှာ AFC Cup ကစားဖို့ရှိနေတာတောင်မှ အသင်းတစ်သင်းက ကစားသမားနှစ်ယောက် သုံးယောက်ဟာ ညဘက် ဘီယာဆိုင်ထိုင်နေကြတာကို လူမှုကွန်ရက်တွေကနေတစ်ဆင့် မြင်ရတော့ စိတ်မကောင်းဘူး။ သူတို့ ဘယ်လိုလုပ် နောက်နေ့ ဘောလုံးကစားနိုင်တော့မလဲ။ အသင်း တာဝန်ရှိသူတွေအနေနဲ့ အုပ်ချုပ်မှုအပိုင်း စနစ်တကျရှိစေလိုပါတယ်။ ကျွန်တော်တို့ လိဂ်ကော်မတီအနေနဲ့ကတော့ ဆက်ကြိုးစားပေးနေဦးမှာပါပဲ။ AFC Cup လက်ရှိနှစ်သင်းကနေ နောက်လာမယ့်ရာသီမှာ AFC Champions League (ACL) ကို တိုက်ရိုက်ဝင်ခွင့်တစ်နေရာရဖို့ ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

# ၂၀၁၆ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများအတွက် စပွန်ဆာအသီးသီးမှ ကျပ်သိန်း ၇၀၀ စီ ထောက်ပံ့ပေးမည်

၂၀၁၆ ခုနှစ်အတွင်း ကျင်းပမည့် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများအတွက် ကုမ္ပဏီအသီးသီးမှ ကျပ်သိန်း ၇၀၀ စီ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ ပံ့ပိုးပေးမှုများနှင့်ပတ်သက်၍ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ရှိ Central ဟိုတယ်တွင် မေ ၆ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲအား ရောဝတီဘဏ်လီမိတက်၊ သမဝါယမဘဏ်၊ IBTC ကုမ္ပဏီ၊ အင်းဝဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီ ဘဏ်၊ Phyo Si Thu Teak Plantation & ECO Natural Resort ကုမ္ပဏီတို့က ကျပ်သိန်း ၇၀၀ စီ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

ဘဏ်များနှင့် ကုမ္ပဏီများ၏ ပံ့ပိုးကူညီထားသည့် ငွေများအနက် ဆုကြေးများအဖြစ် ပြိုင်ပွဲတစ်ပွဲလျှင် ကျပ်သိန်း ၃၅၀မှ ၄၀၀ အထိ သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆုကြေးအဖြစ် သတ်မှတ်ထားသည့် ငွေကြေးများတွင် ပြိုင်ပွဲဝင်များ၏ ဆုကြေးများအပြင် အထွေထွေ ကုန်ကျစရိတ်များလည်း ပါဝင်ကြောင်း၊စပွန်ဆာများအား စာချုပ်ချုပ်ဆိုသည့်ကာလကို တစ်နှစ်သတ်မှတ်ထားပြီး တစ်နှစ်ပြီးတစ်နှစ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက ပြောကြားခဲ့သည်။

မေ ၁၉ ရက်မှ ၂၂ရက်အထိ နေပြည်တော်ရှိ Royal Myanmar Golf Club တွင်ကျင်းပမည့် ပြိုင်ပွဲကို ရောဝတီဘဏ်မှလည်းကောင်း၊ ဇွန် ၈ ရက်မှ ၁၁ ရက်အထိ ပဲခူးမြို့ရှိ Hanthawaddy Golf & Country Club တွင်ကျင်းပမည့်ပြိုင်ပွဲကို မြဝတီဘဏ်မှလည်းကောင်း၊ ဩဂုတ် ၁၁ ရက်မှ ၁၄ ရက်အထိ မန္တလေးမြို့ Yedagun Taung Golf Resort တွင် ကျင်းပမည့် ပြိုင်ပွဲကို ကမ္ဘောဇဘဏ်မှ လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်မှ ၂၅ရက်အထိ တောင်ငူမြို့ရှိ တောင်ငူဂေါက်ကလပ်တွင်ကျင်းပမည့် ပြိုင်ပွဲကို သမဝါယမဘဏ်မှလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ရှိ ဥက္ကလာဂေါက်ကွင်းတွင် ကျင်းပမည့် ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီးနှင့် အငယ်တန်း အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲကို PST & ECO Natural Resort က လည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်းတွင် ကျင်းပမည့် ပြိုင်ပွဲကို IBTC ကုမ္ပဏီကလည်းကောင်း၊ ဒီဇင်ဘာ ၁၅ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကလပ်၌ ကျင်းပမည့်ပြိုင်ပွဲကို အင်းဝဘဏ်ကလည်းကောင်း အသီးသီး ပံ့ပိုးကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# ပရီးမီးယားလိဂ်ချန်ပီယံသစ်လက်စတာစီးတီးကစားသမားများကို အသင်းပိုင်ရှင်က ပေါင်သုံးသောင်းကျော်တန်ဖိုးရှိသည့် မာစီးဒီးကားများ လက်ဆောင်ပေးအပ် အသင်း၏နောက်ဆုံးပွဲစဉ်တွင် အသင်းကိုအားပေးသူများအား ဘီယာအခမဲ့သောက်သုံးစေခဲ့




၂၀၁၅-၁၆ ပရီးမီးယားလိဂ် ဘောလုံးရာသီတွင် ချန်ပီယံဖြစ်လာခဲ့သည့် လက်စတာစီးတီးအသင်း၏ အသင်းပိုင်ရှင်ဖြစ်သူ ထိုင်းနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည့် ဗီချိုင်းက ၎င်း၏အသင်းမှ ကစားသမားနှင့် နည်းပြ ၃၀ အား မာစီးဒီးကားတစ်စီးစီ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

၎င်းလက်ဆောင် ပေးအပ်ခဲ့သည့် မာစီးဒီးကားသည် လျှပ်စစ်နှင့်ပါ မောင်းနှင်နိုင်ပြီး ဘီအဆင့်ရှိကြောင်း၊ ကား၏ တန်ဖိုးမှာ ပေါင် ၃၂၆၇၀ ရှိကြောင်း သတင်းများက ဖော်ပြထားသည်။

ယင်းကဲ့သို့ မာစီးဒီးကားများ လက်ဆောင်ပေးခဲ့သဖြင့် ဗီချိုင်းသည် စုစုပေါင်း ပေါင်တစ်သန်းခန့် ကုန်ကျနိုင်သည်ဟု ဆိုသည်။

လက်စတာအသင်း ပိုင်ရှင် ဗီချိုင်းက အသင်းအနေဖြင့် ယခုရာသီတွင် ချန်ပီယံဖြစ်ခဲ့ပါက အမေရိကန်နိုင်ငံ၏ အကျော်ကြားဆုံး နေရာတစ်နေရာဖြစ်သည့် လာ့စ်ဗီးဂတ်စ်သို့ လိုက်ပို့ပေးမည့်အပြင် အပိုဆုကြေးအဖြစ် ပေါင် ၆ ဒသမ ၅သန်းကို ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သဘောတူညီထားသည်။

လက်စတာအသင်း၏ထူးခြားသော အောင်မြင်မှုများကြောင့် ဗီချိုင်းက ယခုထက်မကသော ဆုချီးမြှင့်မှုမျိုးကို ပြုလုပ်ပေးရန် ဆန္ဒရှိနေသည်ဟုဆိုသည်။ ဗီချိုင်းက အနည်းဆုံး ပေါင်သန်း ၂၀၀ ခန့် သုံးစွဲသွားရန် ဆုံးဖြတ်ထားသည်ဟု ဆိုသည်။

လက်စတာအသင်းသည် လာမည့် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်သို့ တက်လှမ်းကစားရမည်ဖြစ်ရာ ၎င်း၏ အသင်းအမှတ်တံဆိပ်အနေဖြင့် ယခုထက် ပိုမိုထင်ရှားလာတော့မည်ဖြစ်ကြောင်း ဗီချိုင်းက ပြောကြားခဲ့သည်။

ထို့ပြင် လက်စတာအသင်းကို ချန်ပီယံအဖြစ်သို့ ပို့ဆောင်ပေးခဲ့သည့် နောက်ဆုံးပွဲစဉ်တွင် အသင်းကို အားပေးသည့်ပရိသတ်များအား ကွင်းအတွင်း၌ ဘီယာများ အခမဲ့ သောက်သုံးစေခဲ့ကြောင်း သိရသည်။




# ဆံပင်ဆွဲသည့် ရောဘတ်ဟုချ်နှင့် တံတောင်ဖြင့်တွတ်သည့် ဖယ်လိုင်နီတို့ သုံးပွဲစီ ပွဲပယ်ခံရ

ပြီးခဲ့သည့် မေ ၂ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် လက်စတာစီးတီးအသင်းနှင့် မန်ချက်စတာယူနိုက်တက်တို့၏ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည့် ပွဲစဉ်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်ကြောင့် မန်ယူကွင်းလယ်လူ ဖယ်လိုင်နီနှင့် လက်စတာ နောက်ခံလူ ရောဘတ်ဟုချ်တို့ကို စည်းကမ်းထိန်းသိမ်းရေးကော်မတီက သုံးပွဲပယ်ပြစ်ဒဏ်များ ချမှတ်လိုက်ပြီဖြစ်သည်။

ထိုပွဲစဉ်တွင် ရောဘတ်ဟုချ်သည် ဖယ်လိုင်နီ၏ဆံပင်ကိုဆွဲခဲ့ပြီး ဖယ်လိုင်နီကလည်း ဟုချ်ကို တံတောင်ဖြင့် ပြန်တွတ်ခဲ့ခြင်းဖြစ်သည်။ ထိုပွဲပယ်ပြစ်ဒဏ်ကြောင့် ဖယ်လိုင်နီသည် မန်ယူအသင်း၏ လက်ကျန်ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲစလုံးကို လွဲချော်ရတော့မည်ဖြစ်သော်လည်း မေ ၂၁ ရက်တွင် ဝင်ဘလေကွင်း၌ ခရစ္စတယ်ပဲလေ့စ်နှင့်ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင်တော့ ပါဝင်နိုင်မည်ဖြစ်သည်။

ရောဘတ်ဟုချ်မှာမူ လက်စတာ၏ လက်ကျန်ပရီးမီးယားလိဂ်ပွဲစဉ်နှစ်ပွဲနှင့် လာမည့်ရာသီအဖွင့် ပရီးမီးယားလိဂ်ပွဲစဉ်တစ်ပွဲကိုလွဲချော်မည်ဖြစ်သည်။ ကစားသမားနှစ်ဦးစလုံးက ယခုပြစ်ဒဏ်ကို လက်ခံကြသော်လည်း ဟုချ်က သုံးပွဲပယ်ခြင်းမှာ အနည်းငယ်များလွန်းသည်ဟု စောဒကတက်ခဲ့သည်။ ၎င်း၏ စောဒကတက်မှုကို အက်ဖ်အေ၏ လွတ်လပ်သောစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က သဘောမတူညီခဲ့ပေ။ ဖယ်လိုင်နီနှင့် ဟုချ်တို့၏ ဖြစ်ရပ်ကို ကွင်းလယ်ဒိုင်လူကြီးက တွေ့ရှိခဲ့ခြင်း မရှိသောကြောင့် ပွဲအတွင်း အရေးမယူခဲ့သော်လည်း ရုပ်သံအနှေးပြကွက်များ ပြန်ကြည့်ပြီး အရေးယူခဲ့ခြင်းဖြစ်သည်။



# ၂၀၁၇-၁၈ ဘောလုံးရာသီတွင် ဝင်ဘလေကွင်းသို့ တော့တင်ဟမ်အသင်း ပြောင်းရွှေ့ကစားခွင့်အတွက် သဘောတူညီမှုရရှိရန် နီးစပ်

လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီတွင် ဝင်ဘလေကွင်းအား အိမ်ကွင်းအဖြစ် အသုံးပြုခွင့်ရရှိရေးအတွက် တော့တင်ဟမ်အသင်း၏တင်ပြထားချက်အား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က လက်ခံရန် နီးစပ်နေပြီဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Greg Dyke က ပြောကြားခဲ့သည်။

တော့တင်ဟမ်ဟော့စပါးအသင်းသည် အသင်းပိုင်ဝှိုက်ဟတ်လိန်းကွင်းအား အဆင့်မြှင့်တင်ရန် ပေါင်သန်း ၄၀၀ ခန့် သုံးစွဲသွားမည်ဖြစ်ရာ လာမည့်ဘောလုံးရာသီတွင် ဝင်ဘလေကွင်းအား အိမ်ကွင်းအဖြစ် အသုံးပြုခွင့်ရရှိရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သို့ တင်ပြတောင်းခံထားခြင်းဖြစ်သည်။

တော့တင်ဟမ်ဟော့စပါးအသင်းသည် လာမည့်ရာသီတွင် ဥရောပ ချန်ပီယံလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ အိမ်ကွင်းအဖြစ် ဝင်ဘလေကွင်းကို အသုံးပြုရန် တင်ပြခြင်းဖြစ်သည်ဟု ဆိုသည်။

စပါးအသင်းသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီအမီ ပရိသတ် ၆၁၀၀၀ ဆံ့သည့် ကွင်းသစ်ကြီးအဖြစ် အဆင့် မြှင့်တင်တည်ဆောက်မည်ဖြစ်ပြီး တစ်နှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

# ယူရိုပါလိဂ်ဖိုင်နယ်ပွဲစဉ်အတွက် လီဗာပူးအသင်း လက်မှတ်ပေါင်း ၉၀၀၀ သာရရှိ

## ဖိုင်နယ်ပွဲကျင်းပရာ စိန့်ဂျက်ကော့ဘ်ပ့ါခ်ကွင်းသည် ပရိသတ် ၃၅၀၀၀ သာကြည့်ရှုနိုင်၍ လီဗာပူးပရိသတ်များအတွက် အခက်တွေ့နေ

ဆွစ်ဇာလန်နိုင်ငံ၊ ဘေဆယ်မြို့ရှိ စိန့်ဂျက်ကော့ဘ်ပ့ါခ်ကွင်း၌ကျင်းပမည့် ယူရိုပါလိဂ် ဖိုင်နယ်ပွဲစဉ်အတွက် လက်မှတ်ခွဲတမ်းများကို ခွဲဝေပေးခဲ့ရာ ဆီဗီလာအသင်းနှင့် လီဗာပူးအသင်းတို့သည် လက်မှတ် ၉၀၀၀ စီသာ ခွဲတမ်းရရှိခဲ့သည်။

ထို့ပြင်ကမ္ဘာတစ်ဝန်းရှိ ဘောလုံးဝါသနာရှင်များနှင့် ယူအီးအက်ဖ်အေ ဝက်ဘ်ဆိုက်မှဝယ်ယူကြမည့်ပရိသတ်များအတွက် လက်မှတ်ပေါင်း ၉၀၀၀ ကို လျာထားခဲ့သည်။

အဆိုပါ စိန့်ဂျက်ကော့ဘ်ပ့ါခ်ကွင်းသည် ပရိသတ် ၃၅၀၀၀ သာ ဝင်ဆံ့သည့်အတွက် လက်မှတ်ကျန်ရှိမှုမှာ ၈၀၀၀ သာကျန်ရှိတော့သဖြင့် လီဗာပူးပရိသတ်များ အခက်တွေ့နေရကြောင်း သိရသည်။

ကျန်ရှိသည့် အဆိုပါလက်မှတ်အရေအတွက် ၈၀၀၀ မှာလည်း ဘေဆယ်မြို့ရှိ ယူရိုပါလိဂ်ပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ စီးပွားဘက်လုပ်ငန်းရှင်များ၊ ကြော်ငြာလုပ်ငန်းရှင်များ၊ အိမ်ရှင်ပရိသတ်များအတွက် လျာထားသည်ဟုဆိုသည်။

လီဗာပူအသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဝင်ဘလေကွင်းတွင် ကျင်းပခဲ့သည့် ကက်ပီတယ်ဖလား ဖိုင်နယ်ပွဲတွင် လက်မှတ်ပေါင်း ၃၂၀၀၀ ရောင်းချခဲ့ရာ ပရိသတ်ပေါင်း ၂၇၀၀၀ ဝင်ရောက်ကြည့်ရှုခဲ့သည်။

ဗယ်လာရီးရဲလ်နှင့် လီဗာပူးတို့၏ ယူရိုပါလိဂ်ဖိုင်နယ်ပွဲကျင်းပရန် ၁၂ရက် လိုသေးသော်လည်း ရောင်းချရန် လက်မှတ်အရေအတွက်မှာ နည်းပါးလွန်းလှသည်ဟုဆိုသည်။

အဆိုပါဖိုင်နယ်ပွဲအတွက် လက်မှတ်ခဈေးနှုန်းများမှာ ၃၆ ပေါင်၊ ပေါင် ၁၃၀ ဟု ၁၉၉၀ ပြည့်နှစ်ကတည်းက သတ်မှတ်ခဲ့သည်။

သို့သော် ၂၀၁၄ခုနှစ်က တုရင်ကွင်းတွင်ကျင်းပခဲ့သည့် ယူရိုပါလိဂ် ဖိုင်နယ်ပွဲတွင်မူ ၃၃ ပေါင်နှင့် ပေါင် ၁၂၀ ဖြင့်သာ ရောင်းချခဲ့သည်။

ပြီးခဲ့သည့် မေ ၅ရက်က နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် လီဗာပူးအသင်း နည်းပြဖြစ်သူ ဂျာကင်ကလော့ပ်က လီဗာပူးအသင်းပရိသတ်များအား ဘေဆယ်သို့ လိုက်ပါအားပေးရန် ပြောကြားခဲ့သည်။

“ကျွန်တော်တို့ အတူတူ ဘေဆယ်သို့ သွားကြပါစို့။ ကွင်းထဲအထိတော့ မဟုတ်ပါဘူး။ အနည်းဆုံး ငါးသောင်း၊ခြောက်သောင်း၊ တစ်သိန်းလောက်အထိ ကျွန်တော်တို့နဲ့အတူတူသွားကြရအောင်ပါ။ လီဗာပူးကို ချစ်တဲ့ ပရိသတ်နဲ့အတူတူ ကျွန်တော်တို့ ဘေဆယ်မှာ ဆုံကြပါမယ်။ ကွင်းထဲအထိမဟုတ်တောင် အဲဒီမြို့အထိ လာပြီးအားပေးမယ်ဆိုရင် ကျွန်တော်ရော၊ ကျွန်တော့်အသင်းသားတွေပါ အားရကျေနပ်ပြီး ယူရိုပါလိဂ်ဖလားကို ရအောင် ယူပေးနိုင်မယ့်စွမ်းအားတွေ ရှိလာပါလိမ့်မယ်”ဟု လီဗာပူနည်းပြ ဂျာကင်ကလော့ပ်က ပြောကြားခဲ့သည်။



# ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၂)ဈေး၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ဦးကြည်စိန်နှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ ပါဝင်ပြီး စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများအား မန္တလေးခရိုင် ပြည်ကြီး တံခွန်မြို့နယ် စက်မှုဇုန်(၂)ဈေး၌ မေ ၃ရက် နံနက် က ဟော ပြောပွဲ နှင့် အတူ ကွင်းဆင်း ဆောင်ရွက်မှုများ ပြုလုပ်ကြောင်း သတင်းရရှိပါတယ်။



ဟောပြော ဆွေးနွေးပွဲတွင် ရှေးဦးစွာ မန္တလေးတိုင်း ဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်အောင်ကျော်က စားသုံးသူများ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များမှ လိုက်နာစောင့်ထိန်းရမယ့် အချက်များကို ပြောကြားခဲ့ကြောင်း သိရပါတယ်။

ဆက်လက်ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဌာနခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးမျိုးထွန်းက "စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာတွင် ခွင့်မပြုဆိုးဆေးများကို စားသုံးမိခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများနှင့် ဘေးထွက် ဆိုးကျိုးများ အကြောင်း၊ စားသုံးသူများ၏ အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော အစားအစာများ၊ စားသုံးသူနစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက မည်သို့ လုပ်ဆောင်ရမည်စသည့်အချက်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြဆွေးနွေးကြောင်း သိရပါတယ်။

ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးအောင်မြင့်က မိသားစုနေ့စဉ်စားသောက်မှုတွင်မြန်မာလူမျိုးများအနေဖြင့် "ဆီ" ကို စားသုံးမှုရှိကြောင်း၊ ဆီများကို ဝယ်ယူစားသောက်ရာတွင် ပြည့်ဝဆီနှင့် မပြည့်ဝဆီကို ရွေးချယ်စားသောက်သင့်သကဲ့သို့ ဆီစားသုံးမှုကိုလည်း လျှော့ချစားသုံးသင့်ကြောင်း၊ ဟင်းသီးဟင်းရွက်များကို ရေဖြင့် စင်ကြယ်စွာ ဆေးကြောရန်လိုအပ်သကဲ့သို့ အစားအသောက်ရောင်းချသူများအနေဖြင့် သန့်ရှင်းစင်ကြယ် သပ်ရပ်စွာ ရောင်းချသင့်ကြောင်း ဆွေးနွေးဟောပြောခဲ့ပါတယ်။

အဆိုပါ ဟောပြော ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာမှ ဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်များ၊ ဈေးသူ/ဈေးသားများ၊ ဈေးအကျိုးတော်ဆောင်များနှင့် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များ၊ စုစုပေါင်း၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း၊ တက်ရောက်လာသူများအားလုံးအား စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ဝေပေးသည့် "စားသုံးသူရေးရာအကြောင်း သိကောင်းစရာ"လက်ကမ်းစာစောင်များအား ဝေငှခဲ့ကြောင်းသိရပါတယ်။

**စိုးအောင် စားသုံးသူ(မန္တလေး)**

## ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆက်လက်ဆောင်ရွက်



ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူမိဘပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို ဌာန၏ ရက် ၁၀၀စီမံချက်များအတိုင်း အကောင်အထည်ဖော်ရွက်လျက်ရှိရာ မေ၄ရက်အထိ လွိုင်ကော်မြို့ပေါ်တွင် ဟောပြောပွဲလေးကြိမ် ပြုလုပ်ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။

ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းဦးဆောင်သည့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာစုသီရိနှင့် ဝန်ထမ်းများသည် မေ၄ရက်က လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ Level up Academy သင်တန်းကျောင်းရှိ ဆရာ/ဆရာမျာနှင့် သင်တန်းသူ/သင်တန်းသား ၅၀ ဦးတို့ကိုလည်းကောင်း၊ ညနေပိုင်းတွင် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်အုပ်စု၁၁ ရှိရပ်မိ/ရပ်ဖ ၁၀၀ဦးတို့ကိုလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ပြည်နယ်ဦးစီးမှူးက ဖောဘူး၊ ကြွပ်ကြွပ်အိတ်တို့နဲ့ ထမင်းပူပူ၊ ဟင်းပူပူထည့်၍ သုံးစွဲပါက ရောဂါရတာကြောင့် ကြွပ်ကြွပ်အိတ်များကို တတ်နိုင်သမျှမသုံးစွဲရန်၊ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ကင်ဆာရောဂါဖြစ်ပွားမှု အမြင့်မားဆုံးနိုင်ငံ ဖြစ်ပါကြောင်း၊ တရားမဝင်တင်သွင်းလာသော ဆေးဝါးများကြောင့်လည်း အသက်ဆုံးပါးသည့်သတင်းများကြားသိနေရပါသောကြောင့် စားသုံးသူမိဘပြည်သူများအတွက် အန္တရာယ်ရှိပါကြောင်း၊ အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်ဆိုသလို အစားအစာများကို သက်တမ်းကုန်ဆုံးရက်၊ ထုတ်လုပ်သည့်ရက်စွဲများကို သေချာစွာစစ်ဆေး၍ ဝယ်ယူစားသောက်ကြရန်၊ အမြင်လှပရုံ၊ အနံ့လေးမွှေးပျံ့ရုံနဲ့မစားသောက်စေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက်တက်ရောက်လာကြသူများ၏ သိလိုသည်များကို ပြည်နယ်ဦးစီးမှူးကပြန်လည်ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**လွင်ကိုအောင် - လွိုင်ကော်**

# ယင်းမာပင်ခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဧပြီ ၂၈ ရက်နဲ့ ၃၀ရက်တို့တွင် ဦးစီးအရာရှိ ဦးသန်းပိုဦးစီးပြီး ယင်းမာပင်မြို့နယ် မြို့သစ်ကျေးရွာနှင့် လက်လှုပ်ကျေး ရွာများသို့လည်းကောင်း၊ ဦးသောင်းကြိုင် ဦးစီးသည့် ဝန်ထမ်း များသည် ဆားလင်းကြီးမြို့နယ် အောင်ချမ်း စည်ရွာနှင့်ညောင်ပင်ကြီး ရွာ၊ ဝက်မှေးကံတောရွာများသို့ သွားရောက်၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးဦးသန်းပိုက စားသုံးသူရေးရာ အကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် ထိုဥပဒေမှာ အစားအသောက်ဆေးဝါးသာမက ဝန်ဆောင်မှုလုပ်ငန်းများပါ အကျုံးဝင်ကြောင်းပြောကြားခဲ့ပြီး ဒုတိယခရိုင်ဦးစီးမှူး ဦးသောင်းကြိုင်က စားသုံးသူများဖြစ်သည့် ပြည်သူလူထုတစ်ရပ်လုံး အစားအသောက်၊ ဆေးဝါးအလှကုန်၊ လူသုံးကုန်ပစ္စည်း၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့ကို သုံးစွဲရာတွင် ဘေးဥပဒ်မဖြစ်စေရန်နှင့် လိမ်လည်လှည့်ဖြားမှုမခံရအောင် စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့်တာဝန်များ အကြောင်း ပြောကြားခဲ့ပါသည်။ အကြီးတန်းစာရေးဒေါ်မိုးမိုးမြင့်က ဆိုးဆေးပါ အစားအသောက်များအကြောင်း၊ ဆိုးဆေးများမှာ သဘာဝဆိုးဆေးနှင့်ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိကြောင်း ဓာတုဆိုးဆေးတွင် ခွင့်ပြုထားသော ဆိုးဆေးနှင့်ခွင့်မပြုထားသော ဆေးဟူ၍ ခွဲခြားထားကြောင်းကို ရှင်းလင်းပြောကြားပြီး အကြီးတန်းစာရေး ဒေါ်ယဉ်ယဉ်ဝင်းက အန္တရာယ်ရှိမုန့်မျိုးစုံအကြောင်းနှင့်အန္တရာယ် ရှိအသင့်စားသောက်ဖွယ်ရာများတွင် တာရှည်ခံဆေးများ ထည့်သွင်းထားသောကြောင့် စားသုံးရန်မသင့်ကြောင်း သဘာဝကိုလွန်ပြီး အရောင်၊ အနံ့၊ အရသာများကို ဓာတုပစ္စည်းများသုံးစွဲထားသောကြောင့် မစားသုံးသင့်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဟောပြောပွဲတွင် ညောင်ပင်ကြီးကျေးရွာမှ တက်ရောက်လာသူတစ်ဦးက ရွာကို ယခုလို လာရောက်ဟောပြောပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ရွာမရောက်ခင်တခြားကျေးရွာများတွင် ဟောပြောခဲ့သည့်အတွက် တစ်ဆင့်စကားဖြင့်ကြားသိရ၍ မိမိအိမ်မှ ဝယ်ယူထားသော ဓာတ်ဆားထုပ် ၂၀ ထုပ်ကို ရက်စွဲများကြည့်ရှုရာတစ်လခန့်ရက်လွန်နေသည်ကို တွေ့ရှိရပါ၍ အသုံးမပြုဘဲ စွန့်ပစ်ခဲ့ရကြောင်းနှင့်ကျေးရွာတိုင်းအား ယခုကဲ့သို့ ဟောပြောသင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။

မြို့သစ်ကျေးရွာတွင် တက်ရောက်လာသူဦးရေ ၁၅ ဦးသာရှိသော်လည်း မြို့သစ်ကျေးရွာအုပ်ချုပ်ရေးမှူးက အရင်ကမသိရှိသေးတဲ့ အစားအစာတွေထဲတွင် ဘေးဥပဒ်ဖြစ်စေနိုင်တာတွေ၊ ရှောင်သင့်တာများကို သိရှိရသည့်အတွက် နောက်နောင်တွင် ယခုလို လာရောက် ပြောကြားစေလိုကြောင်း လူဦးရေဒီထက်များအောင် စုဝေးပေးမည်ဟုပြောကြားခဲ့ကြောင်း သိရသည်။

လက်လှုပ်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဟောပြောပွဲကျင်းပရာ ဌာနမှ ပေးဝေသော ခွင့်မပြုဓာတုဆိုးဆေးများ သုံးစွဲထားသည့် အစားအသောက်စာရင်းများအား ကြော်ငြာဆိုင်းဘုတ်များတွင် အများသိအောင်ကြော်ငြာထားမည်ဖြစ်ကြောင်း၊ ကျောင်းထိုင်ဘုန်းတော်ကြီးမှာလည်း အခုလိုလာရောက် အသိပညာပေးခြင်းကို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ခွင့်မပြုဓာတုဆိုးဆေးပါဝင်ကြောင်း ကြော်ငြာခဲ့သည့် အစားအသောက်စာရင်းနှင့်ဌာနမှထုတ်ဝေသည့် ကောမတ်စ်ဂျာနယ်များအား ပေးအပ်ခဲ့ပါသည်။ ဟောပြောပွဲတွင် မြို့သစ်ရွာမှ ၁၅ ဦး၊ ညောင်ပင်ကြီးကျေးရွာမှ ရှစ်ဦး၊ အောင်ချမ်းစည်ရွာမှ ၃၅ ဦး၊ ဝက်မှေးကံတောရွာမှ ၂၅ ဦးနှင့် လက်လှုပ်ကျေးရွာမှ ၄၅ ဦးတက်ရောက်ကြောင်း သတင်းရရှိပါသည်။

**မိုးမိုးမြင့် - ဆားလင်းကြီး**

# တာမွေမြို့နယ် ကျောက်မြောင်းဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ) တိုင်းကျန်းမာရေး ဦးစီးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မေ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းဈေး၌ စားသုံးသူအကာအကွယ်ပေး ရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။



ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တာမွေမြို့နယ်အတွင်းရှိ ဈေးတာဝန်ခံများ၊ ကျောက်မြောင်းဈေးအတွင်း ဈေးရောင်းချနေသည့် ဈေးသူ/ဈေးသားများကို စားသုံးသူ တစ်ဦးအနေနှင့်ရော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနှင့်ပါ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေနှင့်အညီ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များကို ရယူလိုက်နာ ဆောင်ရွက်သွားရေး၊ စားသုံးသူများကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေမည့် ကုန်စည်များရောင်းချရေး၊ စီးပွားရေး ကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သလို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစုမွန်ချယ်ကလည်း စားသုံးသူပြည်သူများအတွက် ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီးနောက်ပိုင်း ကုန်ပစ္စည်းများကို စစ်ဆေးဆောင်ရွက်နေပုံ၊ နေ့စဉ် ပြည်သူအများစု ဝယ်ယူစားသုံးနေတဲ့ လက်ဖက်၊ ငါးပိ စသည်တို့တွင် ဆိုးဆေးကင်းစင်ရေးအတွက် စတင်ထုတ်လုပ်သည့်နေရာအထိ ကွင်းဆင်းစစ်ဆေး အသိပညာပေးနေမှုများ၊ စားသုံးသူပြည်သူများ သတိပြုရှောင်ရှားဝယ်ယူသုံးစွဲနိုင်ရေး အတွက် ဌာနမှ ဈေးကွက်အတွင်း ကွင်းဆင်း၍ နမူနာကောက်ယူ ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက် အဖြေအရ စားသုံးရန်မသင့်သည့် အစားအသောက်နှင့် ဆေးဝါးများ၊ သုံးစွဲရန်မသင့်သည့် အလှကုန်များကို နိုင်ငံပိုင် သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခြင်း၊ တာမွေမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာဒေါ်ခင်စမ်းလွင် ကလည်း အစားအသောက်များကို ကျန်းမာရေးအသိ သတိနှင့် ဝယ်ယူစားသုံးရေး၊ အချိုမှုန့်၊ အချိုရည်တို့၏ ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေး အသိပညာပေးခြင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းသိန်းကလည်း စားသုံးသူ အကာအကွယ်ရေးလုပ်ငန်းများ အပေါ် တက်ရောက်လာကြသူများ၏ အမြင်၊ ဆန္ဒနှင့်သဘောထားများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ထို့ပြင် ဟောပြောဆွေးနွေးပွဲသို့တက်ရောက်လာကြသူများ အနက် တာမွေမြို့နယ်(ယာယီ)ဈေး တာဝန်ခံကလည်း စည်ပင်သာယာ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှု၊ စားသောက်ကုန်အချို့တွင် ဆိုးဆေးများ အသုံးပြုမှုကိုမျက်မြင်အခြေအနေအရ မသိရှိနိုင်သဖြင့် အလွယ်တကူ အရေးမယူနိုင်မှု၊ တက်ရောက်လာသူ တစ်ဦးကလည်း အိမ်ရှင်မတစ်ဦးအနေနှင့် ဈေးတော်တော်များများတွင် လက်ဖက် ဝယ်ယူရာ၌ ဆိုင်တိုင်းလိုလို ဆိုးဆေးအသုံးပြုထားသည့် လက်ဖက် များကိုသာရောင်းချနေသဖြင့် ရွေးချယ်ဝယ်ယူစားသုံးရန် ခက်ခဲနေမှု၊ ဆိုးဆေးအသုံးပြုမှုကို ထိထိရောက်ရောက် တားဆီးကာကွယ်ပေး စေလိုကြောင်း ဆွေးနွေးမှုတို့ အပေါ် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့တာကြောင့် စားသုံးသူများ ၏ ဆန္ဒသဘောထားများကို တွေ့မြင်သိရှိခဲ့ရသလို ဌာနဆိုင်ရာများ၏ ပြန်လည်ရှင်းလင်းပြောကြားမှုကြောင့် ဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို စားသုံးသူပြည်သူများကလည်း သိရှိကျေနပ်ခဲ့ကြတယ်လို့ သိရှိရပါတယ်။

ဟောပြောဆွေးနွေးပွဲပြီးနောက် ဈေးအတွင်း ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်တဲ့အခါ ကုန်မျိုးစုံနဲ့ မုန့်ရောင်းချသူတစ်ဦးက သူ့ဆိုင်မှာလာရောက်ဝယ်ယူတဲ့ သူတွေကို မိသားစုသဖွယ် ကိုယ်ချင်းစာတရားထားပြီး ဘေးဥပဒ်အန္တရာယ်ကင်းတဲ့ ကုန်ပစ္စည်းများကိုသာ ရောင်းချပုံ၊ ငရုတ်သီးမှုန့်ကိုလည်း အမှတ်တံဆိပ်ပါသည့် တရားဝင်မှတ်ပုံတင်ထားသည်များနှင့် ကိုယ်တိုင်ဝယ်ယူကြိတ်ပြီး ရောင်းချနေပုံ၊ ဆေးရောင်းချသူတစ်ဦးကလည်း နိုင်ငံတော်က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆေးရောင်းချခွင့် မှတ်ပုံတင်လက်မှတ်ရယူထားပုံ၊ ရောင်းချသည့်ဆေးများမှာလည်း ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခွင့်ပြုထောက်ခံချက်ရရှိပြီးသည့် ဆေးဝါးများကိုသာ ရောင်းချနေပုံ၊ ရက်လွန်ဆေးဝါးများကို ရောင်းချခြင်းမပြုပုံ၊ အလှကုန်ပစ္စည်းရောင်းချသူတစ်ဦးကလည်း တရားဝင်ကုမ္ပဏီများမှ လာရောက်ပေးသွင်းသည့်ပစ္စည်းများကိုသာ ရောင်းချပုံတို့ကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အခုလို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြော ဆွေးနွေးပွဲနဲ့ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်နေသလို တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ တွံတေးခရိုင်ဦးစီးမှူးရုံးမှလည်း တွံတေးမြို့နယ် ကြည်တန်းကျေးရွာ၊ ကော့မှူးမြို့နယ် မြောက်ချောင်ကျေးရွာ၊ ဆိပ်ကြီးခနောင်တိုမြို့နယ် သခင်ဘသောင်းရပ်ကွက်၊ ဒလမြို့နယ် အုံ့ကြီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စု မေတ္တာကျေးရွာတွင်လည်းကောင်း၊ လှည်းကူးခရိုင်ဦးစီးမှူးရုံးမှလည်း လှည်းကူးမြို့နယ် စမ်းသော်တာရပ်ကွက်၊ တိုက်ကြီးမြို့နယ် အိုးထမ်းရပ်ကွက် စိန်ကြီး (၄) လမ်း၊ မှော်ဘီမြို့နယ် ဘန်ဘွေးကုန်းကျေးရွာ၊ ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ သန်လျင်ခရိုင်ဦးစီးမှူးရုံးမှလည်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ၊ ကျောက်တန်းမြို့နယ် ပါဒကြီး (စံပြကျေးရွာ)၊ ကျောက်တန်းမြို့နယ် မြို့မဈေး၊ သုံးခွမြို့နယ် စပယ်ချောင် (ညောင်လေးပင်ကျေးရွာ)၊ ခရမ်းမြို့နယ် မြို့မဈေး၊ ခရမ်းမြို့နယ် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတို့တွင်လည်းကောင်း၊ အင်းစိန်ခရိုင်ဦးစီးမှူးရုံးမှလည်း အင်းစိန်မြို့နယ် အင်းစိန်ခရိုင်ရုံး၊ အင်းစိန်မြို့နယ် သန့်စင်စတိုး၊ ဘုရင့်နောင်ပွဲရုံ (အောင်ငွေတိုး)ဆိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ BNC ဝင်း (ကူတိုးဆိပ်ရပ်ကွက်) ဓမ္မာရုံတို့တွင်လည်းကောင်း စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို မေလ ၂ ရက် မှ ၇ ရက်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အိနွေအောင်(စားသုံးသူ)ရန်ကုန်**

# မွန်ပြည်နယ် မော်လမြိုင်မြို့နှင့်မုဒုံမြို့တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနဲ့တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိကွင်းဆင်းစိစစ်

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယဦးစီးမှူး ဦးနေဇင်သက်၊ ဒုတိယဦးစီးမှူး ဦးဝင်းမြတ်၊ဒုတိယဦးစီးမှူး ဦးသူရဇော်နှင့် ဈေးတာဝန်ခံ ဦးတင်ထွန်းတို့သည် ဧပြီ ၂၉ ရက်တွင် မော်လမြိုင်မြို့ မောင်ငံဈေးရှိ ဈေးဆိုင်ခန်းများတွင် တားမြစ်ကုန်စည်များ၏ အမည်၊ အမျိုးအစား၊ အမှတ်တံဆိပ်၊ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ စသည်တို့အကြောင်းနှင့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သဖြင့် တားမြစ်ရခြင်းဖြစ်ကြောင်းများကို လက်ကမ်းစာစောင်များ၊ရောင်စုံ ပုံနှိပ်စာစောင်များဝေငှ



ခြင်းနှင့် ပညာပေးဆွေးနွေးခြင်း၊ တားမြစ် ကုန်စည်များရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစိစစ်ခဲ့ရာ တားမြစ်ထားသော ကုန်စည်အချို့အား ရောင်းချနေကြောင်း စိစစ်တွေ့ရှိရပါသဖြင့် နောက်နောင်တွင် ရောင်းချခြင်းမပြုရန် ပညာပေး တားမြစ်ခဲ့ပါကြောင်း၊ ဧပြီ ၃၀ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်ကျော်မိုး ဦးဆောင်တဲ့ ဝန်ထမ်းများ၊ မုဒုံမြို့နယ် တာဝန်ခံ ဦးလှအောင်နှင့်မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်အေးနဲ့ ဝန်ထမ်းများ ပူးပေါင်း၍ မုဒုံမြို့နယ် ရွှေဟသ်ာဈေး (ဈေးတာဝန်ခံရုံး)တွင် စားသုံးသူရေးရာ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာသိကောင်းစရာ များအကြောင်းတို့ကို အသိပညာပေးဟောပြော ဆွေးနွေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ စားသုံးသူရေးရာတာဝန်ခံ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူအကာ အကွယ်ပေးရေးအကြောင်းနဲ့ ဥပဒေများအကြောင်း ဆွေးနွေးခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာဌာနခွဲ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများနှင့် တားမြစ်ကုန်စည်များ၏ ဘေးအန္တရာယ်များအကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ၊စည်ပင် သာယာရေးအဖွဲ့မှဝန်ထမ်းများနဲ့ ဈေးမိဈေးဖများပူးပေါင်းပြီးဈေးအတွင်းရှိ ဆိုင်ခန်းများတွင် လက်ကမ်းစာစောင်များ၊ ရောင်စုံပုံနှိပ်စာစောင်များ ဝေငှပြီး တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိကွင်းဆင်းစိစစ်ရာ တားမြစ်ကုန်စည်အချို့ရောင်းချနေကြောင်း စိစစ်တွေ့ရှိရပါသဖြင့် နောက်နောင်တွင် ရောင်းချခြင်းမပြုရန် ပညာပေးတားမြစ်ခဲ့ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နဲ့ ဈေးမိဈေးဖများက နောင်တွင်လည်း မုဒုံမြို့နယ်အတွင်းရှိ အခြားဈေးများသို့လာရောက်၍ ပညာပေးဆွေးနွေးပေးပါရန်နဲ့ ကွင်းဆင်းစိစစ် ပေးပါရန် ဖိတ်ကြားခဲ့ပါကြောင်း သတင်းရရှိပါတယ်။

**နေဇင် (မွန်)**

# ဘဏ္ဍာရေးအကျပ်အတည်းကိုရှောင်လွှဲနိုင်ဖို့အတွက် အာဆီယံ+၃ က ဘေးကင်းလုံခြုံရေးကွန်ရက်ကို ကောင်းမွန်အောင်ဆောင်ရွက်မည်

စီးပွားရေး နှေးကွေးကျဆင်းမှုနဲ့ ဈေးကွက် မတည်မငြိမ်ဖြစ်နေတဲ့အတွက် ဒေသတွင်းမှာ ဖြစ်ပေါ်နိုင်ဖွယ်ရှိတဲ့ အကျပ်အတည်းကို ရှောင်ရှားနိုင်ဖို့ ဘဏ္ဍာရေး ဘေးကင်းလုံခြုံရေး ကွန်ရက်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နဲ့ ဂျပန်၊ တရုတ်နဲ့တောင်ကိုရီးယားတို့က မေ ၃ ရက်မှာ သဘောတူခဲ့ကြကြောင်း ဇန်ကောက်ပို့စ်သတင်းမှာ ဖော်ပြပါတယ်။

ယခင်လက ဂျီ-၂၀အဖွဲ့ဝင် နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတို့မှ ဘဏ္ဍာရေး အကြီးအကဲများ သဘောတူခဲ့ကြသလို လိုအပ်ပါက မူဝါဒလက်နက်များကို အသုံးပြုဆောင်ရွက်သွားဖို့ အာဆီယံ +၃ ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးများက သဘောတူညီခဲ့ကြပါတယ်။ ချမှတ်ထားတဲ့ မူဝါဒအစီအမံများအနက် စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ဖို့၊ အလုပ်ကိုင်များဖန်တီးဖို့နဲ့ တီထွင်ဖန်တီးမှုတွေ ဆောင်ရွက်နိုင်ဖို့ အတွက် ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ ဘဏ္ဍာရေးမူဝါဒတွေကို ချမှတ်ရေးနဲ့ ချေးငွေထုတ်ချေးတဲ့ လုပ်ငန်းတွေ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရေး စတဲ့အချက်တွေလည်း ပါဝင်ပါတယ်။

ဂျပန်ဗဟိုဘဏ်က ငွေကြေးလျှော့ဆော်တွန်းအားပေးမှု အစီအစဉ်သစ်ကို ချမှတ်ဆောင်ရွက်လိမ့်မယ်လို့ ဈေးကွက်က မျှော်လင့်လျက်ရှိသော်လည်း ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကိုမပြောင်းလဲဘဲ ထိန်းသိမ်းထားတဲ့အတွက် အမေရိကန်ဒေါ်လာတန်ဖိုးက ဂျပန်ယန်းငွေ ၆ ယန်းနှုန်းကျဆင်းချိန်မှာ အာဆီယံ+၃ နိုင်ငံများရဲ့ အစည်းအဝေးကို ဖရန့်ဖတ်မြို့မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ပင်လယ်ရပ်ခြားစီးပွားရေးတွေ နှေးကွေးကျဆင်းနေချိန်မှာ အတိုးနှုန်းထပ်မံမြှင့်တင်ရေးနဲ့ ပတ်သက်လို့ အမေရိကန်ဗဟိုဘဏ်က သတိထားပြီးရပ်တည်ဆောင်ရွက်နေတဲ့အတွက် ဒေါ်လာတန်ဖိုးကျဆင်းမှုကို ထောက်ပံ့ပေးသလိုဖြစ်နေပါတယ်။

"ငွေကြေးစီးဆင်းမှုနဲ့ ဒီလိုငွေကြေးစီးဆင်းမှု မတည်မငြိမ်ဖြစ်လို့ ဖြစ်ပေါ်လာမယ့် စွန့်စားမှုအန္တရာယ်တွေကို ကျွန်တော်တို့အနီးကပ်စောင့်ကြည့်သွားမှာ ဖြစ်ပါတယ်။ ဒေသတွင်းစီးပွားရေးနဲ့ ဘဏ္ဍာရေးတည်ငြိမ်ဖို့အတွက်အထောက်အပံ့ပေးနိုင်အောင် ဆောင်ရွက်တဲ့အနေနဲ့ ပြောင်းလဲနေတဲ့ စီးပွားရေးပတ်ဝန်းကျင်ကို ဘဏ္ဍာရေးဈေးကွက်အတက်အကျတွေနဲ့ အညီ သင့်တော်သလို တုံ့ပြန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

# ပထမသုံးလပတ် အာဆီယံမော်တော်ကားဈေးကွက်မှာ ဖိလစ်ပိုင်နိုင်ငံက တတိယမြောက် တိုးတက်မှု အရှိဆုံးဈေးကွက်ဖြစ်



ယခုနှစ်ပထမသုံးလပတ် မော်တော်ကားရောင်းချမှုမှာ အရှေ့တောင်အာရှခုနစ်နိုင်ငံအနက် ဖိလစ်ပိုင်နိုင်ငံက တတိယနေရာ ရောက်ရှိလာတဲ့အတွက် ဒေသတွင်းအကျိုးအမြတ်အရှိဆုံးမော်တော်ကားဈေးကွက်တွေထဲမှာ ပါဝင်လာကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ဒေသတစ်ခုလုံး ခြုံကြည့်ရင် ဇန်နဝါရီမှ မတ်လအထိ ဒေသတွင်း မော်တော်ကားရောင်းချမှုက ယခင်နှစ် အလားတူကာလကရောင်းချခဲ့ရသော စီးရေ ၇၇၀၅၆၆ နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး စီးရေ ၇၄၁၃၉၂ အထိ ရောက်ရှိခဲ့ကြောင်း အာဆီယံမော်တော်ကား ဖက်ဒရေးရှင်းက ထုတ်ပြန်တဲ့ ကိန်းဂဏန်းများမှာ ဖော်ပြပါတယ်။ ဖော်ပြပါကာလအတွင်း စင်ကာပူ၊ ဗီယက်နမ်နဲ့ ဖိလစ်ပိုင်တို့မှသာ အရောင်းမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်ပထမသုံးလပတ်မှာ ဖိလစ်ပိုင်နိုင်ငံရဲ့ မော်တော်ကားရောင်းချမှုက ၂၀၁၅ ခုနှစ်ကာလတူကရှိခဲ့တဲ့ ၆၂၈၈၂ စီးနဲ့ နှိုင်းယှဉ်ရင် ၂၁ ဒသမ ၆ရာခိုင်နှုန်း မြင့်တက်ပြီး စီးရေ၇၆၄၇၉ အထိရှိခဲ့ပါတယ်။

အဆိုပါကာလအတွင်း စင်ကာပူနိုင်ငံ မော်တော်ကားဈေးကွက်က အမြင့်မားဆုံးနှစ်ဖြစ်ပြီး နှစ်အလိုက် နှိုင်းယှဉ်ပါက ၈၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး ဗီယက်နမ်နိုင်ငံက ၃၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပါတယ်။ တစ်ချိန်တည်းမှာ ဘရူးနိုင်းနိုင်ငံရဲ့ မော်တော်ကား ရောင်းချမှုက ဒေသတွင်းမှာ အနိမ့်ဆုံးဖြစ်ပြီး နှစ်အလိုက် နှိုင်းယှဉ်မှုအရ ၂၈ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပြီး မလေးရှားနိုင်ငံက ၂၂ ရာခိုင်နှုန်းကျ ဆင်းခဲ့ပါတယ်။

ဒေသတွင်းမှာ အကြီးမားဆုံး မော်တော်ကားဈေးကွက်ကြီးများ ဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ ထိုင်းနိုင်ငံတို့ရဲ့ မော်တော်ကားရောင်းချမှုက ၅ ဒသမ ၄ ရာခိုင်နှုန်းနဲ့ ၈ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး ကျဆင်းပါတယ်။ အင်ဒိုနီးရှားက စီးရေ ၂၆၇၂၂၇ရောင်းချရပြီး ထိုင်းနဲ့ မလေးရှားက ၁၈၁၅၆၀ စီးနဲ့ မလေးရှားက ၁၃၁၂၆၇ စီး ရောင်းချခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံက မော်တော်ကားရောင်းချမှု မြင့်တက်နေတဲ့အပြင် ထုတ်လုပ်မှုမှာလည်း မြင့်တက်ခဲ့ပြီး ယခင်နှစ် အလားတူကာလက ထုတ်လုပ်ခဲ့တဲ့ ၂၁၂၈၂ စီးနဲ့ နှိုင်းယှဉ်ပါက ယခုနှစ် ပထမသုံးလပတ်အတွင်း ၁၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ကာ ၂၅၂၀၉ စီးအထိ ထုတ်လုပ်ခဲ့ပါတယ်။

# ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အကောင်အထည်ဖော်မည့် ခုံအဖွဲ့ကို အိန္ဒိယနိုင်ငံဖွဲ့စည်းမည်

အကောက်ခွန်ရှင်းလင်းမှု ပိုမိုလျင်မြန်အောင်ဆောင်ရွက်ပြီး ပို့ကုန်မြှင့်တင်နိုင်ဖို့ အတွက် အကောက်ခွန်စံနှုန်းလျှော့ချနိုင်ရန် ရည်ရွယ်ချုပ်ဆိုထားတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ရဲ့ သဘောတူစာချုပ်ကို အိန္ဒိယနိုင်ငံကလက်မှတ်ရေးထိုးပြီးဖြစ်ရာ အဆိုပါစာချုပ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးခုံအဖွဲ့ကို အိန္ဒိယနိုင်ငံက ဖွဲ့စည်းထူထောင်သွားမှာဖြစ်ပါတယ်။ဒဗလျူတီအိုရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို အိန္ဒိယနိုင်ငံအနေနဲ့ ဧပြီက အတည်ပြုခဲ့ပါတယ်။ ယခုလို အတည်ပြုလိုက်တဲ့အတွက် ကုန်စည်တွေနယ်စပ် ဖြတ်ကျော်ရာမှာ လုပ်ထုံးလုပ်နည်းတွေ လွယ်ကူချော မွေ့စေဖို့နဲ့ ပွင့်လင်းမြင် သာမှုရှိဖို့ ဆောင်ရွက်နေတဲ့ အိန္ဒိယနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုတွေ ကို အထောက်အကူဖြစ်စေနိုင်ပါတယ်။

"ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ကို ပြည်တွင်းမှာ ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဖို့အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အမျိုးသားကော်မတီ (National Committee on Trade Facilitation -NCTF) ကို ဖွဲ့စည်းနိုင်ဖို့အတွက် အိန္ဒိယနိုင်ငံက စတင်ဆောင်ရွက်နေပါပြီလို့" အိန္ဒိယစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

NCTF က အစိုးရဌာနတွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ အပြည်ပြည်ဆိုင်ရာနယ်စပ်တွေနဲ့ ထိစပ်နေတဲ့ ပြည်နယ်တွေအတွက် ပေါင်းစပ်ညှိနှိုင်းရေးယန္တရားအဖြစ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

"ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအကောင်အထည်ဖော်ရေး" နဲ့ သက်ဆိုင်တဲ့အတိုင်ပင်ခံကော်မတီ အစည်းအဝေးကို မေ ၂ ရက်က စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာကျင်းပခဲ့ပါတယ်။ ယခုစာချုပ်က အကောက်ခွန်ရှင်းလင်းမှုကို ပိုမိုလွယ်ကူစေနိုင်ကြောင်း၊ နယ်စပ်ဒေသမှာ ကြိုးနီစနစ်လျှော့ချရေးနဲ့ လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စေနိုင်မှာဖြစ်ကြောင်း အဆိုပါ အစည်းအဝေးမှာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နီမလာဆီသာရာမန်က ပြောပါတယ်။

# အကောက်ခွန်မဟုတ်တဲ့ အတားအဆီးများကို အာဆီယံ+၃ က ဖယ်ရှားဖို့ ကြိုးပမ်း

အာဆီယံဒေသမှာ အကောက်ခွန်မဟုတ်တဲ့ အတားအဆီးများ ဖယ်ရှားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုနှစ်မှာ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ ထောက်ပံ့ပို့ဆောင်ရေးနဲ့ လက်လီရောင်းချမှု လုပ်ငန်းများအတွက် အလေးပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း သည်ဆန်းဒေးလီးသတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ပေါင်းစည်းရေးမှာ ပုဂ္ဂလိကကဏ္ဍကို ပူးပေါင်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုထားကြောင်း "မလေးရှားအာဆီယံစီးပွားရေးလုပ်ငန်းအကြံပေးကောင်စီ"ရဲ့ ဥက္ကဌ တန်ဆရီဒေါက်တာ မွန်မူနီအဗ္ဗဒူမာဂျစ်က ပြောပါတယ်။

"အဓိကဦးစားပေးအဖြစ် သတ်မှတ်ထားတဲ့ ကဏ္ဍလေးခုမှာ ဖြစ်ပေါ်လာမယ့်ပြဿနာတွေ ပေါ်ပေါက်လာရင် ဖြေရှင်းနိုင်ဖို့အတွက် ဖွဲ့စည်းထားတဲ့လုပ်ငန်းအဖွဲ့တွေထဲမှာ ပုဂ္ဂလိကကဏ္ဍက ပါဝင်နိုင်ဖို့အတွက် ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်နေပါတယ်"လို့ သတင်းစာရှင်းလင်းပွဲမှာ သူကသတင်းထောက်တွေကို ပြောပါတယ်။

ဒီကဏ္ဍလေးရပ်ကို ရွေးချယ်ရတဲ့ အကြောင်းရင်းက ပြည်သူကိုအခြေပြုထားတဲ့ကဏ္ဍတွေကြောင့် ဖြစ်ပါတယ်။ ဒီလုပ်ငန်းကဏ္ဍတွေမှာရှိတဲ့ လုပ်ငန်းအဖွဲ့တွေမှာ ပါဝင်မယ့် ကျွမ်းကျင်သူတွေကိုလည်း အာဆီယံအကြံပေးကောင်စီက ရွေးချယ်ထားပြီးဖြစ်ကြောင်း မူနီကပြောပါတယ်။

"ဒီကိစ္စအတွက်ဆွေးနွေးရာမှာ နိုင်ငံအကြီးအကဲတွေ၊ ဝန်ကြီးတွေနဲ့ အဆင့်မြင့်စီးပွားရေးအရာရှိတွေပဲ ပါဝင်ပါသေးတယ်။ ဒီလောက်နဲ့ မလုံလောက်သေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ အောက်ခြေအထိဆင်းပြီးဆောင်ရွက်ရပါမယ်။ ဒီလိုဆောင်ရွက်မှသာ ကျွန်တော်တို့ လိုချင်တဲ့အောင်မြင်မှုတွေကို ဆောင်ရွက်နိုင်ပါလိမ့်မယ်"လို့ သူကပြောပါတယ်။

တခြားကုမ္ပဏီတွေအနေနဲ့ အေအီးစီက ရမယ့်အကျိုးကျေးဇူးတွေကိုရရှိအောင်ဆောင်ရွက်နေရတဲ့အတွက် မလေးရှားစီးပွားရေးလုပ်ငန်းများကလည်း မိမိတို့ရသင့်ရထိုက်တာကို ရရှိအောင်ဆောင်ရွက်ကြဖို့ မူနီကတိုက်တွန်းပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ရင်းနှီးမြှုပ်နှံမှု ပိုမိုဆောင်ရွက်ဖို့ ဖိလစ်ပိုင် ရွှေ့ပြောင်းလုပ်သားတို့ကို ဗဟိုဘဏ်တိုက်တွန်း

ဖိလစ်ပိုင်နိုင်ငံမှ ပင်လယ်ရပ်ခြားသို့ သွားရောက် အလုပ်လုပ်နေတဲ့ ရွှေ့ပြောင်းလုပ်သားများနဲ့ မိသားစုများအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေ တိုးတက်ဆောင်ရွက်ပေးနေပြီဖြစ်တဲ့အတွက် ပင်လယ်ရပ်ခြားမှာ သွားရောက်လုပ်ကိုင်နေတဲ့ ဖိလစ်ပိုင်လူမျိုးများက လွှဲပြောင်းပေးတဲ့ငွေတွေကို ရရှိခံစားနေကြတဲ့ မိသားစုများအနေနဲ့ ပိုမိုရင်းနှီးမြှုပ်နှံကြရန်လိုကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ် (BSP) က ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ပင်လယ်ရပ်ခြားမှာသွားရောက်အလုပ်လုပ်ကိုင်နေတဲ့ ဖိလစ်ပိုင်လုပ်သားတွေရဲ့ မိသားစုတွေက ရင်းနှီးမြှုပ်နှံတဲ့ ပမာဏမှာ ၂၀၀၇ ခုနှစ်က ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ယခုနှစ် ပထမသုံးလပတ်မှာ ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ စုဆောင်းငွေအဖြစ် အပ်နှံငွေက ၇ ဒသမ ၂ ရာခိုင်နှုန်းကနေ ၄၃ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး အာနန်ဒိုတီတန်ကိုဂျူနီယာက ပြောပါတယ်။

ပင်လယ်ရပ်ခြားမှာ သွားရောက်လုပ်ကိုင်နေသူတွေရဲ့ လွှဲငွေကိုရရှိခံစားနေတဲ့ မိသားစုတွေရဲ့ ရင်းနှီးမြှုပ်နှံမှုက ကိုးနှစ်အတွင်း သုံးဆမျှသာမြင့်တက်ပြီး လွှဲငွေကိုစုဆောင်းငွေအဖြစ် အပ်နှံမှုက ခြောက်ဆအထိ မြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ်ရဲ့ စားသုံးသူမျှော်မှန်းချက်စစ်တမ်း Consumer Expectation Survey အရ သိရပါတယ်။

ပင်လယ်ရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူတွေရဲ့ မိသားစုများအနက် ၉၇ ဒသမ ၃ ရာခိုင်နှုန်းက လွှဲငွေကို အစားအစာနဲ့ တခြားအိမ်ထောင်စုသုံးပစ္စည်းတွေကို ဝယ်ယူကြကြောင်း တီတန်ကိုက ပြောပါတယ်။

၂၀၁၅ ခုနှစ်က ငွေသားနဲ့ လွှဲငွေက ၄၆ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈ ဘီလီယံရှိခဲ့ပါတယ်။ လူကြုံနဲ့ လွှဲငွေက ၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅ ဘီလီယံရှိပါတယ်။

ပင်လယ်ရပ်ခြားလုပ်သားများရဲ့ လွှဲအပ်ငွေက စုစုပေါင်း ပြည်တွင်းထုတ်ကုန်ရဲ့ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။ လွှဲငွေနှစ်မျိုးစလုံးက ဖိလစ်ပိုင်စီးပွားရေးအတွက် အားထားလောက်တဲ့ ပမာဏဖြစ်ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၈ ဘီလီယံရှိခဲ့ပါတယ်။

## ဗီယက်နမ်အထည်ချုပ်လုပ်ငန်းများက ၂၀၂၀ ပြည့်နှစ်ကျော်လွန်ပြီး ဖွံ့ဖြိုးရေး ရည်မှန်းချက်ချမှတ်ဖို့ ဆန္ဒရှိ

နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီဖြစ်စေရန်အတွက် အထည်ချုပ်လုပ်ငန်းရဲ့ ရည်မှန်းချက်ကို ၂၀၂၀ ပြည့်နှစ်အထိ ရည်မှန်းချက် ချမှတ်ထားရာမှ ၂၀၃၀ ပြည့်နှစ်အထိ ပြင်ဆင်ချမှတ်ရန် ဗီယက်နမ်ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်းရှင်များကဆန္ဒရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။

လက်ရှိစီမံကိန်းကို ၂၀၁၄ ခုနှစ် ဧပြီက အတည်ပြုပေးခဲ့တာဖြစ်ပြီး ဗီယက်နမ်နိုင်ငံအထည်ချုပ်ပို့ကုန် လုပ်ငန်းမှ ဝင်ငွေကို ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံမှ ၂၅ ဘီလီယံအတွင်းရရှိဖို့ ရည်မှန်းထားပါတယ်။ ဒါပေမယ့် အထည်ချုပ်လုပ်ငန်းကဏ္ဍရဲ့ ပို့ကုန်မှရရှိငွေက ၂၀၁၅ ခုနှစ်မှာပင် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅ ဘီလီယံအထိရရှိခဲ့ပါတယ်။ ချည်မျှင်နဲ့ အထည်ချုပ် စီးပွားရေးလုပ်ငန်းအားလုံးက ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (TPP)၊ ဗီယက်နမ်-ကိုရီးယား လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ် (VKFTA) နဲ့ဗီယက်နမ်အီးယူလွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ် (VKFTA) တို့မှရရှိတဲ့ အခွင့်အလမ်းများကို ထိထိရောက်ရောက်ရယူဆောင်ရွက်ခဲ့ပါတယ်။

ဗီယက်နမ်ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်းအသင်းဝင် ကုမ္ပဏီအများအပြားမှာ လုပ်ငန်းများ ဖျက်သိမ်းခြင်းသို့မဟုတ် ရပ်ဆိုင်းခြင်းများ ပြုလုပ်ရတဲ့အတွက် အထည်ချုပ်လုပ်ငန်းမှာ စိန်ခေါ်မှု အပြောင်းအလဲများနဲ့ရင်ဆိုင်ခဲ့ရကြောင်း အသင်းဥက္ကဋ္ဌ ဗူဒပ်ဂျန်းက ပြောပါတယ်။ ဒါကြောင့်လက်ရှိ အခြေအနေနဲ့ကိုက်ညီပြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် စီမံကိန်းကို ပြင်ဆင်ချမှတ်ဖို့ အထည်ချုပ်လုပ်ငန်းတွေက ဆန္ဒရှိနေပါတယ်။ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ လိုက်လျောညီထွေရှိတဲ့ လုပ်ငန်းဖွံ့ဖြိုးမှုတွေ ရရှိစေနိုင်ဖို့အတွက် အစိုးရက ၂၀၄၀ ပြည့်နှစ်အထိ ရေရှည်စီမံကိန်းကို ချမှတ်သင့်တယ်လို့ဆိုပါတယ်။ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနှုန်းအတိုင်း သွားရင် ဒီကဏ္ဍရဲ့ ပို့ကုန်ဝင်ငွေက ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ မှ ၅၀ ကြားရှိလိမ့်မယ်လို့ ဗီယက်နမ်အထည်ချုပ်နဲ့ ချည်မျှင်လုပ်ငန်းရှင်များက ပြောပါတယ်။

# အကူအညီများ လျှော့ယူလျှင် စင်ကာပူရှိ ထူထောင်စလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်ဟုဆို



စင်ကာပူရှိ ထူထောင်စလုပ်ငန်းများအနေဖြင့် အစိုးရက ဆောင်ရွက်ပေးနေတဲ့ အစီအစဉ်များနဲ့ အာမခံချေးငွေ အမြောက်အမြားကို လက်ခံရယူနိုင်တဲ့ အနေအထားများရှိနေပေမယ့် အကူအညီကို လျှော့ယူနိုင်ပါက ပိုမိုကောင်းမွန်ကြောင်း စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

“ထူထောင်စလုပ်ငန်းတွေကို အကူအညီပေးတဲ့အခါ နည်းနိုင်သမျှနည်းအောင်ပေးပါ။ ဒါမှသူ့သဘာဝအတိုင်းကိုယ့်အားကိုယ်ကိုးပြီး ထိုးဖောက်တဲ့ ဖြစ်စဉ်တစ်ခုကိုတွေ့မြင်ရလိမ့်မယ်”လို့ ဖက်ရှင်ကုန်အမှတ်တံဆိပ် Ong Shunmugam ကို စတင်အုတ်မြစ်ချသူ ဒါရိုက်တာ မစ္စက်ပရက်စီလာရှန်မူဂမ်က ပြောပါတယ်။

“အကြံအစည်တစ်ခု၊ စီးပွားရေးလုပ်ငန်းတစ်ခုသို့မဟုတ် ထုတ်ကုန်တစ်ခု တကယ်တမ်းကောင်းရင် သူတို့က ထူထောင်စလုပ်ငန်းအဆင့်ကနေ ကျော်သွားမယ်။ ဒီလိုဆောင်ရွက်နိုင်ရင်ငွေတွေ၊ ကျွမ်းကျင်မှုတွေနဲ့ အကြံဉာဏ်တွေကို သူတို့ကဆောင်ကျဉ်းလာလိမ့်မယ်”လို့ ချန်နယ်နယူးအေရှသတင်းအေဂျင်စီက ပြုလုပ်တဲ့အဖွဲ့လိုက်ဆွေးနွေးပွဲမှာ သူကပြောပါတယ်။

မကြာသေးမီကကျင်းပတဲ့ ပွဲတစ်ပွဲမှာ ဧည့်သည်တော်ကျွမ်းကျင်သူများက စွန့်ဦးတီထွင်မှုလုပ်ငန်းနဲ့ပတ်သက်ပြီး "Scaling-up Entrepreneurs:From Start-up to Enterprise" ဆိုတဲ့ ခေါင်းစဉ်နဲ့ ထူထောင်စလုပ်ငန်းများကနေ စီးပွားရေးလုပ်ငန်းအထိရောက်ရှိအောင် ထူထောင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲမှာ လုပ်ငန်းထူထောင်တဲ့အခါ မှန်ကန်တဲ့အဖွဲ့တွေ ရွေးချယ်ခန့်ထားရေးနဲ့ ၂၁ ရာစုမှာ မွေးဖွားခဲ့တဲ့မျိုးဆက်တွေက စွန့်ဦးတီထွင်သူကောင်းတွေဖြစ်နိုင်ပါ့မလားဆိုတဲ့အချက်ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

၂၁ ရာစုအဝင်မှာ မွေးဖွားခဲ့သူတွေက ရဲရင့်ပြီး သူတို့ယုံကြည်ရာကို တစိုက်မတ်မတ် လုပ်တတ်ကြောင်း မစ္စက်ရှန်မူဂမ်က ပြောပါတယ်။ တစ်ဖက်ကကြည့်ရင်လည်း သူတို့က စွမ်းဆောင်ရည်ရှိတယ်လို့ယုံကြည်ကြပြီး အောင်မြင်မှုတွေရဖို့ မျှော်လင့်ချက်တွေရှိကြတယ်လို့ သူက ပြောပါတယ်။

## နိုင်ငံခြားစီးပွားရေးလုပ်ငန်း အက်ဥပဒေချိုးဖောက်မှုကို ထိုင်းအစိုးရက တင်းတင်းကျပ်ကျပ် စစ်ဆေးမည်

ပိုင်ဆိုင်မှုကိုအမည်ခံထားရှိပြီး နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေ (Foreign Business Act) ကို နိုင်ငံခြားခရီးသွားလုပ်ငန်းများက ချိုးဖောက်လျက်ရှိတဲ့ သံသယဖြစ်ဖွယ်ရာများ တွေ့ရှိနေကြောင်းနဲ့ အဆိုပါကိစ္စမှာ ပါဝင်ပတ်သက်ဖွယ်ရှိနေတဲ့ ကုမ္ပဏီတွေဖြစ်တဲ့ ဖူးခက်ဒေသရှိ ကုမ္ပဏီငါးခုကို စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးဌာနက စစ်ဆေးလျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

Zero-dollar Tour လို့ခေါ်တဲ့ ဈေးနှုန်းသက်သာစွာနဲ့ဆောင်ရွက်နေတဲ့ ခရီးသွားလုပ်ငန်းအုပ်စုများအကြောင်း ဝန်ကြီးချုပ်ထံ တိုင်ကြားစာများရောက်ရှိပြီးနောက်ပိုင်း အဲဒီအမှုကိစ္စကို ဖော်ထုတ်နိုင်ဖို့အတွက် အစိုးရဌာနနဲ့ အခြားအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးဖွံ့ဖြိုးမှုဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် ပွန်ပန်းဂဲရာဗီရီယာပန်းက မေ ၂ ရက်မှာ ပြောပါတယ်။

စစ်ဆေးရေးအဖွဲ့အနေနဲ့ ဒီလိုအက်ဥပဒေချိုးဖောက်မှုလုပ်ရပ်များကို မတွေ့ရသေးပေမယ့် ထိုင်းနိုင်ငံသားများထက်ပိုမိုကာ နိုင်ငံခြားသားများက ကုမ္ပဏီပိုင်ဆိုင်မှုကို ရာခိုင်နှုန်း ၅၀ ကျော်အထိရယူထားခြင်း ရှိမရှိ ကုမ္ပဏီတစ်ခုချင်းစီရဲ့ ဖွဲ့စည်းပုံများကို ဂရုတစိုက် လေ့လာလျက်ရှိပါတယ်။ ကုမ္ပဏီများကိုစစ်ဆေးတဲ့အခါမှာ ကုမ္ပဏီများအနေနဲ့ မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဧည့်လမ်းညွှန်များကို အသုံးပြုခြင်း၊ ခရီးစဉ်ဈေးနှုန်းများကို ပေးပို့မှုမရှိခြင်း၊ ခွင့်ပြုထားခြင်းမရှိတဲ့ နိုင်ငံခြားသားများကို ခန့်အပ်ခြင်းနဲ့ ဆေးဝါးတုများရောင်းချခြင်းအပါအဝင် အမှုတွဲပေါင်း ၃၀ ကို စစ်ဆေးတွေ့ရှိခဲ့ ပါတယ်။

Zero-dollar Package Tour များကို ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေက လက်တွေ့မှာတန်ဖိုးကြီးတဲ့ ခရီးစဉ်များနဲ့ ဝန်ဆောင်မှုတွေကို ဝယ်ယူအောင် သူတို့ရဲ့ ဖောက်သည်တွေကို ဖိအားပေးအမြတ်ထုတ်လျက်ရှိပါတယ်။

နိုင်ငံခြားသားများအတွက် အမည်ခံပေးခြင်းသို့မဟုတ် နိုင်ငံခြားသားများက တရားမဝင်ဆောင်ရွက်မှုကို အကူအညီပေးခြင်းမပြုရန် ပွန်ပန်းက ထိုင်းနိုင်ငံသားများကို သတိပေးထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဝါရှင်တန်

အမေရိကန်ပြည်ထောင်စုမှာ အလုပ်လက်မဲ့ခံစားခွင့် ကနဦးတောင်းခံမှုအဖြစ် လျှောက်ထားသူ ဦးရေက ဧပြီ ၃၀ ကုန်ဆုံးတဲ့ရက်သတ္တပတ်မှာ ၁၇၀၀၀ ဦးပိုမိုလာပြီး ၂၇၄၀၀၀ ဦးအထိ ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် ယခုလို တောင်းဆိုသူဦးရေသုံးသိန်းအောက်ရောက်ရှိခဲ့တာဟာရက်သတ္တပတ်ပေါင်း ၆၁ ပတ် ဆက်တိုက်ရှိခဲ့ကြောင်း မေ ၅ ရက်ကအလုပ်သမားဌာနက ထုတ်ပြန်တဲ့ စာရင်းများကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### ဂျကာတာ

အင်ဒိုနီးရှားနိုင်ငံရဲ့ ပထမသုံးလပတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၄ ဒသမ ၉၂ ရာခိုင်နှုန်းသာရှိခဲ့ပေမယ့် ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပိုမိုတိုးတက်ကောင်းမွန်တဲ့အတွက် နောက်လာမယ့်သုံးလပတ်မှာ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအလားအလာက ပိုမိုကောင်းမွန်မယ်လို့ ဘဏ္ဍာရေးဝန်ကြီး ဘမ်ဘန်းဘရိုဂျန်းဂိုရိုက ပြောကြောင်း အင်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

### ကွာလာလမ်ပူ

မလေးရှားနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းကို တစ်ရာခိုင်နှုန်းကျဆင်းမယ်လို့ စီးပွားရေးပညာရှင်များက ခန့်မှန်းထားပေးမယ့် စားအုန်းဆီ၊ လျှပ်စစ်နဲ့အီလက်ထရွန်းနစ်ပစ္စည်းတင်ပို့မှု မြင့်တက်ခဲ့တဲ့အတွက် မလေးရှားနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းမှာ မတ်လက သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ မတ် ၃ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

ထိုင်းနိုင်ငံမှာ အွန်လိုင်းမှတစ်ဆင့်ရောင်းဝယ်မှုများထွန်းကားလာပြီဖြစ်တဲ့အတွက် အွန်လိုင်းမှတစ်ဆင့် စီးပွားရေးလုပ်ဆောင်ပုံ လုပ်ဆောင်နည်းများကို လေ့ကျင့်ပေးနိုင်ရန် စီးပွားရေးဖွံ့ဖြိုးမှုဌာနမှ တာဝန်ရှိသူများကို အဖွဲ့ဖွဲ့၍ ပြည်နယ်အသီးသီးသို့စေလွှတ်ကာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများကို ကူညီပေးမှာဖြစ်ကြောင်း အဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ် ပွန်ပန်းဂီဟာရာပီရီယာပန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီးနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

**EAST AISA**

## စီးပွားရေးကျဆင်းမှုကို ရေရှည်ပြဿနာတစ်ရပ်အဖြစ် တောင်ကိုရီးယားလူမျိုးအများစုက ရှုမြင်

ဆက်လက်ဖြစ်ပွားနေဆဲဖြစ်တဲ့ စီးပွားရေးကျဆင်းမှုကို ရေရှည်အကျပ်အတည်းအဖြစ် တောင်ကိုရီးယားလူမျိုး ၁၀ ဦးအနက် ရှစ်ဦးကျော်က ရှုမြင်ထားပြီး အဆိုပါ ကျဆင်းမှုက နောက်ထပ် သုံးနှစ်ကျော်လောက်ကြာဦးမယ်လို့ မေ ၁ ရက်က ထုတ်ပြန်တဲ့ စစ်တမ်းအစီရင်ခံစာကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ကိုရီးယား စက်မှုလုပ်ငန်းများဖက်ဒရေးရှင်းကပြုလုပ်တဲ့ စစ်တမ်းအရ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုကို မောင်းနှင်ပေးမယ့် အင်ဂျင်သစ်မွေးဖွားနှုန်းကျဆင်းမှုနဲ့ သက်ကြီးရွယ်အိုလူဦးရေလျှင်မြန်စွာ တိုးတက်လာမှုကြောင့် ဖြစ်ရတဲ့ နိုင်ငံရဲ့ လူလတ်ပိုင်းလူဦးရေကျဆင်းမှုစတဲ့အချက်တွေ အပါအဝင် စီးပွားရေးအခြေခံတွေကြောင့် ပြည်တွင်းစီးပွားရေး ကျဆင်းရတာဖြစ်တယ်လို့ ယုံကြည်သူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။

ကျန်တဲ့ ၁၂ ဒသမ ၉ ရာခိုင်နှုန်းကတော့ တိုင်းပြည်စီးပွားရေးကျဆင်းမှုက ရေတိုမျှသာဖြစ်လိမ့်မယ်လို့ ပြောကြားပြီး တိုင်းပြည်စီးပွားရေးကျဆင်းနေတယ်လို့ဆိုတဲ့အချက်ကိုတော့ ၉၇ ရာခိုင်နှုန်းကျော်က ယုံကြည်နေကြပါတယ်။

စစ်တမ်းကို ဧပြီ ၆ ရက်မှ ၁၈ ရက်အကြား ကောက်ယူခဲ့ခြင်းဖြစ်ပြီး အသက် ၁၉ နှစ်နှင့်အထက်ရှိ တောင်ကိုရီးယား လူမျိုး ၈၀၀ ကိုစစ်တမ်းကောက်ယူခဲ့တာ ဖြစ်ပါတယ်။ စစ်တမ်းရဲ့ ယုံကြည်နိုင်မှုအဆင့်မှာ ၉၅ ရာခိုင်နှုန်းရှိပြီး မှားနိုင်တဲ့ အနေအထား (Margin of Error) က (+) သို့မဟုတ် (-) ၃ ဒသမ ၄၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ စီးပွားရေးကျဆင်းမှု ကြာမြင့်မည့်အချိန်နဲ့ပတ်သက်၍ ဖြေကြားရာမှာ ၆၆ ဒသမ ၇ ရာခိုင်နှုန်းက သုံးနှစ်သို့မဟုတ် အဲဒီထက်ပို၍ကြာမယ်လို့ ဖြေကြားပြီးတစ်နှစ်ကျော်မယ်။ ဒါပေမယ့်သုံးနှစ်ထက်မပိုဘူးလို့ ဖြေကြားသူက ၂၉ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။

**USA**

## လျော်ကြေး အမေရိကန်ဒေါ်လာ ၅၅ သန်းပေးရန် ဂျွန်ဆင်အင်ဂျွန်ဆင်ကုမ္ပဏီကို ဒုတိယအကြိမ်အမိန့်ချမှတ်




ခန္ဓာကိုယ် သန့်ရှင်းရေးအတွက် ကုမ္ပဏီကထုတ်လုပ်တဲ့ ပေါင်ဒါမှုန့်ကို အသုံးပြုရာမှာ သားအိမ်ကင်ဆာဖြစ်ပွားခဲ့ရကြောင်း တရားစွဲဆိုခဲ့တဲ့ အမှုအတွက် အမေရိကန်ဒေါ်လာ ၅၅ သန်းပေးရန် အမေရိကန်တရားသူကြီးက မတ် ၃ ရက်တွင် ဂျွန်ဆင်အင်ဂျွန်ဆင်ကုမ္ပဏီကို အမိန့်ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြခဲ့ပါတယ်။ ယခုစီရင်ချက်မှာ ကုမ္ပဏီအနေဖြင့် ဒုတိယအကြိမ် ဆက်တိုက်ရှုံးနိမ့်ရခြင်းဖြစ်ပြီး ဆက်လက်ပြီးအယူခံဝင်ဖို့ စီစဉ်ထားပါတယ်။ ကုမ္ပဏီက ထုတ်လုပ်တဲ့ ပေါင်ဒါမှုန့်များကြောင့် ကင်ဆာရောဂါဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့ အချက်ကို လုံလောက်စွာ သတိပေးခြင်းမရှိကြောင်း စွဲဆိုထားတဲ့ အမှုပေါင်း ၁၂၀၀ ကို ကုမ္ပဏီက ရင်ဆိုင်ဖြေရှင်းနေရပါတယ်။

တရားစွဲဆိုသူ အမျိုးသမီးအတွက်လျော်ကြေးအဖြစ်အမေရိကန်ဒေါ်လာ ၅ သန်း ခံစားခွင့်ပေးပြီး ပြစ်ဒဏ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၅၀ ပေးဆောင်ရန် တရားရုံးက ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

တရားရုံးစီရင်ချက်မှာ အသားအရေပြုပြင်မှုအတွက်သုံးတဲ့ ပေါင်ဒါမှုန့်နဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့တဲ့ နှစ် ၃၀ ကျော်သုတေသနပြုချက်များနဲ့ ယခုစွဲဆိုချက်က ကွာဟလျက်ရှိကြောင်း ဂျွန်ဆင်အင်ဂျွန်ဆင်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ကာရိုး ဂွတ်ထရစ်က ပြောပါတယ်။ ကုမ္ပဏီက ဆက်လက်အယူခံဝင်ပြီး ကုမ္ပဏီထုတ်ကုန်ရဲ့ ဘေးအန္တရာယ်ကင်းရှင်းမှုကို ကာကွယ်သွားမှာဖြစ်ကြောင်း သူမကပြောပါတယ်။

နာမည်ကျော် ဘေဘီပေါင်ဒါနဲ့ ရှိုးဝါးတူရှိုးဝါးပေါင်ဒါတွေ ပါဝင်တဲ့ ကန့်ကူဆံအခြေပြု ဂျွန်ဆင်အင်ဂျွန်ဆင်ပေါင်ဒါကို မျိုးပွားအင်္ဂါသန့်ရှင်းရေးအတွက် ဆယ်စုနှစ်ပေါင်းများစွာ သုံးစွဲခဲ့ကြောင်း တရားစွဲဆိုသူ ဂလော်ရီယာရစ်တက်ဆန်းက ပြောပါတယ်။ သူမရဲ့ရှေ့နေများအဆိုအရ သူမတွင် မျိုးပွားအင်္ဂါ ကင်ဆာရောဂါဖြစ်ပွားပြီး ခွဲစိတ်ကုသမှုများကို ခံယူခဲ့ရကြောင်းနဲ့ ယခုအခါရောဂါ ပျောက်ကင်းသွားပြီးဖြစ်ကြောင်း သိရပါတယ်။

**SOUTH ASIA**

## ဧပြီလအတွင်း အိန္ဒိယပုဂ္ဂလိက ကဏ္ဍ လုပ်ငန်းဖွံ့ဖြိုးမှုနှုန်းနေးကွေး

ကုန်ချောထုတ်လုပ်မှု လုပ်ငန်းအတော်များများ တုံ့ဆိုင်းနေချိန်မှာ ဝန်ဆောင်မှုကဏ္ဍ စီးပွားရေးလုပ်ငန်းများရဲ့ ဝင်ငွေရရှိမှုနှုန်းကပါ နှေးကွေးနေတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ ပုဂ္ဂလိကဝန်ဆောင်မှုကဏ္ဍရဲ့ လုပ်ငန်းဆောင်ရွက်မှုများက ဧပြီအတွင်းမှာ အေးနေပါတယ်။ ဒါကြောင့် အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်း ထပ်မံလျှော့ချတာကို ကန့်ကွက်မှုများရှိနေကြောင်း ကက်ရှ်မီးယားမော်နီတာ ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ကုန်ချောထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍများကို တိုင်းတာဖော်ပြတဲ့ အညွှန်းကိန်းတစ်ခုဖြစ်တဲ့ Nikkei India Composit PMI Output Index က မတ်လအတွင်းက ၃၇ လအတွင်း အမြင့်ဆုံးဖြစ်တဲ့ ၅၄ ဒသမ ၃ မှတ်ကနေ ဧပြီမှာ ၅၂ ဒသမ ၈ မှတ်အထိကျဆင်းခဲ့ပါတယ်။ ဒါဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပုဂ္ဂလိကကဏ္ဍရဲ့ တိုးတက်မှုနှုန်းအားနည်းနေတာကို ပြသလျက်ရှိပါတယ်။

"မတ်အတွင်းက အိန္ဒိယပုဂ္ဂလိကကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကသုံးနှစ်ကျော်ကာလအတွင်း အရှိန်အဟုန်အမြင့်ဆုံးအဖြစ် မြင့်တက်ခဲ့ရာမှ ဧပြီမှာ ပြန်လည်ကျဆင်းခဲ့ပါတယ်"လို့စစ်တမ်းပြုစုတဲ့ မားကက်အေဂျင်စီမှ စီးပွားရေးပညာရှင်ပိုဂျန်နာ ဒီလီမာက ပြောပါတယ်။ ဝယ်လိုအားတွေလျော့ကျနေချိန်မှာ ကုန်ချောထုတ်လုပ်သူတွေက လုပ်ငန်းတွေ တိုးတက်ခိုင်မာအောင်ဆောင်ရွက်ရာမှာ အဆမတန်ရုန်းကန်ဆောင်ရွက်နေရကြောင်း လီမာကပြောပါတယ်။ စီးပွားရေးလုပ်ငန်းအညွှန်းကိန်းဖြစ်တဲ့ Nikkei Services Business Activity Index ကလည်း မတ်မှာ ၅၄ ဒသမ ၃ မှတ်ရှိရာမှာ ဧပြီမှ ၅၃ ဒသမ ၇ မှတ်အထိ ကျဆင်းခဲ့ပါတယ်။

**EU**

## အီးစီဘီက ယူရို ၅၀၀ တန် ငွေစက္ကူ ထုတ်လုပ်မှု ရပ်ဆိုင်းမည်

ခရမ်းရောင်နဲ့ ထုတ်လုပ်ထားတဲ့ ယူရိုငွေစက္ကူများကို ငွေကြေးခဝါချလိုသူတွေနဲ့ အကြမ်းဖက်သမားတွေက သဘောကျလာမှာကို စိုးရိမ်ရတဲ့အတွက် ယူရို ၅၀၀ တန်ငွေစက္ကူထုတ်လုပ်တာကို ရပ်ဆိုင်းတော့မှာ ဖြစ်ကြောင်း ဥရောပဗဟိုဘဏ် (အီးစီဘီ) က မေ ၄ ရက်က ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါ တယ်။

လောလောဆယ် လှည့်လည်သုံးစွဲနေတဲ့ငွေကြေးတွေက တရားဝင်အဖြစ် ဆက်လက်တည်ရှိနေပေမယ့် ဗဟိုဘဏ်ကနေ ယူရို ၅၀၀ (အမေရိကန်ဒေါ်လာ ၅၈၀) တန်စက္ကူတွေထုတ်လုပ်မှုကိုရပ်ဆိုင်းမှာ ဖြစ်ပါတယ်။ ဒီငွေကြေးတွေက တရားမဝင်ဆောင်ရွက်မှုတွေအတွက် လွယ်ကူစေနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုကြောင့် ဖျက်သိမ်းပစ်ဖို့ဆုံးဖြတ်ပြီးနောက်ပိုင်း လက်ရှိသုံးစွဲနေတဲ့ ငွေတွေကိုအမျိုးသားဗဟိုဘဏ်တွေမှာ အချိန်အကန့်အသတ်မရှိလဲလှယ်နိုင်ကြောင်း အီးစီဘီက ပြောပါတယ်။

ငွေကြေးသုံးစွဲမှု နယ်မြေတစ်ခုအတွင်းမှာ တန်ဖိုးသတ်မှတ်ချက်အများဆုံးက ၁၀၀၀ တန် ဆွစ်ဖရန့် (အမေရိကန်ဒေါ်လာ ၁၀၄၅ နဲ့ ယူရို ၉၁၀) ဖြစ်ပါတယ်။ တန်ဖိုးများတာနဲ့အမျှ သက်ဆိုင်ရာအာဏာပိုင်တွေမသိဘဲ ငွေတွေအများကြီးကိုလွယ်ကူစွာသယ်ယူနိုင်တဲ့အတွက် ပြစ်မှုကျူးလွန်သူများအကြိုက်ဖြစ်စေခဲ့ပါတယ်။

"ဒီငွေမျိုးအသုံးပြုခြင်းအားဖြင့် ငွေကြေးလုပ်ဆောင်ချက် (Transaction) များအတွက် မှတ်တမ်းမရှိခြင်း၊ ငွေတန်ဖိုး အများကြီးကို သယ်ယူပို့ဆောင်ရွှေ့ပြောင်းရတာ လွယ်ကူမှုရှိခြင်းစတဲ့ အချက်တွေကြောင့် တရားမဝင်လုပ်ငန်းကိုဆောင်ရွက်နေ သူတွေအတွက် ငွေပေးချေရာမှာ အကြိုက်တွေ့စေခဲ့ ပါတယ်"လို့ မကြာသေးမီက ထုတ်ပြန် ခဲ့တဲ့ ဟားဗတ်တက္ကသိုလ်ရဲ့ လေ့လာချက်အစီရင်ခံစာမှာ ဖော်ပြပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန် စီးပွားရေးအပေါ် ယုံကြည်မှုရှိခြင်းနဲ့ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှု နှုန်းနှေးကွေးမှုကြောင့် စွန့်စားရမယ့် အန္တရာယ်များ မြင့်မားလျက်ရှိနေတာကြောင့် မေ ၅ ရက်မှာဒေါ်လာ တန်ဖိုးမြင့်တက်လာပြီး ထွန်းသစ်စ ငွေကြေးအများစုရဲ့ တန်ဖိုးတွေကျဆင်းလာခဲ့ပါတယ်။ တောင်ကိုရီးယားနဲ့ ထိုင်းနိုင်ငံတို့ အပါအဝင် အာရှနိုင်ငံအချို့ရဲ့ ဈေးကွက်တွေ အားလပ်ရက်အဖြစ်ပိတ်ထားတဲ့အတွက် ထွန်းသစ်စ အာရှနိုင်ငံများရဲ့ ဘဏ္ဍာရေးဈေးကွက်အားလုံးခြုံကြည့်ရင် အရောင်းအဝယ်ပါးခဲ့တယ်လို့ သိရပါတယ်။

အမေရိကန် ပြည်ထောင်စုမှာ ကုန်အမှာစာသစ်တွေနဲ့ အလုပ်အကိုင်ရရှိမှုတွေမြင့်မားလာတဲ့အတွက် ပထမသုံးလပတ်မှာ အမေရိကန်စီးပွားရေး တန့်နေရာမှ ပြန်လည်ဦးမော့လာမယ့် လက္ခဏာတွေကို တွေ့ရပါတယ်။ တရုတ်နိုင်ငံရဲ့ ဝန်ဆောင်မှုကဏ္ဍရှိ ကုမ္ပဏီတွေက ဧပြီမှာ လုပ်ငန်းကျဆင်းမှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးကျဆင်းတာကို စိုးရိမ်နေရဆဲဖြစ်တဲ့အတွက် အာရှရှယ်ယာ ဈေးကွက်တွေ ခုနစ်ရက်ဆက်တိုက် ကျဆင်းခဲ့သလို အာရှငွေကြေးတန်ဖိုးတွေ အားနည်းနေခဲ့ဖြစ်ပါတယ်။

### တရုတ်ယွမ်

ဒေါ်လာနဲ့ဖလှယ်ရာမှာ တရုတ်ယွမ်ငွေကြေးတန်ဖိုးက ယခုရက်သတ္တပတ်အစနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ထူးခြားတာက တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေးတန်ဖိုးကို မေ ၅ ရက်က ဒုတိယနေ့အဖြစ် ဆက်တိုက်တန်ဖိုးချခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်က ယွမ်ငွေ ကြေးတန်ဖိုးရဲ့ နေ့စဉ်သတ်မှတ်နှုန်းအဖြစ် တစ်ဒေါ်လာကို ၆ ဒသမ ၅၁၂၈ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။ တန်ဖိုးအားဖြင့် သုည ဒသ ၂၈ ရာခိုင်နှုန်း ကျဆင်းပြီး မတ် ၂၈ ရက်နောက်ပိုင်းအနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

### အိန္ဒိယရူပီး

ပြည်ပမှာ အမေရိကန် ငွေကြေးတန်ဖိုးမြင့်တက်နေချိန်မှာ အိန္ဒိယနိုင်ငံမှ အပြင်ဘက်သို့ ငွေကြေးစီးထွက်မှုဆက်တိုက်ဖြစ်ပေါ်နေတဲ့အတွက် မေ ၆ ရက် နံနက်ပိုင်းက ဒေါ်လာနဲ့ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုည ဒသမ ၀၇ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၂၆၂ ရူပီးနှုန်း ရှိခဲ့ပါတယ်။ အမေရိကန်ဒေါ်လာကို ပို့ကုန်လုပ်ငန်းများနဲ့ဘဏ်များက တိုးမြှင့်ဝယ်ယူလာခြင်းနဲ့ ပြည်တွင်းရှယ်ယာဈေးကွက်ကျဆင်းခြင်းတို့က ရူပီးကျဆင်းမှုကို အထောက်အကူ ဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

ယန်းငွေတန်ဖိုးမြင့်တက်နေတာကို ထိန်းသိမ်းနိုင်ဖို့အတွက် ကြားဝင်ဆောင်ရွက်ဖို့ ဂျပန်ဝန်ကြီးချုပ်က ခွင့်ပြုချက်ပေးပြီးနောက်ပိုင်း ငွေကြေးဝယ်ရောင်းသမားများက အမေရိကန် အလုပ်အကိုင် အခြေအနေကို စောင့်ကြည့် အကဲခတ်နေတဲ့အတွက် မေ ၆ ရက်မှာ ဒေါ်လာတန်ဖိုးကို ဆက်လက်မြင့်တက်ခဲ့ပါတယ်။

တိုကျိုမှာ ငွေလဲနှုန်းကတစ်ဒေါ်လာကို ၁၀၇ ဒသမ ၁၁ ယန်းရှိတဲ့အတွက် နယူးယောက်မှာရှိခဲ့တဲ့ ၁၀၇ ဒသမ ၂၆ ယန်းနှုန်း အောက်အနည်းငယ်သာ ကျဆင်းပါတယ်။ ဒါပေမယ့် မေ ၃ ရက်ကရှိခဲ့တဲ့ ၁၀၅ ဒသမ ၅၅ ယန်းနှုန်းထက် မြင့်တက်နေဆဲဖြစ်ပါတယ်။ ယူရိုတန်ဖိုးက တစ်ယူရိုကို တိုကျိုမှာ ၁ ဒသမ ၁၄၀၆ ဒေါ်လာနဲ့ နယူးယောက်မှာ ၁ ဒသမ ၁၄၀၄ ဒေါ်လာနှုန်းရှိခဲ့တဲ့အတွက် မေ ၃ ရက်ကရှိခဲ့တဲ့ တစ်ယူရို ၁ ဒသမ ၁၆ ဒေါ်လာနှုန်းအောက် ကျဆင်းခဲ့ပါတယ်။ ယူရိုတန်ဖိုးက ယန်းငွေနဲ့ ဖလှယ်ရာမှာ တိုကျိုမှာ ၁၂၂ ဒသမ ၁၄ ယန်းရှိပြီး နယူးယောက်မှာ ၁၂၂ ဒသမ ၃၂ ယန်းရှိပါတယ်။

### မလေးရှားရင်းဂစ်

အမေရိကန်ဒေါ်လာ တန်ဖိုးအတက်အကျကို ခန့်မှန်းဆုံးဖြတ်နိုင်ဖို့အတွက် အမေရိကန်နိုင်ငံရဲ့ အလုပ်အကိုင် ကိန်းဂဏန်းများထုတ်ပြန်ချက်ကို ကုန်သည်များကစောင့်ကြည့်အကဲခတ်နေတဲ့အတွက် မေ ၆ ရက်မှာ ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး အနည်းငယ်ကျဆင်းခဲ့ပါတယ်။

ဒေါ်လာ ရင်းဂစ် ဖလှယ်နှုန်းက မေ ၅ ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၀၂၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၂ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၀၈၀ ရင်းဂစ်နှုန်းရောက်ရှိပြီး ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။ ရင်းဂစ်ငွေကြေးကအခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အတက်အကျ အမျိုးမျိုးရှိနေပါတယ်။

### တောင်ကိုရီးယားဝမ်

တောင်ကိုရီးယားမှာ အားလပ်ရက်အဖြစ် ပိတ်ရက်လေးရက် မပိတ်မီ မေ ၃ ရက်မှာ ရင်းနှီးမြှုပ်နှံသူတွေက အခြေအနေကို စောင့်ကြည့်နေတဲ့အတွက် တောင်ကိုရီးယား စတော့ဈေးတွေကျဆင်းခဲ့ပါတယ်။ တောင်ကိုရီးယားဝမ်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ ၁၄ ဒသမ ၁ ဝမ်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၅၄ ဒသမ ၃၀ ဝမ်နှုန်း ရှိခဲ့ပါတယ်။

### ထိုင်းဘတ်

မေ ၆ ရက်မှာ ထိုင်းဈေးကွက်တွေကိုအားလပ်ရက်အဖြစ် ပိတ်ထားပါတယ်။ ရိုက်တာသတင်းဌာနမှာ ဖော်ပြတဲ့သတင်းအရ ထိုင်းဘတ်ငွေဈေးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ အတက်အကျမရှိဘဲ တစ်ဒေါ်လာကို ၃၅ ဒသမ ၁၇ ဘတ်နှုန်း ရှိခဲ့ပါ တယ်။ ၂၀၁၅ ခုနှစ် နှစ်ကုန်ကနဲ့ နှိုင်းယှဉ်ရင် ၂ ဒသမ ၃၆ ရာခိုင်နှုန်း မြင့်တက်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ငွေကြေးရိုက်နှိပ် ထုတ်ဝေခွင့် အာဏာကို တောင်ကိုရီးယား ဗဟိုဘဏ်က သတိထားအသုံးပြုမည်

ကော်ပိုရေးရှင်းများ ပြန်လည်ဖွဲ့စည်းတည်ဆောက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဗဟိုဘဏ်ရဲ့ ငွေကြေးရိုက်နှိပ်ထုတ်ဝေခွင့်အာဏာကို ဂရုစိုက် အသုံးပြုသွားဖို့ တောင်ကိုရီးယား ဗဟိုဘဏ် BOK အုပ်ချုပ်ရေးမှူး လီဂျူယောင်းက သတိပေးပြောကြားခဲ့ကြောင်း ယွန်းဟပ်သတင်းမှာဖော်ပြပါတယ်။



လီက ဂျာမနီနိုင်ငံမှာ ကျင်းပနေတဲ့ ၁၉ ကြိမ်မြောက် အာဆီယံ+၃ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများ အစည်းအဝေးကို တက်ရောက်လျက်ရှိပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ ကော်ပိုရေးရှင်းများ ဖွဲ့စည်းမှုပြန်လည်တည်ဆောက်ရေး အစီအစဉ်ရဲ့ ရည်ရွယ်ချက်က ဗဟိုဘဏ်ရဲ့ ငွေကြေးဆုံးရှုံးနိုင်မှု အခြေအနေကို အနိမ့်ဆုံးဖြစ်အောင် ထိန်းသိမ်းထားဖို့ဖြစ်ကြောင်း အဲဒီအစည်းအဝေးရဲ့ အလွတ်သဘော တွေ့ဆုံပွဲမှာ လီက သတင်းထောက်တွေကို ပြောပါတယ်။ “ငွေကြေးရိုက်နှိပ်ထုတ်ဝေနိုင်တဲ့ ဗဟိုဘဏ်ရဲ့ အခွင့်အာဏာကို အသုံးပြုဆောင်ရွက်မယ်ဆိုရင် ကြောင်းကျိုးညီညွတ်ပြီးဘဏ်ရဲ့ ငွေကြေးဆုံးရှုံးနိုင်မယ့်အခြေအနေ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒါက ကျွန်တော်တို့ရဲ့အခြေခံမူဖြစ်ပါတယ်” လို့ လီကပြောပါတယ်။

ဒီလိုရိုက်နှိပ်ထုတ်ဝေမယ့်အစားဘဏ်ရဲ့ မတည်ရင်းနှီးငွေ ပြန်လည်ဖြည့်ဆည်းရေးရန်ပုံငွေကို အသုံးပြုဖို့လိုကြောင်း၊ ဘဏ်တွေရဲ့ ကြံ့ခိုင်မှုနဲ့ တိုင်းပြည်စီးပွားရေး အထောက်အကူပြုမှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးဖို့ ၂၀၀၉ ခုနှစ်က ဆောင်ရွက်ခဲ့တဲ့ ရန်ပုံငွေသုံးစွဲမှုကိုရည်ညွှန်းပြီး သူကပြောပါတယ်။

## ဘဏ်လိုင်စင်ထုတ်ပေးရန်အတွက် အိန္ဒိယဗဟိုဘဏ်က အမြဲတံခါးဖွင့်ထားမည်

ကမ္ဘာ့အဆင့်မီ တင်းပြည့်ဘဏ်များ ဖွင့်လှစ်ရန် လျှောက်ထားမှုများကို လက်ခံရန်အတွက် အမြဲတမ်းတံခါးဖွင့်ထားမယ်လို့ အိန္ဒိယဗဟိုဘဏ်ကပြောကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။ ဗဟိုဘဏ်က ယခင်က ချမှတ်ထားတဲ့ နည်းလမ်းများအနက် အဓိကအားဖြင့် ပြောင်းလဲမှုနှစ်ခုကို ပြုလုပ်ပေးခဲ့ပါတယ်။ ကုမ္ပဏီကြီးများကို ဘဏ်သစ်ဖွင့်ခွင့်မပေးဘဲ တစ်သီးပုဂ္ဂလဖွင့်လှစ်မည့်သူများကိုသာ ဖွင့်ခွင့်ပေးခဲ့တာ ဖြစ်ပါတယ်။ စောစောပိုင်းကမူ ဘဏ်ဖွင့်လှစ်မည်ဆိုပါက ဦးပိုင်ကုမ္ပဏီတစ်ခုကို ဖွင့်လှစ်ထားရမှာဖြစ်ပေမယ့် တစ်သီးပုဂ္ဂလ ဘဏ်ဖွင့်မည့်သူများက ထိုသို့ဖွင့်လှစ်ရန်မလိုကြောင်း အဲဒီသတင်းမှာ ဖော်ပြပါတယ်။ ကုမ္ပဏီကြီးများကို ဘဏ်သစ်ဖွင့်ခွင့်မပေးပေမယ့် ဘဏ်အသစ်ထဲမှာ ၁၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံခွင့်ပေးထားပါ တယ်။

စောစောပိုင်းက ဘဏ်လိုင်စင်ချပေးရာမှာ ချမှတ်ထားတဲ့ စံနှုန်းသတ်မှတ်ချက်အရ ဘဏ်ဖွင့်လှစ်မယ့်သူက ဦးပိုင်ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်ထားဖို့လိုအပ်ပါတယ်။ ယခုလမ်းညွှန်မှုကြမ်းမှာ ဘဏ်သစ်ဖွင့်မယ့်သူက ဦးပိုင်ကုမ္ပဏီရဲ့ ရှယ်ယာ ၅၁ ရာခိုင်နှုန်းကိုသာ ပိုင်ဆိုင်ဖို့ လိုအပ်ပါတယ်။

ယခုဘဏ်သစ်ထူထောင်ရာတွင် ယခင်ကကဲ့သို့ပင် ဘဏ်ကစီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်တဲ့အချိန်မှ ခြောက်နှစ်အတွင်း စတော့အိပ်ချိန်းမှာ မှတ်ပုံတင်ဖို့လိုအပ်ပါမယ်။ ဘဏ်သစ်တွေက ဘဏ်ခွဲအသစ်တွေ ဖွင့်လှစ်မယ်ဆိုရင် ၂၅ ရာခိုင်နှုန်းကို ဘဏ်လုပ်ငန်းဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ ကျေးလက်ဒေသတွေမှာ ဖွင့်လှစ်ပေးရမှာ ဖြစ်ပါတယ်။




# THU THU HAN THAR CO.,LTD.

| | | | | |
|---|---|---|---|---|
| Mitsubishi Canter Double Cab (10ft)<br>Manual (2005 - 2008)<br>- 2000 CC<br>Gasoline - - - သိန်း<br>- 3000 CC<br>Diesel 135 သိန်း | Mitsubishi Canter Pick up (10ft)<br>Manual (2005 - 2010)<br>- 2000 CC<br>Gasoline 140 သိန်း<br>- 3000 CC/ 5000 CC<br>Diesel 165-180 သိန်း | Toyota Dyna Double Cab (10ft)<br>Manual (2005 - 2008)<br>- 2000 CC (1.5 Ton အောက်)<br>Gasoline ---- သိန်း<br>- 2500 CC (1.5 Ton အောက်)<br>Diesel 135 သိန်း | Toyota Dyna Pick up (10ft) (MDY)<br>Manual (2005, 2006, 2007, 2008)<br>- 2500 CC (1.5 Ton)<br>Diesel 155 သိန်း<br>Gasoline 130 သိန်း | Mitsubishi Canter Pick up (14-15ft)<br>Manual (2006 - 2007)<br>- 5000 CC (3 ton - 3.5 ton)<br>Diesel 220-240 သိန်း<br>ရှေ့လေး နောက်လေး<br>တန်ကြီး |
| Nissan Vanette/ Mazda Bongo<br>Manual (2005, 2010)<br>- Gasoline 850kg 125 သိန်း<br>1000kg 120-135 သိန်း<br>- Diesel 850kg 115-130 သိန်း<br>1000kg 130-140 သိန်း | Daihatus Hijet (PS, AC) အစုံ<br>- Manual (2005 - 2010)<br>68 သိန်း - 75သိန်း<br>- Auto (2005)<br>75 သိန်း | Daihatsu Hijet (MDY)<br>(Box)<br>Auto (2009)<br>650 CC<br>Petrol, PS, AC,<br>2WD<br>75 သိန်း | Subaru Sambar (MDY)<br>Manual (2005-2008)<br>650CC, Petrol<br>PS, AC, 4WD<br>60-65 သိန်း | Subaru Sambar (YGN)<br>(Box)<br>Auto (2008)<br>650CC, Petrol<br>PS, AC<br>70 သိန်း |

**လက်ကားဈေးဖြင့်လည်း ဝယ်ယူနိုင်ပါသည်။**

**Autocom Japan ကားကုမ္ပဏီသို့ ငွေလွှဲလက်ခံသည်**

ရန်ကုန်ရုံး – L-3(A)၊ နွယ်သာကီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (မြဝတီဘက်ရှေ့)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၆၈၆၃၉၈၊ ၆၈၃၅၇၂၊ ၆၈၃၆၄၄၊ ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၈၅၅၀၁၂၉၃၄၊ ၀၉ ၇၉၅၀၁၂၉၃၄၊
Email : okcashewnut1@hotmail.com

ရန်ကုန်ရုံးခွဲ – အမှတ်(၁၉)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် (၁၀၉)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၁၁၂၈၀၁၉

ထားဝယ်ရုံးခွဲ – အမှတ်(၁၅/၁၇)၊ ကမြောကင်းလမ်း၊ ဆန်းချိုရပ်၊ ထားဝယ်မြို့။ ဖုန်း – ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၂၂၀၁၁၈၃

## "OK" သီဟိုဠ်စေ့ရောင်းဝယ်ရေး

အမှတ်(၄/၃၈)၊ နွယ်သာကီလမ်း၊
ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ : ၀၁-၆၈၃၆၄၄၊ ၆၈၆၃၉၈၊ ၆၈၃၅၇၂
: ၀၉-၅၀၁၂၉၃၄၊ ၀၉၉၇-၅၀၁၂၉၃၄

E-mail : okcashewnut1@hotmail.com
okcashewnut@myanmar.com.mm



jpm JPM
SERVICES CO.,LTD
Email : jpmautocenter@gmail.com
Web : www.jpmmotors.com
SUMMER
Let's enjoy with Us!
နွေရာသီ အားလပ်ရက်များမှာ ခရီးသွား လည်ပတ်ချင်သူများအတွက် ကားကောင်း ကားသန့် အမျိုးအစားအစုံကို ဂျပန်နိုင်ငံမှ
တိုက်ရိုက်မှာယူတင်သွင်းရောင်းချပေးနေပါသဖြင့် လာရောက်ကြည့်ရှုဝယ်ယူနိုင်ရန် မိတ်ဟောင်း မိတ်သစ်များကို ဖိတ်ခေါ်ပါရစေ...
အမှတ်(42/A)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
(5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့)
HOT LINE
09 25 300 8800
MINN THU TA
TRADING
YOUR BEST JAPANESE CAR BUSINESS PARTNER
ကျွန်ုပ်တို့၏ JPC Trade မှ
◆ လေလံချိန် နီးကပ်သည်အထိ ဈေးတင်၍ရခြင်း၊
◆ သင်္ဘောတင်ခ သက်သာခြင်းနှင့် မြန်ဆန်ခြင်း၊
◆ လေလံအောင်ပြီး ဆိပ်ကမ်းရောက်ကားဓာတ်ပုံများ ပြည့်စုံစွာဖော်ပြထားခြင်း၊
◆ လေလံစဆွဲချိန်မှ သင်္ဘောတင်ပြီး BL လက်ဝယ်ရရှိချိန်ထိ အဆင့်ဆင့်ကို
မိမိကွန်ပျူတာတွင် အစအဆုံး Live မြင်တွေ့နိုင်ခြင်း၊
◆ ပေါ်ခြွေပြုဗွာသော အရောင်းဝန်ထမ်းများမှ အကောင်းဆုံး ဝန်ဆောင်မှုများပေးခြင်း နှင့်
◆ အခြားအခြားသော အထူးဝန်ဆောင်မှုများဖြင့် အမြဲမပြတ် လူကြီးမင်းတို့အား
စိတ်ကျေနပ်မှုအပြည့်အဝ ပေးနေသောကြောင့် ကျွန်ုပ်တို့၏ JPCTRADE တွင်
Free Register လုပ်ခြင်းဖြင့် အကျိုးကျေးဇူးများကို ယခုပင် ခံစားကြည့်ပါ။
JPCTRADE
Japanese Partner for your Car
WWW.JPCTRADE.COM.MM
TO ACCESS JAPANESE AUCTIONS
FREE REGISTER
Yangon Branch
Room No. 102, 1st Floor, Bldg-D, 212,
Shwe Gon Dine Tower, Bahan Township, Yangon.
09 448026203, 09 450006407
Mandalay Branch
No. 3 - 12 / 91, Corner of 36 x 40,
Maha Aung Myay Township, Mandalay.
09 254922299, 09 979069640
Japan-Myanmar
Sales Team Hotline
+81-80-2392-7433

# ၂၀၁၆ ခုနှစ်မှာ စင်ကာပူရှိ လုပ်ငန်းကဏ္ဍငါးခုတွင် လစာကောင်းရမည်

သုတေသနလုပ်ငန်း ကယ်လီဆားဗစ်ရဲ့ အစီရင်ခံစာသစ်အရ ယခုနှစ် စင်ကာပူနိုင်ငံမှာ သတင်းအချက်အလက် နည်းပညာ (အိုင်တီ)၊ စာရင်းကိုင်၊ အရောင်းနဲ့ စျေးကွက်ရှာဖွေရေး၊ ဘဏ်နဲ့ ဘဏ္ဍာရေးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ သက်ရှိသိပ္ပံစတဲ့ ကဏ္ဍငါးခုမှာရှိတဲ့ အလုပ်အကိုင်များက လစာကောင်းရမယ့်လုပ်ငန်းတွေဖြစ်ကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။



ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နဲ့ ရေနံဓာတုပစ္စည်း၊ ဆေးဝါးနဲ့တစ်ပိုင်း လျှပ်ကူးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသုံးမျိုးက ယခင်နှစ်ကထိပ်တန်းလုပ်ငန်းကဏ္ဍ ငါးခုစာရင်းထဲမှာ ပါဝင်ခဲ့ပေမယ့် ကုန်စည်နဲ့ ကုန်ထုတ်လုပ်မှုလုပ် ငန်းထုတ်ကုန်တွေရဲ့ ကမ္ဘာ့ဝယ်လိုအားကျဆင်းမှုကြောင့် ယခုနှစ်မှာ ပါဝင်ခြင်းမရှိတော့တာကို တွေ့ရပါတယ်။

Kelly Singapore 2016 Salary Guide အစီရင်ခံစာအရ အိုင်တီလုပ်ငန်းက ၂၀၁၆ ခုနှစ်စာရင်းမှာ ထိပ်ဆုံးကပါဝင်နေပြီး နည်းပညာလုပ်ငန်းမှာ ဦးဆောင်သူတွေရဲ့ လစာက တစ်လကို စင်ကာပူဒေါ်လာ ၁၃၀၀၀ နဲ့ ၂၄၀၀၀ အကြားရရှိမယ်လို့ ခန့်မှန်းထားပါတယ်။ သတင်းအချက်အလက် ဆက်သွယ်ရေးကဏ္ဍ တိုးတက်ရေးအတွက် အစိုးရက အားသွန်ခွန်စိုက်ကြိုးပမ်းမှုကလည်း အိုင်တီလုပ်ငန်းကို လစာအကောင်းဆုံးလုပ်ငန်းတွေထဲမှာ ပါဝင်စေတဲ့ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သုတေသနအဖွဲ့ကဆိုပါတယ်။

လုပ်ငန်းသဘာဝအရ ၂၀၁၆ ခုနှစ်မှာ အရေးပါလာနိုင်တဲ့ လုပ်ငန်းတွေက စေ့စပ်ညှိနှိုင်းရေးမန်နေဂျာ၊ ဘဏ္ဍာရေးနည်းပညာ၊ ဒေတာအချက်အလက်များစုဆောင်းသူ၊ ဒစ်ဂျစ်တယ် စျေးကွက်ရှာဖွေရေး မန်နေဂျာနဲ့ ကြီးကြပ်ထိန်းသိမ်းမှုဆိုင်ရာ ကျွမ်းကျင်သူများဖြစ်ပါတယ်။

"ကမ္ဘာ့စီးပွားရေးမှာ စိန်ခေါ်မှု တွေရှိနေပေမယ့် ဘဏ္ဍာရေးဆိုင်ရာနည်းပညာ၊ ဒေတာအချက်အလက်များ စုဆောင်းရေးစတဲ့ လုပ်ငန်းတွေမှာ အလားအလာကောင်းတွေ ရှိနေပါတယ်။ ကျွမ်းကျင်သူတွေလိုအပ်နေတဲ့ ဒစ်ဂျစ်တယ်စျေးကွက်ရှာဖွေရေးလုပ်ငန်းများကလည်း ၂၀၁၆ ခုနှစ်တစ်နှစ်လုံးမှာ ဆက်လက်တိုးတက်နေဦးမှာ ဖြစ်ပါတယ်"လို့ Kelly Services Singapore ရဲ့ ဒုတိယဥက္ကဋ္ဌနဲ့ စင်ကာပူနိုင်ငံဆိုင်ရာ အထွေထွေမန်နေဂျာ ဖူးဆီယန်းက ပြောပါတယ်။

အသိပညာရှင်များ၊ မန်နေဂျာများ၊ အမှုဆောင်များနဲ့ နည်းပညာရှင် (PMETs) များမှာ စီးပွားရေးကျဆင်းမှုဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့် ဆက်လက်ရှင်သန်နိုင်ရေးအတွက် မိမိတို့ကျွမ်းကျင်မှုကိုမြှင့်တင်ဖို့နဲ့ ဖွံ့ဖြိုးမှုနယ်ပယ်သစ်တွေနဲ့ဆိုင်တဲ့ သူတို့ရဲ့ စွမ်းရည်တွေပြည့်ဝအောင် ကြိုးစားကြဖို့လိုတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့စီးပွားရေး မတည်မငြိမ်ဖြစ်နေတဲ့အတွက် လုပ်သားလိုအပ်ချက်ကိုဖြည့်ဆည်းရာမှာ ယာယီလုပ်ငန်းနဲ့ ကန်ထရိုက်လုပ်ငန်းအဖြစ်သာ ငှားရမ်းဆောင်ရွက်တဲ့အလုပ်ရှင်တွေ ပိုမိုများပြားလာကြောင်း သုတေသနအဖွဲ့က ပြောပါတယ်။

**ညဏ်တင်**





Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 9th May 2016

<< April And May Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.30 | 1.55 | 1.90 | 2.20 | 3.50 | | | | 29.4.2016 | 28.4.2016 | 27.4.2016 | | | 9.5.2016 | 13.5.2016 | |
| | S/O CUT | | | | | | | 25.4.2016 | 24.4.2016 | 23.4.2016 | | | | | |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | 17.5.2016 | 16.5.2016 | 19.5.2016 | | 29.5.2016 | 3.6.2016 | |
| | S/O CUT | | | | | | | | 13.5.2016 | 12.5.2016 | 15.5.2016 | | | | |
| MV.CITY OF MUMBAI V.31 | 1.55 | 1.90 | 2.20 | 3.50 | | | | 6.6.2016 | 7.6.2016 | 8.6.2016 | | | 18.6.2016 | 22.6.2016 | |
| | S/O CUT | | | | | | | 2.6.2016 | 3.6.2016 | 4.6.2016 | | | | | |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | | | | | | | |
| | S/O CUT | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioni Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။